# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၇ ခုနှစ် ၊ ဝါခေါင်လဆန်း (၄)ရက် ၊ တနင်္လာနေ့ ၊ (28-7-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၈၈၉)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများ ထုတ်ပြန်ကြေညာ

## မန္တလေးတိုင်းဒေသကြီးတွင် ဖြေဆိုအောင်မြင်သူ ၁၆၇၆၆ ဦးရှိပြီး အောင်မြင်မှုရာခိုင်နှုန်းမှာ ၄၉ ဒသမ ၆၂ ရာခိုင်နှုန်းရှိ




မန္တလေးမြို့ရှိ စာစစ်ဌာနဖွင့်လှစ်သောကျောင်းများ၌ တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများကို ထုတ်ပြန်ကြေညာပေးခဲ့ရာ ကျောင်းသား၊ ကျောင်းသူများ စိတ်အားထက်သန်စွာလာရောက်ကြည့်ရှုကြစဉ်။

**မန္တလေး ဇူလိုင် ၂၇**

၂၀၂၅ ခုနှစ် မတ်လတွင် ကျင်းပခဲ့သည့် တက္ကသိုလ်ဝင်စာမေးပွဲနှင့် မန္တလေးငလျင်ကြီးဘေးဒဏ်ခံခဲ့ရသည့် တိုင်းဒေသကြီးနှင့်ပြည်နယ်များအတွက် ပြန်လည်ဖြေဆိုသော ၂၀၂၅ ခုနှစ် ဇွန်လတွင် ကျင်းပခဲ့သည့်တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများကို ယနေ့တွင် တစ်နိုင်ငံလုံးအတွက် တစ်ပြိုင်တည်းအပြီး ထုတ်ပြန်ကြေညာခဲ့ရာ မန္တလေးတိုင်းဒေသကြီးအတွင်း ဖြေဆိုသူ ၃၃၇၉၁ ဦးရှိသည့်အနက် အောင်မြင်သူ ၁၆၇၆၆ ဦးရှိပြီး အောင်မြင်မှုရာခိုင်နှုန်းမှာ ၄၉ ဒသမ ၆၂ ရာခိုင်နှုန်းရှိခဲ့ကြောင်း သိရသည်။

ယနေ့နံနက် ၆ နာရီမှ စတင်၍ မန္တလေးမြို့ရှိ စာစစ်ဌာနဖွင့်လှစ်သောကျောင်းများ၌ တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများကို


**စာမျက်နှာ ၂၁ ကော်လံ ၁**


## မယ်ဆိုင်ချောင်းရေ တာချီလိတ်မြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနိုင်

**နေပြည်တော် ဇူလိုင် ၂၇**

ယနေ့ညနေ ၅ နာရီခွဲအချိန်တိုင်းထွာချက်အရ မယ်ဆိုင်ချောင်းရေသည် တာချီလိတ်မြို့(လွယ်တော်ခမ်းကျေးရွာ)တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပေ၀က်ခန့်တွင် ရောက်ရှိနေသည်။ အဆိုပါချောင်းရေသည် နောက် ၁၂ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ တာချီလိတ်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ရန် သတိပေးနှိုးဆော်ထားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။




ရတနာပုံ
၂၀၂၅ ခုနှစ် ဇူလိုင် ၂၈ ရက်
အယ်ဒီတာ့အာဘော်

# MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး

အသေးစား၊ အငယ်စားနှင့် အလတ်စား(MSME)လုပ်ငန်းများသည် နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကမောင်းနှင်အားဖြစ်သကဲ့သို့ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက်တွင်လည်း အထောက်အကူဖြစ်သည်။ ထို့ကြောင့် MSME လုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြရမည်ဖြစ်ပေသည်။

မြန်မာနိုင်ငံ၏ အဓိကစီးပွားရေးမှာ စိုက်ပျိုးမွေးမြူရေးဖြစ်သည်။ အဆိုပါကဏ္ဍမှ တန်ဖိုးမြင့်ထုတ်ကုန်များထုတ်လုပ်ပြီး ပြည်ပသို့တင်ပို့နိုင်ရေး၊ စိုက်ပျိုးရေးပိုင်းတွင် ပန်းတိုင်ရည်မှန်းချက်ပြည့်မီရေးအတွက် သက်ဆိုင်ရာဌာနအလိုက် ပညာရှင်များက သုတေသနလုပ်ငန်းများကို စနစ်တကျဆက်လက်ဆောင်ရွက်သွားရန်ဖြစ်သည်။ မွေးမြူရေးပိုင်းတွင်လည်း အသား၊ ငါး၊ ဥ၊ နို့နှင့် နို့ထွက်ပစ္စည်းများ သတ်မှတ်အရည်အသွေးပြည့်မီစေရေးအတွက် အစာ၊ ဆေး၊ ကုသမှု၊ ပြုစုမှုအပိုင်းများတွင် သုတေသနလုပ်ငန်းများ ကြပ်မတ်လုပ်ဆောင်သွားရန် လိုပေသည်။

MSME စီးပွားရေးလုပ်ငန်းရှင်များအတွက် MSME ချေးငွေအဖြစ် ငွေကျပ် ဘီလီယံ ၁၇၀ အနက်မှ ဘီလီယံ ၁၅၀ ကို MSME ချေးငွေအဖြစ် ထုတ်ချေးပေးလျက်ရှိပြီး ဘီလီယံ ၂၀ ကို MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အသုံးပြုဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်ဝန်ကြီးချုပ်က MSME ချေးငွေထုတ်ချေးရာတွင် ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းနှင့်ကိုက်ညီသည့် လုပ်ငန်းရှင်များကို ထုတ်ချေးပေးရန် လမ်းညွှန်ထားသည်။

**"လုပ်ငန်းရှင်များအနေဖြင့် ရရှိလာသည့်ချေးငွေများကို အကျိုးရှိရှိဖြင့် မိမိတို့၏ MSME လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန်အတွက် မဖြစ်မနေလုပ်ဆောင်သွားရမည်ဖြစ်ကြောင်း၊ ထို့ပြင် မိမိထုတ်ကုန်များကို ပြည်တွင်းအတွက်သာမက ပြည်ပအတွက်ပါ ရည်ရွယ်၍ ကြိုးစားထုတ်လုပ်သွားရမည်ဖြစ်ကြောင်း၊ ထိုသို့ ထုတ်လုပ်သွားနိုင်ရေး ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင်ရှိသည့် အေဂျင်စီများက လုပ်ငန်းရှင်များကို အသိပညာပေး၍ တွန်းအားပေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း"** ဇူလိုင် ၂၅ ရက်တွင် နေပြည်တော်ရှိ စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သော အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီအစည်းအဝေး(၁/၂၀၂၅)တွင် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

ယနေ့ခေတ်သည် ဒစ်ဂျစ်တယ်ခေတ်ဖြစ်သည့်အတွက် အွန်လိုင်းစနစ်ဖြင့် အရောင်းအဝယ်များပြုလုပ်လျက်ရှိသည်။ ထို့ကြောင့် လုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏ထုတ်ကုန်များကို ပြည်ပသို့တင်ပို့နိုင်သည့် အရည်အသွေးမီ တန်ဖိုးမြင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်ပြီး ဈေးကွက်ချိတ်ဆက်ရမည်ဖြစ်သည်။ ထိုသို့ ပြည်ပနှင့် ဈေးကွက်ချိတ်ဆက်ပေးနိုင်ရေးအတွက် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီနှင့် အေဂျင်စီများက ကူညီဆောင်ရွက်ပေးရမည်ဖြစ်သည်။

MSME စီးပွားရေးလုပ်ငန်းများကို ပြည်တွင်းထုတ်ကုန် အားပေးမြှင့်တင်ရေး၊ သွင်းကုန်အစားထိုးရေးနှင့် အမည်သစ်ပို့ကုန်ရရှိရေးဟူသည့် ရည်ရွယ်ချက်များဖြင့် အလေးပေးဆောင်ရွက်ရန်နှင့် MSME လုပ်ငန်းများ ပိုမိုအားပေးမြှင့်တင်နိုင်ရန်အတွက် မူဝါဒပိုင်းဆိုင်ရာများ၊ နည်းပညာပိုင်းဆိုင်ရာများနှင့် ငွေကြေးအရင်းအနှီးများ ပံ့ပိုးဆောင်ရွက်ပေးပြီး စီးပွားရေးဝန်းကျင်ကောင်းများ ဖန်တီးပေးရမည်ဖြစ်သည်။ သို့မှသာ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း ယုံကြည်ရေးသားလိုက်ရပေသည်။

# ဝမ်းတွင်းမြို့နယ် ငါးရံ့ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဝမ်းတွင်း ဇူလိုင် ၂၇**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန်ရည်ရွယ်၍ လူခင်းကျေးရွာအုပ်စု ငါးရံ့ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ဇူလိုင် ၂၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၇ ဒသမ ၂၅ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ငါးရံ့ကုန်းကျေးရွာရှိ စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သူ ၉၄ ဦးနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၂၁ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၅ ဦးကို ရန်ပုံငွေကျပ် ၄၇ ဒသမ ၂၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အောင်ရဲကျော်**

# ထီးချိုင့်မြို့နယ်တွင် နွေစပါးကေအားလုံး ရိတ်သိမ်းပြီးစီး တစ်ဧကလျှင် ၉၁ ဒသမ ၂၉ တင်းထွက်ရှိ



**ထီးချိုင့် ဇူလိုင် ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် စပါး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၉၁ ဒသမ ၂၉ တင်း ထွက်ရှိကြောင်း ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ထီးချိုင့်မြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၀၂၆၇ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော နွေစပါးစိုက်ခင်းများကို ယခုနှစ် မေလဒုတိယပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၉၁ ဒသမ ၂၉ တင်းထွက်ရှိခဲ့ကြောင်း သိရသည်။

"ထီးချိုင့်မြို့နယ် ဒီနှစ်နွေသီးနှံစိုက်ပျိုးရာသီမှာ စပါး ၁၀၂၆၇ ဧကထိစိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ စပါးခင်းတွေ အခုလက်ရှိမှာတော့ ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ နွေစပါးစိုက်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှု ကာကွယ်ရေးအသိပညာပေးခြင်း၊ သီးနှံများပျက်စီးဆုံးရှုံးမှုမရှိရေး၊ ရိတ်သိမ်းပြီးစပါးများ အမိုးအကာအောက်အချိန်မီရောက်ရှိရေး အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြသည်။

ထီးချိုင့်မြို့နယ်တွင် စပါးစိုက်တောင်သူများအနေဖြင့် တစ်ဧကအထွက်နှုန်း တိုးတက်ရေးနှင့် ပန်းတိုင်အထွက်နှုန်းထွက်ရှိရေးအတွက် မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးခြင်း၊ နည်းပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ တောင်သူပညာပေးသင်တန်းနှင့်ပညာပေးဆွေးနွေးပွဲများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေရုံမျှမက ပိုလျှံမှုကိုပါ ပြည်ပသို့ ပို့ကုန်အဖြစ်တင်ပို့ရောင်းချနိုင်ပြီး ဝင်ငွေရရှိကာ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကို ဒေသမရွေးတိုးချဲ့စိုက်ပျိုးရန် ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြ၍ သိရသည်။ (၂၀၆)

# ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ငါးဖယ်ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့



**ဝါးခယ်မ ဇူလိုင် ၂၇**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ငါးဖယ်ပိဿာချိန် အများအပြားတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဝါးခယ်မမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခင်ဌေးက ပြောပြ၍ သိရသည်။

ဝါးခယ်မမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းရှင်များသည် ငါးဖယ်များကို စနစ်တကျစစ်ဆေးပြီး ရန်ကုန်ဈေးကွက်သို့တင်ပို့ရောင်းချနေကြောင်း၊ မေလအတွင်း ငါးဖယ်ပိဿာချိန် ၅၃၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လအတွင်း ငါးဖယ်ပိဿာချိန် ၇၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဇွန်လအတွင်းက ရန်ကုန်ဈေးကွက်ကို ငါးဖယ်တွေ အရောင်းအဝယ် ကောင်းခဲ့ပါတယ်။ ရန်ကုန်ဈေးကွက်က အခု ဇူလိုင်လထဲမှာပါ ငါးဖယ်တွေ မှာယူအား တက်နေပါတယ်။ အခုလို ငါးတွေကုန်ချိန်များများတင်ပို့လာရတာကြောင့် ငါးလုပ်ငန်းနဲ့ ဆက်စပ်သူတွေ အဆင်ပြေလာတာတွေ့ရပါတယ်''ဟု ဝါးခယ်မမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခင်ဌေးက ပြောပြသည်။

ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့်ဒေသထွက် ငါးဖယ်များ တစ်ပိဿာလျှင် ငွေကျပ် ၁၅၅၀၀ မှ ၂၂၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၀၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၁၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချီရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဇေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ဇီးကုန်းမြို့နယ် ထန်းရှစ်ပင်ကျေးရွာ၌ မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်း စစ်ဆေး

**ဇီးကုန်း ဇူလိုင် ၂၇**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ဇီးကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ထန်းရှစ်ပင်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ပံ့ပိုးရန်ပုံငွေနှင့်ကျေးရွာပြည်သူလူထုထည့်ဝင်ငွေတို့ဖြင့် ကျေးရွာတွင်းလမ်း မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ဇူလိုင် ၂၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဇီးကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ပန်းစံပယ်နှင့် ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ထန်းရှစ်ပင်ကျေးရွာ၌ အရှည်ပေ ၁၃၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ ကျေးရွာတွင်းလမ်း မြေနီကျောက်စရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ဦးစီးအရာရှိက စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး၊ သတ်မှတ်အတိုင်းအတာ ပြည့်မီရေးတို့ကို အလေးထား ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

ဇီးကုန်းမြို့နယ် ထန်းရှစ်ပင်ကျေးရွာ၌ ကျေးရွာတွင်းလမ်း မြေနီကျောက်စရစ် ခင်းခြင်းလုပ်ငန်းကို VDP ပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာပြည်သူလူထုထည့်ဝင်ငွေကျပ် ၁ ဒသမ ၄၈ သန်း၊ စုစုပေါင်း ငွေကျပ် ၁၆ ဒသမ ၄၈ သန်းအသုံးပြုပြီး ဇီးကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများ၏ နည်းပညာပံ့ပိုးပေးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဇူလိုင် ၁၅ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ၏ ၅၀ ရာခိုင်နှုန်းကျော် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ကိုညို



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့နေ ဦးသန့်စင်-ဒေါ်သန်းသန်းအေး T.S မော်တော်ယာဉ်ထုတ်လုပ်ရေး မိသားစုက ဆွမ်းအလှူငွေကျပ် ၁၀၀၀၀၀၀ လှူဒါန်းရာ နာယက မဟာသဒ္ဓမ္မဇောတိကဓဇ ဂရိတ်ဦးမြဝင်းနှင့် တာဝန်ရှိသူများက လက်ခံရယူစဉ်။

# ဒီပဲယင်းမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၆၉၈ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ရွှေဘို ဇူလိုင် ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၆၉၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဒီပဲယင်းမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၂၀၃၉၁ ဧက စိုက်ပျိုးရန် လျာထားပြီး အဆိုပါစပါးစိုက်ပျိုးမှုကို ယခု နှစ် ဇွန်လပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၆၉၈ ဧကထိ စိုက်ပျိုး ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"မိုးသီးနှံစိုက်ပျိုးရာသီ ဒီပဲယင်းမြို့နယ်မှာ စပါးဧက ၁၂၀၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၆၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ စပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ ဆောင်ရွက်ပေးပါတယ်။ တောင်သူတွေအနေနဲ့ စပါးတွေအချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်းဆောင်ရွက်ပေးနေပါတယ်"ဟု ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ဒီပဲယင်းမြို့နယ်တွင် မိုးသီးနှံ စိုက်ပျိုးရာသီ၌ စပါးစိုက်ပျိုးရာတွင် အခက်အခဲမရှိ စနစ်တကျ စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့်ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဒီပဲယင်းမြို့နယ်တွင် စပါးစိုက်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှုကာကွယ်ရေး အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

(၂၀၆)

# သာစည်မြို့နယ် ကန့်ဖြူကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သာစည် ဇူလိုင် ၂၇**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကန့်ဖြူကျေးရွာအုပ်စု ကန့်ဖြူကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ထုတ်ချေးခြင်းကို ဇူလိုင် ၂၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့် အသင်းသား၊ အသင်းသူများကို တွေ့ဆုံ၍ မြစိမ်းရောင်ကျေးရွာ စီမံကိန်း ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများနှင့် စီမံကိန်းအကြောင်းအရာများ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်က အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားပြီး သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၅၆ ဒသမ ၁ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကန့်ဖြူကျေးရွာရှိ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၅၂ ဦးကို ရန်ပုံငွေကျပ် ၅၆ ဒသမ ၁ သန်း ထုတ်ချေးပေးခဲ့ကြောင်း သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းထံမှ သိရသည်။

ဟိန်းထက်စိုး(မလှိုင်)

# ညောင်တုန်းမြို့နယ်တွင် ဒေသထွက်ငါးပုတ်သင်များ အရောင်းအဝယ် ကောင်းမွန်နေ

**ညောင်တုန်း ဇူလိုင် ၂၇**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်တွင် ဒေသထွက် ငါးပုတ်သင်များ အရောင်းအဝယ် ကောင်းမွန်နေကြောင်း ညောင်တုန်းမြို့နယ်ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခိုင်ခိုင်လင်းက ပြောပြသည်။

ညောင်တုန်းမြို့နယ် ငါးဈေးကွက်အတွင်း ငါးပုတ်သင်များကို ယခုနှစ် ဇူလိုင်လ ဒုတိယပတ်မှစတင်ပြီး ယနေ့ထိ အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါ ငါးပုတ်သင်များ တစ်ရက်လျှင် ပိဿာချိန် ၅၀၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"ရေထွက်ကုန်တွေထဲမှာ ငါးပုတ်သင်တွေ ပိုမိုပြီး အရောင်းအဝယ်ဖြစ်နေပါတယ်။ ဈေးကောင်းတဲ့ ငါးအမျိုးအစားတွေထဲမှာ ပါပေမဲ့ အရောင်းအဝယ်ဖြစ်နေတာပါ။ စားသုံးတဲ့သူ များလာတာကြောင့်လို့ ယူဆပါတယ်။ ဒေသတွင်းအပြင် ရန်ကုန်ဈေးကွက်ကပါ အရောင်းအဝယ် ဖြစ်နေတာပါ။ အဓိကကတော့ ဒီဘက်ကနေ တင်ပို့ရောင်းချတဲ့ ငါးပုတ်သင်တွေ ရန်ကုန်ဈေးကွက်က အဝယ်လိုက်လာလို့ ဖြစ်ပါတယ်။ ဒေသပွဲရုံတွေဆီ ငါးပုတ်သင်တွေ ပုံမှန်ဝင်ရောက်နေပါတယ်။ ကုန်တင်ပို့အားတက်လာတော့ ရေလုပ်ငန်းနဲ့ ဆက်စပ်တဲ့သူတွေ အဆင်ပြေနေတာတွေ့ရပါတယ်"ဟု ညောင်တုန်းမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခိုင်ခိုင်လင်းက ပြောပြသည်။


ညောင်တုန်းမြို့နယ်မှရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ငါးပုတ်သင်များအပါအဝင် ဒေသထွက် ရေထွက်ကုန်များကို ဝယ်ယူ၍ စနစ်တကျသန့်စင်ပြီး ဝယ်ယူသည့်ဒေသများကို ဖြန့်ဖြူးတင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ငါးပုတ်သင် တစ်ပိဿာလျှင် ငွေကျပ် ၁၈၀၀၀ မှ ၂၂၀၀၀ ထိ ဈေးပေါက်နေကြောင်း၊ အဆိုပါ ငါးပုတ်သင်များ အရောင်းအဝယ်ကောင်းလာသောကြောင့် ရေလုပ်ငန်းနှင့်ဆက်စပ်သူများ၊ ပွဲရုံပိုင်ရှင်များ အလုပ်အကိုင် အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း



# ဟောပြောမှုအတတ်ပညာ

## ချစ်နိုင်(စိတ်ပညာ)




**နိဒါန်း**

ဟောပြောခြင်းနဲ့ အသက်မွေးကြသူတွေရှိနေကြတယ်။ အဆင်ပြေသူတချို့က အောင်မြင်ကြွယ်ဝပြီး တိုက်နဲ့ကားတွေနဲ့၊ ခြံတွေဝင်းတွေနဲ့ နေထိုင်နိုင်ကြတာလည်း ရှိပါတယ်။ ဟောခြင်းပြောခြင်းထဲမှာ လွဲချော်မှားယွင်းတာတွေပါခဲ့မိရင်တော့ ပရိသတ်က မကြိုက်လို့ဖြစ်စေ၊ ဥပဒေအရဖြစ်စေ၊ အခက်အခဲအတားအဆီး၊ ရင်ဆိုင်ကြုံတွေ့ရပြီး ဆင်းဆင်းရဲရဲ ဖြတ်သန်းနေရရှာသူတွေလည်းရှိတယ်။ အများအမြင်ပတ်ဝန်းကျင်မှာပဲ တွေ့ရှိနိုင်ပါရဲ့။ အောင်မြင်သူက သဘင်သည်များ၊ ဇာတ်သမား၊ ရုပ်ရှင်သရုပ်ဆောင်၊ ရုပ်ရှင်မင်းသား၊ မင်းသမီး၊ လူရွှင်တော်၊ လူပြက်၊ ဆိုင်းနောက်ထ၊ ဘိသိက်ဆရာ၊ နိုင်ငံရေးသမား စသဖြင့်ပေါ့။ အပြောပညာအသုံးပြုကြသူတွေ။ အဆိုတော်များ၊ တေးသံရှင်များကတော့ ပြောတာနည်းနည်းမို့ စာရင်းမထုတ်တော့ပါ။ ထည့်ချင်လည်းထည့်ပါ။

အောင်မြင်သူတွေက ဇာတ်မင်းသား၊ မင်းသမီး၊ ရုပ်ရှင်မင်းသား၊ မင်းသမီး၊ ရုပ်ရှင်သရုပ်ဆောင်၊ ဘိသိက်ဆရာ၊ နိုင်ငံရေးသမား စသည်တို့ရှိကြသလိုပဲ မအောင်မြင်လို့ ဝမ်းစာရေးခက်ခဲ့သူတွေလည်း အများကြီးရှိတာပေါ့။

**အတတ်ပညာ**

မိမိအလုပ်လုပ်တဲ့၊ အသုံးပြုတဲ့ အတတ်ပညာ၊ နည်းပညာရဲ့ စွမ်းအားကို ဘယ်လောက်ကျွမ်းကျင်တတ်မြောက်စွာအသုံးချတတ်သလဲ ဆိုတာနဲ့လည်း ဆိုင်တယ်။ အနုပညာရှင်များ သုံးနှုန်းကြတဲ့ ပရိသတ်ရဲ့ မေတ္တာရမှု "စန်း"ဆိုတာလည်း လိုသေးတယ်။ ကိုယ်လုပ်တဲ့အလုပ်ကိုတောင် နှစ်နှစ်ကာကာမြတ်နိုးတန်ဖိုးထားပြီး လေ့လာလေ့ကျင့်ဖြည့်ဆည်းမှုမရှိ၊ ပိုမိုတတ်မြောက်ကျွမ်းကျင်အောင် အားထုတ်မှုမရှိရင်တော့ ကံမတူ၊ ဉာဏ်မတူ၊ ဝီရိယမတူကြတာကြောင့် အဆင့်အတန်းတွေကွဲပြားခြားနားသွားကြတာပဲပေါ့။

ရုပ်မလှဘဲနဲ့ ကမ္ဘာကျော်ကြား လူကြိုက်များတဲ့ မင်းသားတစ်ယောက်ရှိဖူးတယ်။ အရပ်ပုပုပျပ်ပျပ်ပဲ။ အမေရိကန်ဟောလီးဝုဒ်မှာ ဒပ်စတင်ဟော့ဖ်မင်းဆိုတာ ကြားဖူးမှာပေါ့။ ကရားမား(ခင်ပွန်း)နဲ့ ကရားမား(ဇနီး) ရန်ပွဲဆိုတဲ့ ဇာတ်ကားဆိုလည်း သိပ်ကျော်ကြားတာပဲ။ ထားပါတော့။ **ဒပ်စတင်ဟော့ဖ်မင်း** သရုပ်ဆောင်အလွန်ကောင်းတာက ကြိုးစားမှုတစ်ခုထဲမဟုတ်ဘူး။ သူက စာသိပ်ဖတ်တယ်လို့ ဟောလီးဝုဒ်ရုပ်ရှင်လောက လူတိုင်းကသိကြတယ်။ ဘာဆန်းမှာလဲ၊ စာသိပ်ဖတ်တော့ ဗဟုသုတအရည်အသွေး မြင့်တယ်လေ။ ဝမ်းစာပြည့်တော့ သရုပ်ဆောင် အထူးကောင်းတာပေါ့။ အခြားမင်းသားတွေကပါ လေးစားရတာပေါ့။ ဒပ်စတင်ဟော့ဖ်မင်း (မင်းသား)နဲ့ မာရီယယ်စထရီ(မင်းသမီး)တို့ဆိုရင် ဒါရိုက်တာတွေ၊ ကုမ္ပဏီပိုင်ရှင်၊ ရုပ်ရှင်သူဌေးကြီးတွေကအစ သူတို့ပညာရည်ကို လေးစားကြရတယ်။ စာများများဖတ်ရှုလေ့ရှိသူတွေ။

**လေ့ကျင့်ရ**

ဟောပြောမှုအတတ်ပညာဆိုတာ စကားအတတ်မဟုတ်လား။ ဝတ္ထုစာအုပ်ထဲက စကားလုံးကို ရုပ်ရှင်ဇာတ်ကားထဲမှာ စာဖတ်သလို ဖတ်လို့မရဘူး။ လေသံ၊ ဟန်ပန်၊ အမူအရာနဲ့ ဇာတ်ကွက်ဇာတ်လမ်းနဲ့ ကိုက်ညီအောင် ပြောရတာ။ စကားနဲ့သရုပ်ဆောင်ရတာ။အရုပ်ကော၊အသံကော ခံစားချက်လည်းပါစေရတယ်လေ။ ဗန်းမော်တင်အောင်၊ သခင်မြသန်း၊ အောင်လင်း၊ခင်နှင်းယုတို့ ဝတ္ထုထဲက စာသားကောင်းပြီးသား၊ ထွန်းဝေ၊ ကောလိပ်ဂျင်နေဝင်း၊ မြတ်လေးတို့ပါးစပ်ထဲက ထွက်လာတော့ ရွှေနဲ့မြပေါ့။ ရွှေပေါ်မြတင်ဖြစ်တာပေါ့။

ဟောပြောခြင်းနဲ့ အသက်မွေးကြရသူတွေဟာ ပရိသတ်ကို ရသအနုပညာနဲ့ဆွဲဆောင်ဖမ်းစားရပါတယ်။ ဒီအတတ်ပညာဟာ အပြောလွယ်ပေမယ့် တကယ်လုပ်ရင် အဟုတ်ပဲခက်ခဲနက်နဲလှပါတယ်။ လူတိုင်းမအောင်မြင်တာဟာ ပညာရပ်ရဲ့လျှို့ဝှက်ခက်ခဲမှုသဘောရှိလို့ပါပဲ။ ဟောပြောမှုအတတ်ပညာကို ကျွမ်းကျင်ပိုင်နိုင်အောင် လေ့လာနေသူဟာ ဒီစာကို ဖတ်ရုံနဲ့တော့ မပြည့်စုံနိုင်ပါ။ သို့ပေမယ့် ဒီစာကို ဖတ်ဖူးတဲ့သူနဲ့ မဖတ်၊ မသိ၊ မသုံးတဲ့လူနဲ့တော့ အဆင့်ချင်းကွဲပြားခြားနားသွားမှာ သေချာပါတယ်။ စာရေးသူက အချိန်ယူမွှေနှောက်ရှာဖွေပြီးပေးတာတွေ အဆင့်သင့်ပြင်ဆင်ပေးတာကို ထိုင်စားရုံပဲပ။ စာရေးသူက အဲသလိုကျေးဇူးပြုနိုင်အောင် ထက်သန်တဲ့စေတနာထားပြီး မျှဝေရေးသားထားပါတယ်။ သိသင့်သိထိုက်တာတွေက အများကြီးပါ။ စာမျက်နှာရသမျှသာ တင်ပြရတာမို့ မပိုမလို၊ မတိုမရှည်၊ နေရာရသမျှပေါ့။

**ကိုယ်တွေ့**

စာပေဟောပြောခြင်းအတတ်ပညာကိုတောင် မိမိစာရေးသက် ဆယ်နှစ်ကျော်၊ အမျိုးသားစာပေဆုရခဲ့ပြီးမှ နာမည်ကျော်စာရေးဆရာကြီးများက လက်တွဲခေါ်လို့ စာပေစင်မြင့်ပေါ်က စာပေဟောပွဲကို ပြောရဲလာပါတယ်။ မိမိစာပေဆုရတဲ့နှစ်က ဆရာကြီးဗိုလ်ကလေးတင့်အောင်(ပန်းဝက်ပါဇာတ်လမ်းများ)၊ စန္ဒရားလှထွတ်(မြန်မာ့ဂီတရေစီးကြောင်း) ထင်ရှားတဲ့အနုပညာစာပေသမားများနဲ့အတူတူဖြစ်ပါတယ်။ သူတို့တော့မရှိရှာကြတော့ပါ။

ဟောပြောခြင်းလက်တွေ့စင်ပေါ်မှာ ပြောတတ်အောင် လက်တွဲဖေးမသင်ပြခဲ့ကြတဲ့ ကျေးဇူးရှင်ဆရာကြီးများကတော့ အဓိကအားဖြင့် ဆရာလယ်တွင်းသားစောချစ်နဲ့ ဆရာအီကြာကွေးတို့ပါ။ လက်ဦးဆရာတွေပါ။ နောက်တော့ ဟောပြောဖော်ဆရာကြီး၊ ဆရာမကြီးများစွာဆီက သရုပ်ပြသင်ကြားတာတွေ ကြည့်ရ၊ မှတ်ရ၊ နားထောင်ပြီး အတုယူရတာပေါ့။ မြင်ဆရာ၊ ကြားဆရာများပါ။

ဆရာပီမိုးနင်း၊ ဆရာလယ်တွင်းသားစောချစ်၊ ဆရာလှသမိန်၊ ဆရာဖေမြင့်၊ ဆရာဝေလွင်မောင်၊ ဆရာလူအောင် စသဖြင့်ဟောပြောနည်း မြန်မာဘာသာစာအုပ်များအပြင် ခရစ်အန်ဒါဆင်(Chis Anderson)စုဆောင်းပြုစုတဲ့ "TED Talks" စာအုပ်မျိုးတွေကိုလည်း လေ့လာမှတ်သားခဲ့ပါတယ်။ သိတာမှတ်တာမျှနဲ့မရနိုင်ဘူး။ ကိုယ်တိုင်အကြိမ်ကြိမ်အခါခါ လေ့လာအသုံးချလေ့ကျင့်တာ၊ လက်တွေ့များများပြုမှ တိုးတက်ပါတယ်။

**အင်္ဂါရပ်**

စကားပြောတာနဲ့ပတ်သက်လို့ အခြေခံလိုက်နာစရာတွေလည်းရှိပါတယ်။ စကားအရာ အင်္ဂါလေးတန်တဲ့-

၁။ သုဘာသိတ - **ကောင်းစွာပြောဆိုရခြင်း။**

၂။ ပိယဝါစာ - **ချစ်ဖွယ်နှစ်သက်ဖွယ်ရှိရခြင်း။**

၃။ သစ္စာ - **မှန်ကန်ဖြောင့်မတ်တည်ကြည်ရခြင်း။**

၄။ ဓမ္မ - **သဘာဝကျ၍ လိုက်နာဖွယ်ရှိရခြင်း။**

ဒါဟာ မြတ်စွာဘုရားဟောကြားတော်မူတဲ့ အမြတ်တနိုးကျင့်သုံးရမယ့် အလေးအနက်အဆုံးအမတွေပါ။ လက်ကိုင်ဖုန်းပေါ်မှာ ဘယ်သူမဆိုရေးနိုင်နေတော့ အထက်ပါ လေးချက်ကိုပင် သိလည်းမသိ၊ လိုက်လည်း မလိုက်နာဘဲ ရိုင်းစိုင်းရင့်သီးတဲ့ စကားတွေ၊ မဟုတ်မမှန်တာတွေ၊ လိမ်ညာလှည့်စားစကားတွေ၊ လျှာအရိုးမရှိတိုင်း ပေါက်တတ်ကရ ပြောဆိုနေကြသူတွေ တွေ့မြင်ရမယ်နော်။ အတုယူမမှားလေနဲ့။

မိမိနှုတ်က ပြောထွက်တဲ့စကားဟာ ကျက်သရေမင်္ဂလာရှိပါစေ။ ကိုယ်ပြောတာမှန်သမျှ ကိုယ့်တာဝန်လေ။ မဟုတ်မမှန်၊ မတိကျ၊ မသေချာတာတွေကို မမျှဝေမိစေနဲ့။ ကိုယ်သိရမြင်ရတဲ့ သတင်းအရင်းအမြစ်ကိုလည်း စိစစ်တတ်ရမယ်။

သတင်းအခြေအမြစ်စိစစ်ရေး (Reliability of Sources) လေ့လာသုံးသပ်ရာမှာ ကေသမုတ္တိသုတ်လို့ ခေါ်တဲ့ ကာလာမရွာသားများကို ဟောကြားတဲ့ တရားတော်မှာပါတယ်။ ဆက်လက်လေ့လာမှတ်သားရမှာပါ။ ဉာဏ်နဲ့ယှဉ်ပြီး စိစစ်သုံးသပ်ပြီးမှ သူများပြောစကားကို ယူရ၊ ကိုးကားရမယ်နော်။ ဘာမသိ၊ ညာမသိ လိုက်မမျှဝေသင့်ဘူး။

မြတ်စွာဘုရားက သတိထားရန်ဟောကြားခဲ့တယ်။

၁။ **သူပြော၊ လူပြောမို့လည်း မယုံနဲ့။**

၂။ **ဆရာသမားစကားဖြစ်၍လည်း မယုံနဲ့။**

၃။ **သက်ကြီးစကားဖြစ်၍လည်း မယုံနဲ့။**

၄။ **ကျမ်းစာထဲပါလို့လည်း မယုံနဲ့။**

၅။ **တရားတစ်ရပ်ကို ကိုယ်တိုင်လေ့လာစမ်းသပ်ပြီးမှ မှန်ကန်ကြောင်းကိုတွေ့ရမှ ယုံကြည်ကြရန် လမ်းညွှန်ခဲ့ပါတယ်။**

**အရင်းအမြစ်**

သတင်းအရင်းအမြစ်ရဲ့ ယုံကြည်စိတ်ချရမှုကို ထည့်သွင်းမစဉ်းစားဘဲ၊ မလေ့လာဘဲ အယုံလွယ်တဲ့ လူပြိန်းတွေများနေလို့ လိမ်သူ၊ ညာသူ၊ ဖြားယောင်းလှည့်စားသွေးဆောင်သူတွေ ပြောဆိုတာကို အဟုတ်မှတ်ပြီး လွဲချော်ဒုက္ခရောက်ခဲ့ရတာ ၁၉၈၈ က တစ်ကြိမ်(BBC, VOA အလိမ်ခံခဲ့ရ)။ ၂၀၂၁ မှာ ဒုတိယအကြိမ်(Facebook ပေါ်မှာ ရေးကြပြောကြတဲ့ မြှောက်ထိုးပင့်ကော်တွေကြောင့် သူပုန်သူကန်အကြမ်းဖက်ဘဝရောက်၊ သေကျေပျက်ပြတ်၊ အစေခံဘဝရောက်သွားကြရ)၊ နှစ်ခါသေပြီးနောက် ပျဉ်ဖိုးနားလည်ကြလောက်ပါပြီ။ အထက်ပါတရားတော်ကို ကာလာမသုတ္တံလို့လည်း အချို့ကခေါ်ဝေါ်သုံးစွဲကြပါတယ်။

စကားခြောက်ခွန်းရှိရာ နှစ်ခွန်းသာ ပြောဆိုသင့်တယ်လို့ ဘုရားရှင်က ဟောပါတယ်။

၁။ **ဟုတ်မှန်ရမယ်၊ အကျိုးရှိရမယ်၊ သူလည်းနာလိုတယ်။**

၂။ **ဟုတ်မှန်တယ်၊ အကျိုးရှိတယ်၊ သူကတော့ မကြိုက်လှဘူး။**

လိုရင်းကတော့ စကားဆိုတာ မှန်တာပဲပြောရမယ်။ အကျိုးရှိတာကိုပဲ ပြောရမယ်။ သူ့အကြိုက်လိုက်ပြောစရာမလိုဘူး။ သူနဲ့ဆန့်ကျင်ပြောနေစရာမလိုဘူး။ ဒါပဲလားဆိုတော့ ဘုရားရှင်က မိန့်ခဲ့တယ်။ **"အခြေအနေ၊ အချိန်အခါကာလအားလျော်စွာ သင့်၊ မသင့် ချင့်ချိန်ရွေးချယ်ပြီးမှသာ"** ပြောပါလေတဲ့။ သိပ်အရေးကြီးတယ်နော်။ အခြေအနေအချိန်အခါ ရွေးတာမှန်ရအုံးမယ်။

**❖ရှေးရှေးတုန်းက ညဉ့်ဦးယံအခါ မီးဖိုထားတဲ့မီးပုံဘေးမှာ ဝိုင်းပြီး စုထိုင်နေကြရင်း ပုံပြင်တွေ၊ ဇာတ်ဝတ္ထုတွေ၊ မျှော်လင့်ချက်တွေ၊ အိပ်မက်တွေကို ဟောပြောခဲ့ကြတာပေါ့။ ယခုတော့ ဖုန်းထဲကကင်မရာရှေ့မှာ ရပ်လျက်၊ ထိုင်လျက်၊ သိန်းသန်းချီတဲ့ ပရိသတ်တွေကို မျက်နှာချင်းဆိုင်ဟောပြောနိုင်တဲ့ ၂၁ ရာစု ခေတ်သစ်တစ်ခုရောက်လာပြီ။ ဟောပြောမှုအတတ်ပညာက မတိမ်ကောတဲ့အပြင် စွမ်းအားကြီးမားပြီး အကျိုးဆက်ရိုက်ခတ်မှု(ပြောတတ်ရင် ပြောတတ်သလောက်) အလွန်ထိရောက်အောင်မြင်စေတဲ့ ပညာရပ်မို့ တတ်မြောက်ကျွမ်းကျင်အောင် လေးလေးစားစားသင်ယူပါ။ သေသေချာချာကြိုတင်ပြင်ဆင် ဇာတ်တိုက်စီမံပြီးမှ ဟောပြောရပါမယ်။❖**

**အခြေခံသဘော**

ဟောပြောသူဟာ စကားပြောရာ အင်္ဂါ ဆယ်ပါးကိုတော့ သိထားဖို့လိုပါတယ်။ မိမိလက်ကိုင်ဖုန်းမှာ စိတ်ကူးရရာရေးနေကြသူတွေလည်း မိမိကိုအကျိုးပြုဖို့၊ သူတစ်ပါးကို မထိခိုက်ဖို့ ယဉ်ကျေးမှုကျင့်ဝတ်အနေနဲ့လိုက်နာရမယ်။

၁။ ပြောချိန်၊ ပြောခွင့်သင့်မှသာ ပြောရမယ်။

၂။ ဟုတ်မှန်တဲ့စကားကိုသာ ပြောရမယ်။

၃။ တရားနဲ့စပ်တာကိုပဲ ပြောရမယ်။

၄။ အကျိုးစီးပွားနဲ့စပ်တာကိုပဲ ပြောရမယ်။

စာမျက်နှာ ၅ သို့ ➤

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။"**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## ကသာမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၁၀၃၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကသာ ဇူလိုင် ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၁၀၃၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကသာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၂၉၄၂ ဧကနှင့်ဖူးစားပြောင်း ၁၇၂၅ ဧက စုစုပေါင်း ၄၆၆၇ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇွန်လမှစတင်၍ စိုက်ပျိုးခဲ့ရာ ယနေ့ထိ အစေ့ထုတ်ပြောင်း ၆၉၈ ဧကနှင့် ဖူးစားပြောင်း ၃၄၁ ဧက စုစုပေါင်း ၁၀၃၉ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကသာမြို့နယ်မှာ ပြောင်းသီးနှံဧက ၄၀၀၀ ကျော်စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၁၀၃၉ ဧက စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့နဲ့ ပိုးမွှားရောဂါကျရောက်မှုမရှိအောင် အသိပညာပေးတာတွေ ဆောင်ရွက်နေပါတယ်"ဟု ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုလေးက ပြောပြသည်။

ယခုနှစ် ကသာမြို့နယ်တွင် ပြောင်းသီးနှံစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်း၊ ဖောင်မြှောင်တောင်ပိုး ကြိုတင်ကာကွယ်ရေး၊ သဘာဝမြေသြဇာနှင့်ပိုးသတ်ဆေးများ ပြုလုပ်သုံးစွဲတတ်စေရေး စသည့် စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးလျက် ရှိကြောင်း သိရသည်။

ပြောင်းသီးနှံကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ရာ ပြောင်းသီးနှံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးကိုလေးက ပြောပြ၍ သိရသည်။ (၂၀၆)

➢ စာမျက်နှာ ၄ မှအဆက်

**၅။ ချစ်ဖွယ်စကားကိုသာ ပြောရမယ်။**

**၆။ ပြုံးရွှင်တဲ့မျက်နှာနဲ့ရှေ့ထား၍ ပြောရမယ်။**

**၇။ မတိုမရှည်၊ မတိုမလွန်ချင့်ချိန်၍ ပြောရမယ်။**

**၈။ အလေ့တကြီး၊ အဆောတလျင် မပြောပါနဲ့။**

**၉။ ယဉ်ကျေးမှုဓလေ့ထုံးကို လိုက်နာပြောဆိုရမယ်။**

**၁၀။ သန့်ရှင်းသေချာ တိကျပြတ်သားစွာ ပြောဆိုရမယ်။**

အနုပညာသည် မင်းသား၊ မင်းသမီး၊ ဆိုင်းဆရာ၊ ဘိသိက်ဆရာ စတဲ့ပုဂ္ဂိုလ်တွေကတော့ စကားပြောရာမှာ ကာလ၊ ဌာန၊ ပုဂ္ဂလ၊ ဒေသ လေ့လာအကဲခတ်ပြီးမှ မိမိပြောချင်တဲ့စကားကို ဆီလျော်အဆင်ပြေအောင် ပြောတတ်ကြပါတယ်။ လွဲချော်လို့ ထမင်းငတ်တာမျိုး သင်ခန်းစာရဖူးလို့လည်း ဖြစ်ကောင်းဖြစ်မယ်။ ပရိသတ်ကိုအောင်မြင်စွာဟောပြောနည်းဟာ သင်ယူချင်စိတ်ရှိသူ၊ ကြိုးစားသူဟာ တတ်ကျွမ်းနိုင်ပါတယ်။

**အဖိုးတန်တဲ့ပညာရပ်**

ဇာတ်သဘင်လောက ထိပ်တန်းရောက်ခဲ့ကြတဲ့ ဇာတ်ဆရာဦးဖိုးစိန် (သူ့အကြောင်း ဆရာသိန်းဖေမြင့်ကတောင် ရေးထားပါတယ်။ စာတစ်အုပ်)၊ မင်္ဂလာဦးအောင်မောင်း၊ လူရွှင်တော်မော့စ် စတဲ့ပုဂ္ဂိုလ်များဟာ ဆိုင်းပစ္စည်းထမ်း၊ စည်းတီးဝါးတီး၊ ဇာတ်ကားဆွဲ စတဲ့ အခြေခံလုပ်သားဘဝမှ စတင်သင်ယူရင်း ရှန်းကန်ဖြတ်သန်းကာ နိုင်ငံတော်ပြည်သူ့အချစ်တော် စင်ပေါ်ကမင်းသား၊ လူပြက်၊ အကယ်ဒမီသရုပ်ဆောင်စသဖြင့် အဆင့်ဆင့်အောင်မြင်တိုးတက်လာခဲ့ခြင်းဖြစ်ပါတယ်။ နမူနာယူစရာ ထင်ရှားပါပြီနော်။

"ပရိသတ်ကို ဟောပြောခြင်းအတတ်"ဆိုတာက စာဖတ်သူတို့၊ စာရေးသူတို့ ဘိုးဘွားဘီဘင်အဆက်ဆက် လူသားမျိုးနွယ်ရဲ့ ရှေးရှေးနှစ်ပေါင်းထောင်နဲ့ချီပြီး ရှည်ကြာခဲ့တဲ့ပညာရပ်ပါ။ အံ့သြစရာပဲ။ ရှေးရှေးတုန်းက ညဥ့်ဦးယံအခါ မီးဖိုထားတဲ့မီးပုံဘေးမှာ ဝိုင်းပြီး စုထိုင်နေကြရင်း ပုံပြင်တွေ၊ ဇာတ်ဝတ္ထုတွေ၊ မျှော်လင့်ချက်တွေ၊ အိပ်မက်တွေကို ဟောပြောခဲ့ကြတာပေါ့။

**နိဂုံး**

ယခုတော့ ဖုန်းထဲကကင်မရာရှေ့မှာရပ်လျက်၊ ထိုင်လျက်၊ သိန်းသန်းချီတဲ့ ပရိသတ်တွေကို မျက်နှာချင်းဆိုင်ဟောပြောနိုင်တဲ့ ၂၁ ရာစုခေတ်သစ်တစ်ခုရောက်လာပြီ။ ဟောပြောမှုအတတ်ပညာက မတိမ်ကောတဲ့အပြင် စွမ်းအားကြီးမားပြီး အကျိုးဆက်ရိုက်ခတ်မှု(ပြောတတ်ရင် ပြောတတ်သလောက်) အလွန်ထိရောက်အောင်မြင်စေတဲ့ ပညာရပ်မို့ တတ်မြောက်ကျွမ်းကျင်အောင် လေးလေးစားစားသင်ယူပါ။ သေသေချာချာ ကြိုတင်ပြင်ဆင် ဇာတ်တိုက်စီမံပြီးမှ ဟောပြောရပါမယ်။

## အလုပ်အတွက် စိတ်ထား

\- ကိုယ့်အလုပ်ကို ခင်တွယ်က
ကြွယ်လိုက်ပ့ါ ပညာ
သာလိုက်ပ့ါ ဉာဏ်အား၊
ကိုယ့်အားကို ကိုယ်မနည်းနဲ့
မြဲစွာကြိုးစား။

\- ကိုယ့်အလုပ်ကို မြတ်နိုးက
တန်ဖိုးထား ပြင်ဆင်
တီထွင်လို့ ဆန်းသစ်၊
ကိုယ့်လုံ့လ ကိုယ်တွဲလို့
ကိုယ့်ဇွဲကို ကိုယ်သာမြင့်
အဆင့်ကိုစစ်။

\- ကိုယ့်အလုပ်ကို လေးစားက
ရိုးသားလို့ ကျင့်ကြံ
အမှန်ဆီ လျှောက်လှမ်း၊
အရေးတယူ ဆောင်ရွက်လို့
အဘက်ဘက် မတုံ့ဆိုင်း
ပွဲတိုင်းကြိုးပမ်း။ ။

ဆောင်းနေရောင်(အဖျောက်)


## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➢ Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။

➢ မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# နိုင်ငံတကာ သတင်းများ

## ယူကရိန်းအရှေ့ပိုင်း ကျေးရွာနှစ်ရွာကို ရုရှားတပ်များ ထပ်မံသိမ်းပိုက်

**မော်စကို ဇူလိုင် ၂၇**

ယူကရိန်းအရှေ့ပိုင်း စစ်မြေပြင်၌ ရုရှားတပ်များအနေဖြင့် ကျေးရွာနှစ်ရွာကို ထပ်မံသိမ်းယူနိုင်ခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ဇူလိုင် ၂၆ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

ရုရှားတပ်များ ထပ်မံသိမ်းယူခဲ့သော ကျေးရွာနှစ်ရွာ အနက် တစ်ရွာမှာ ဒီနီပရိုပက်ထရော့ဗ်ဒေသ၌တည်ရှိကြောင်း သိရသည်။

ရုရှားတပ်များအနေဖြင့် ဒီနီပရိုပက်ထရော့ဗ်ဒေသတွင်လည်း စစ်ရေးအရ အသာစီးရရှိထားပြီး ဆက်လက်ထိုးဖောက်တိုက်ခိုက်နေကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဒီနီပရိုပက်ထရော့ဗ် ဒေသသည် ရုရှားအချုပ်အခြာအောက် ထည့်သွင်းကြောင်း ရုရှားအစိုးရက ကြေညာထားသည့် ယူကရိန်းဒေသများစာရင်း၌ ပါဝင်ခြင်းမရှိကြောင်း သိရသည်။

၂၀၂၂ ခုနှစ်တွင် ယူကရိန်း ပဋိပက္ခစတင်ခဲ့ပြီးနောက် ယူကရိန်းဒေသများဖြစ်သည့် ဒွန်းနက်စ်၊ လူးဟန့်၊ ခါဆန်နှင့် ဇာပိုရစ်ဇီယာဒေသများကို ရုရှားအချုပ်အခြာပိုင်နယ်မြေများအဖြစ် ကြေညာထားသည်။

သုံးနှစ်ကျော်ကြာ ယူကရိန်းပဋိပက္ခအတွင်း ရုရှားတပ်များအနေဖြင့် ယူကရိန်းတစ်နိုင်ငံလုံး၏ ၂၀ ရာခိုင်နှုန်းနီးပါးကို ထိန်းချုပ်ထားကြောင်း သိရသည်။

Ref : RT

Trs : KKO

## အိန္ဒိယနိုင်ငံ ဟိန္ဒူဘာသာရေးပွဲတော်တစ်ခု၌ လူပြိုမှုကြောင့် အနည်းဆုံးခြောက်ဦး သေဆုံး

**ဒေလီ ဇူလိုင် ၂၇**

အိန္ဒိယနိုင်ငံမြောက်ပိုင်း ဥတ္တရာခန်းပြည်နယ် ဟိန္ဒူဘုရားကျောင်းတစ်ကျောင်း၌ ယနေ့က လူပြိုမှုဖြစ်ပွားခဲ့ရာ အနည်းဆုံးလူပေါင်းခြောက်ဦး သေဆုံးခဲ့ရကြောင်း အိန္ဒိယတာဝန်ရှိသူများက ပြောကြားခဲ့သည်။

အဆိုပါလူပြိုမှုသည် ဟာရီဒွါအမည်ရှိမြို့၌ တည်ရှိပြီး ဟိန္ဒူဘာသာဝင်များ အထွတ်အမြတ်ထားသည့် မာနာသဒေဝီဘုရားကျောင်းအမည်ရှိ ဟိန္ဒူဘုရားကျောင်းလှေကားထစ်၌ ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။

မာနာသဒေဝီဘုရားကျောင်းအတွင်း ဘုရားဖူးပြည်သူများ ပြည့်ကျပ်လာစဉ် လူပြိုမှုဖြစ်ပွားခဲ့ရခြင်းဖြစ်ကြောင်း ဥတ္တရာခန်းပြည်နယ်ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

မာနာသဒေဝီ ဟိန္ဒူဘုရားကျောင်းလူပြိုမှုအတွင်း လူပေါင်း ၁၀ ဦးလည်း ဒဏ်ရာများရရှိခဲ့ရာ ဆေးရုံသို့ ပို့ဆောင်ထားရကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၌ ကျင်းပသည့် ဘာသာရေးပွဲလမ်းသဘင်များမှာ တက်ရောက်သည့် ပရိသတ်များပြားသည်နှင့်အမျှ လူပြိုမှုများလည်း မကြာခဏဆိုသလိုဖြစ်ပွားတတ်သည်။

ယခုနှစ် ဇန်နဝါရီလကလည်း ပရာယာရက်ဂျ်မြို့၌ ကျင်းပခဲ့သည့် ဟိန္ဒူဘာသာရေးပွဲတော်တစ်ခု၌ လူပြိုမှုဖြစ်ပွားခဲ့ရာ အနည်းဆုံးလူပေါင်း ၃၀ သေဆုံးခဲ့ရကြောင်း သိရသည်။

Ref : Xinhua

Trs : KKO



## ထိုင်းနှင့် ကမ္ဘောဒီးယားခေါင်းဆောင်များ အပစ်အခတ်ရပ်စဲရန် သဘောတူထားကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ပြောကြား



**ဗန်ကောက် ဇူလိုင် ၂၇**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် ဖုန်းခေါ်ဆိုဆွေးနွေးမှုများပြုလုပ်ခဲ့ပြီးနောက် အပစ်အခတ်ရပ်စဲရေးအတွက် ဆွေးနွေးရန် ထိုင်းနှင့် ကမ္ဘောဒီးယားခေါင်းဆောင်များက သဘောတူထားကြောင်း ယနေ့သတင်းများတွင် ရေးသားဖော်ပြထားသည်။

ဇူလိုင် ၂၆ ရက်တွင် ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်မာနက်၊ ထိုင်းယာယီဝန်ကြီးချုပ် ဝီချာယာချိုင်တို့နှင့် ဖုန်းခေါ်ဆိုဆွေးနွေးခဲ့ပြီး ထိုင်းနှင့် ကမ္ဘောဒီးယားတို့ကြား လက်ရှိဖြစ်ပွားနေသော ပဋိပက္ခများကို အဆုံးသတ်နိုင်ရေးအတွက် ဆွေးနွေးခဲ့ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ၎င်း၏လူမှုမီဒီယာစာမျက်နှာပေါ်၌ ရေးသားထားသည်။

အဆိုပါ ဖုန်းခေါ်ဆိုဆွေးနွေးပွဲတွင် အပစ်အခတ်ရပ်စဲရေးနှင့် နှစ်နိုင်ငံကြား ဆွေးနွေးမှုများ စတင်ရေးတို့အတွက် ထိုင်းနှင့်ကမ္ဘောဒီးယား ခေါင်းဆောင်များက သဘောတူခဲ့ကြောင်း သမ္မတ ဒေါ်နယ်ထရမ့်က ပြောကြားထားသည်။

သမ္မတ ဒေါ်နယ်ထရမ့်၏ ကြားဝင်ညှိနှိုင်းမှုဖြင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ရယူရန် မိမိတို့လမ်းဖွင့်ထားကြောင်း ထိုင်းနှင့်ကမ္ဘောဒီးယား နှစ်နိုင်ငံစလုံးက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

သို့သော် ထိုင်းနှင့်ကမ္ဘောဒီးယား နှစ်နိုင်ငံနယ်စပ် ပဋိပက္ခများမှာ ယနေ့တွင် စတုတ္ထမြောက်နေ့အဖြစ် ဆက်လက်ဖြစ်ပွားခဲ့သည်။

ဇူလိုင် ၂၄ ရက်တွင် စတင်ဖြစ်ပွားခဲ့သည့် ထိုင်းနှင့် ကမ္ဘောဒီးယားနယ်စပ်တိုက်ပွဲများကြောင့် နှစ်ဖက်ပြည်သူ အနည်းဆုံး ၃၂ ဦး သေဆုံးခဲ့ရပြီး လူပေါင်း ၁၅၀၀၀၀ ကျော် အိုးအိမ်များစွန့်ခွာထွက်ပြေးခဲ့ကြရသည်။

နယ်စပ်ချင်း မိုင် ၅၀၀ကျော် ထိစပ်နေသည့် ထိုင်းနှင့် ကမ္ဘောဒီးယားတို့သည် ရှေးယခင်ကလည်း နယ်စပ်ပိုင်ဆိုင်ခွင့်အငြင်းပွားမှုများကြောင့် ပဋိပက္ခများ ဖြစ်ပွားခဲ့ဖူးကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## မော်စကို-ပြုံယမ်းတိုက်ရိုက်လေကြောင်းခရီးစဉ်များ ရုရှားနိုင်ငံစတင်ပြေးဆွဲမည်

**မော်စကို ဇူလိုင် ၂၇**

ရုရှားနိုင်ငံသည် မော်စကိုမြို့နှင့် မြောက်ကိုရီးယားနိုင်ငံ ပြုံယမ်းမြို့တို့ကြား တိုက်ရိုက်လေကြောင်းခရီးစဉ်များကို ယနေ့တွင် ပြန်လည်စတင်ပြေးဆွဲရန် စီစဉ်ထားသည်။

ရုရှားနိုင်ငံသည် မော်စကို-ပြုံယမ်း ရထားခရီးစဉ်များကိုလည်း ယခုနှစ်ဇွန်လအတွင်း စတင်ခဲ့ပြီးဖြစ်သည်။

ယူကရိန်းပဋိပက္ခကိုအကြောင်းပြု၍ နှစ်နိုင်ငံဆက်ဆံရေး ပိုမိုနွေးထွေး ခိုင်မာလာချိန်တွင် မော်စကို-ပြုံယမ်း တိုက်ရိုက်လေကြောင်း ခရီးစဉ်များကို စတင်ပြေးဆွဲရန် စီစဉ်ထားခြင်းဖြစ်သည်။




အဆိုပါလေကြောင်းခရီးစဉ်များသည် ၁၉၉၀ ပြည့်နှစ်ကာလနောက်ပိုင်း ပထမဆုံး မော်စကို-ပြုံယမ်း တိုက်ရိုက်လေကြောင်းခရီးစဉ်များ ဖြစ်လာလိမ့်မည်ဖြစ်သည်။

မော်စကို-ပြုံယမ်း တိုက်ရိုက်လေကြောင်းခရီးစဉ်များကို နော့ဒ်ဝင်းလေကြောင်းလိုင်းက ရက်သတ္တပတ်လျှင် နှစ်ကြိမ်ပျံသန်းပေးမည်ဖြစ်ကြောင်း ရုရှားအစိုးရက သတင်းထုတ်ပြန်ထားသည်။

ရှစ်နာရီကြာမြင့်မည့် မော်စကို-ပြုံယမ်း တိုက်ရိုက်လေကြောင်းခရီးစဉ်အတွက် လေယာဉ်လက်မှတ်ခမှာ တစ်စောင်လျှင် ရူဘယ် ၄၄၇၀၀ (အမေရိကန်ဒေါ်လာ ၅၆၃ ဒေါ်လာ) ကျသင့်မည်ဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

## ဂါဇာကမ်းမြောင်၌ လေကြောင်းမှရိက္ခာချပေးမှု အစ္စရေးတပ်မတော်စတင်

**ဂျေရုဆလင် ဇူလိုင် ၂၇**

ဂါဇာကမ်းမြောင်ဒေသအတွက် လေကြောင်းမှတစ်ဆင့် ရိက္ခာများ ချပေးမှုကို ဇူလိုင် ၂၆ ရက်တွင် စတင်နေပြီဖြစ်ကြောင်း အစ္စရေးတပ်မတော်က သတင်းထုတ်ပြန်ထားသည်။

ယင်းအပြင် ဂါဇာကမ်းမြောင်ဒေသမှ ပါလက်စတိုင်းလူမျိုးများ ရင်ဆိုင်နေသည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းကို လျှော့ချရေးအတွက် အခြားလုပ်ငန်း အစီအမံများကိုလည်း အကောင်အထည်ဖော်နေကြောင်း အစ္စရေးတပ်မတော် သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အလားတူ ဂါဇာပြည်သူများအတွက်ရိက္ခာအကူအညီများသယ်ဆောင်လာသည့် ကုလသမဂ္ဂယာဉ်တန်းများ ဘေးကင်းလုံခြုံရေးအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ စင်္ကြံလမ်းတစ်ခုဖွင့်လှစ်ပေးထားရန်လည်း အစ္စရေးတပ်မတော်က စီစဉ်ထားသည်။

ဂါဇာကမ်းမြောင်မြောက်ပိုင်း၌ လေကြောင်းမှတစ်ဆင့် ရိက္ခာထုပ်များ စတင်ချပေးနေပြီဖြစ်ကြောင်း ပါလက်စတိုင်း သတင်းအရင်းအမြစ်များက အတည်ပြုထားသည်။

ဂါဇာဒေသ၌ အငတ်ဘေးစတင်ပျံ့နှံ့နေပြီဖြစ်ကြောင်း နိုင်ငံတကာပရဟိတ အဖွဲ့အစည်းများက သတိပေးခဲ့ပြီးနောက် လေကြောင်းမှတစ်ဆင့် ရိက္ခာများချပေးမှုကို နိုင်ငံတကာပရဟိတ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အစ္စရေးနိုင်ငံက စတင်နေခြင်းဖြစ်သည်။

ကာတာနိုင်ငံ ဒိုဟာမြို့၌ အစ္စရေးနှင့် ဟားမတ်စ်အုပ်စုတို့ကြား တိုက်ရိုက်မဟုတ်သည့် အပစ်အခတ်ရပ်စဲရေးဆွေးနွေးပွဲများကျင်းပခဲ့ပြီးနောက် ဂါဇာဒေသ၌ လေကြောင်းမှတစ်ဆင့် ရိက္ခာများချပေးမှုကို အစ္စရေးနိုင်ငံက စတင်နေခြင်း ဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## Space-X ကုမ္ပဏီက Crew-11 မစ်ရှင်အတွက် Crew Dragon အာကာသလူသယ်ယာဉ်ကို ဖလော်ရီဒါပြည်နယ် ကနေဒီအာကာသစခန်းသို့ ပို့ဆောင်ထား



ဝါရှင်တန် ဇူလိုင် ၂၇

Space-X ကုမ္ပဏီသည် အာကာသယာဉ်မှူးလေးဦးကို နိုင်ငံတကာ အာကာသစခန်းသို့ပို့ဆောင်ပေးမည့် Crew-11 မစ်ရှင် အတွက် Crew Dragon အာကာသ လူသယ်ယာဉ်ကို ဖလော်ရီဒါပြည်နယ် ကနေဒီအာကာသစခန်းသို့ပို့ဆောင်ထားပြီးဖြစ်ကြောင်း ဇူလိုင် ၂၆ ရက် သတင်းများအရ သိရသည်။

Space-X ကုမ္ပဏီသည် Crew -11 မစ်ရှင်ကို ဇူလိုင် ၃၁ ရက်တွင် ကနေဒီအာကာသစခန်းမှတစ်ဆင့် ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ရန်စီစဉ်ထားသည်။

Crew-11 မစ်ရှင်ဖြင့် နိုင်ငံတကာ အာကာသစခန်းသို့ လွှတ်တင်မည့် Crew Dragon အာကာသ လူသယ်ယာဉ်နှင့်အတူ အမေရိကန် အာကာသယာဉ်မှူးနှစ်ဦး၊ ရုရှားအာကာသယာဉ်မှူး တစ်ဦးနှင့် ဂျပန်အာကာသယာဉ်မှူးတစ်ဦးတို့ လိုက်ပါသွားမည်ဖြစ်သည်။

အဆိုပါ အာကာသယာဉ်မှူးလေးဦးတို့သည် နိုင်ငံတကာ အာကာသစခန်း၌ ခြောက်လကြာ တာဝန် ထမ်းဆောင်မည်ဖြစ်ကြောင်း အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသ စီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)က သတင်းထုတ်ပြန်ထားသည်။

Crew-11 မစ်ရှင်အာကာသယာဉ်မှူးများ ရောက်ရှိချိန်တွင် မစ်ရှင်သက်တမ်း ပြည့်နေပြီဖြစ်သော Crew-10 မစ်ရှင် အာကာသယာဉ်မှူး လေးဦးတို့အနေဖြင့် ကမ္ဘာမြေအပြန်ခရီးစဉ် စတင်နိုင်မည်ဖြစ်သည်။

Ref : Russia Today

Trs : KKO

# HEALTH

## လေထုညစ်ညမ်းမှုနှင့်Dementia ရောဂါတို့ကြား ဆက်စပ်နေမှု ဗြိတိန်သုတေသနပညာရှင်များတွေ့ရှိ

လန်ဒန် ဇူလိုင် ၂၇

လေထုညစ်ညမ်းမှုနှင့် ဦးနှောက်စွမ်းဆောင်ရည် ထိခိုက်ပျက်စီးမှုရောဂါ (Dementia) ရောဂါတို့ကြား ဆက်စပ်နေမှုနှင့် ပတ်သက်၍ ခိုင်မာသည့်သက်သေကို ဗြိတိန်သုတေသနပညာရှင်များက ဖော်ထုတ်တွေ့ရှိထားကြောင်း ဇူလိုင် ၂၆ ရက် သတင်းများအရ သိရသည်။

ဗြိတိန် သုတေသနပညာရှင်များသည် ဥရောပ၊ မြောက်အမေရိက၊ အာရှ၊ ဩစတြေးလျနိုင်ငံတို့မှ လူပေါင်း ၂၉ သန်းကျော်ပါဝင်သည့် လေ့လာချက်ပေါင်း ၅၁ ခုတို့မှ ရရှိထားသော အချက်အလက်များကို လေ့လာဆန်းစစ်ခဲ့ကြကြောင်း သိရသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့် ရလဒ်များအရ လေထုညစ်ညမ်း ရုပ်မှုန်ပုံစံသုံးမျိုးနှင့် Dementia ရောဂါတို့ကြား ခိုင်မာသည့် ဆက်စပ်မှုရှိနေသည်ကို တွေ့ရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ အရွယ်အစား ၂ ဒသမ ၅ မိုက်ခရွန်အောက်ရှိသည့် လေထုညစ်ညမ်းရုပ်မှုန်များ၊ နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက်ရုပ်မှုန်များ၊ မော်တော်ယာဉ် ရုပ်ကြွင်းလောင်စာ လောင်ကျွမ်းမှုများကြောင့် ပေါ်ထွက်လာသော ရုပ်မှုန်များနှင့် ရေရှည်ထိတွေ့မှုကြောင့် Dementia ရောဂါဖြစ်နိုင်ခြေလည်း သိသိသာသာ မြင့်တက်လာနိုင်ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

ဥပမာအားဖြင့် PM 1.5 ရုပ်မှုန်များပါဝင်မှုမြင့်မားသော လေထုလွှာနှင့် ရေရှည်ထိတွေ့ခဲ့ပါက Dementia ရောဂါဖြစ်နိုင်ခြေ ၁၇ ရာခိုင်နှုန်း မြင့်တက်လာနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

Ref : Sputnik News

Trs : KKO

## နေအဖွဲ့အစည်း၏ အိမ်နီးချင်းကြယ်စနစ်တစ်ခုဖြစ်သော L 98-59 ကြယ်စနစ်၏ ပဉ္စမမြောက်ဂြိုဟ်ကို သိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိ

အော့တဝါ ဇူလိုင် ၂၇

နေအဖွဲ့အစည်း၏ အိမ်နီးချင်း ကြယ်စနစ်တစ်ခုဖြစ်သည့် L 98-59 အမည်ရှိ ကြယ်စနစ်၏ ပဉ္စမမြောက်ဂြိုဟ်ကို သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိခဲ့ကြကြောင်း ဇူလိုင် ၂၆ ရက် သတင်းများအရ သိရသည်။

L 98-59 ကြယ်စနစ်၏ ပဉ္စမမြောက်ဂြိုဟ်ကို L 98-59 ဂြိုဟ်ဟု၍ ကနေဒါနိုင်ငံ မွန်ထရေးတက္ကသိုလ်မှ သိပ္ပံပညာရှင်များက အမည်ပေးထားသည်။

L 98-95 ကြယ်သည် အေးမြသည့် အနီရောင်ကြယ်သိမ်တစ်စင်းဖြစ်ပြီး L 98-59 F ကဲ့သို့ ကျောက်သားဂြိုဟ်များ ပိုင်ဆိုင်ထားသည့် ဂြိုဟ်ဖြစ်သည်။



L 98-59 F ဂြိုဟ်သည် အရွယ်အစားကြီးမားသော ကျောက်သားဂြိုဟ်တစ်စင်းဖြစ်ပြီး ဒြပ်ထုအားဖြင့် ကမ္ဘာမြေထက် နှစ်ဆကျော်ပိုကြီးမားသည်။

L 98-59 F ဂြိုဟ်သည် မိခင်ကြယ်ဖြစ်သည့် L 98-59 ကြယ်ကို ကမ္ဘာမြေရက်အားဖြင့် ၂၃ ရက်လျှင် တစ်ပတ်ကျ လှည့်ပတ်နေကြောင်း သိရသည်။

ကနေဒါ သိပ္ပံပညာရှင်များသည် L 98-59 F ဂြိုဟ်ကို ဟက်ခ်ရေဒီယိုတယ်လီစကုပ်နှင့် အက်စပရက်ဆို ရေဒီယိုတယ်လီစကုပ်တို့၏ အကူအညီဖြင့် ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## ဗီတာမင်ဒီဓာတ်ချို့တဲ့မှု ပြင်းထန်ပါက အယ်ဇိုင်းမားရောဂါဖြစ်နိုင်ခြေ မြင့်တက်လာနိုင်

နယူးယောက် ဇူလိုင် ၂၇

ဗီတာမင်ဒီဓာတ်ချို့တဲ့မှုပြင်းထန်ပါက ဦးနှောက်စွမ်းဆောင်ရည် ထိခိုက်ပျက်စီးမှုရောဂါ (Dementia) နှင့် အယ်ဇိုင်းမားရောဂါဖြစ်နိုင်ခြေ သိသိသာသာ မြင့်တက်လာနိုင်ကြောင်း ဇူလိုင် ၂၆ ရက် သတင်းများအရ သိရသည်။

အမေရိကန်သုတေသနပညာရှင်များသည် လူထောင်ပေါင်းများစွာ ပါဝင်သည့် လေ့လာချက်ပေါင်း ၁၆ ခုတို့မှရရှိသောအချက်အလက်များကို လေ့လာဆန်းစစ်ခဲ့ကြသည်။

လေ့လာချက်မှပေါ်ထွက်လာသည့်ရလဒ်များအရ သွေးအတွင်း ဗီတာမင်ဒီ ပါဝင်မှုအဆင့် နည်းပါးခဲ့ပါက Dementia ရောဂါနှင့် အယ်ဇိုင်းမားရောဂါဖြစ်နိုင်ခြေတို့ သိသိသာသာ မြင့်တက်လာတတ်သည်ကိုတွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

သုတေသန ပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ သွေးအတွင်း ဗီတာမင်ဒီ စုစည်းမှုအဆင့်မှာ သွေးတစ်မီလီလီတာလျှင် ဗီတာမင်ဒီ ၂၀ နာနိုဂရမ်ထိသာရှိခဲ့ပါ Dementia ရောဂါ သို့မဟုတ် အယ်ဇိုင်းမားရောဂါ ဖြစ်နိုင်ခြေ ၃၃ ရာခိုင်နှုန်းထိ မြင့်တက်လာနိုင်ကြောင်း သိရသည်။

သွေးအတွင်းဗီတာမင်ဒီ စုစည်းမှုအဆင့်မှာ သွေးတစ်မီလီလီတာလျှင် နာနိုဂရမ် ၁၀ ထိသာရှိခဲ့ပါက Dementia ဖြစ်နိုင်ခြေ ၅၀ ရာခိုင်နှုန်းနီးပါးနှင့် အယ်ဇိုင်းမားဖြစ်နိုင်ခြေ ၅၁ ရာခိုင်နှုန်းထိ မြင့်တက်လာနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

Ref : Russia Today

Trs : KKO




## တတိယမြောက် ကြယ်တာရာဟင်းလင်းပြင်ဖြတ် အာကာသဒြပ်ထည် 31/ ATLAS ကြယ်တံခွန်၌ ရေခဲလွှာများခိုအောင်းနေ

ဆန်တီယာဂို ဇူလိုင် ၂၇

နေအဖွဲ့အစည်းအတွင်း ဝင်ရောက်လာသည့် တတိယမြောက် ကြယ်တာရာ ဟင်းလင်းပြင်ဖြတ် အာကာသဒြပ်ထည်ဖြစ်သည့် 31/ ATLAS ကြယ်တံခွန်၌ ရေခဲလွှာများ ခိုအောင်းနေကြောင်း သိပ္ပံပညာရှင်များ၏ အဆိုကိုကိုးကား၍ ဇူလိုင် ၂၆ ရက်သတင်းများတွင် ရေးသားတင်ပြထားသည်။

31/ATLAS ကြယ်တံခွန်၌ ခိုအောင်းနေသော ရေဓာတ်များကို အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ IRTF ရေဒီယိုတယ်လီစကုပ်၏ အကူအညီဖြင့် ချီလီသိပ္ပံပညာရှင်များက ဖော်ထုတ်တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

31/ATLAS ကြယ်တံခွန် အတွင်း ခိုအောင်းနေသော ရေဓာတ်များ၏ သက်တမ်းမှာ နှစ်ပေါင်း ခုနစ်ဘီလီယံထိရှိရာ နေအဖွဲ့အစည်းထက်ပင် သက်တမ်းပိုရင့်သည်ဟု ချီလီသိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

31/ATLAS ကြယ်တံခွန်ကို ဇူလိုင် ၁ ရက်တွင် ATLAS ရေဒီယိုတယ်လီစကုပ်ဖြင့် အမေရိကန်သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

31/ATLAS ကြယ်တံခွန်မတိုင်မီ နေအဖွဲ့အစည်းအတွင်း ဝင်ရောက်လာသည့် ကြယ်တာရာ ဟင်းလင်းပြင်ဖြတ် အာကာသဒြပ်ထည်များမှာ ၂၀၁၇ ခုနှစ်တွင် ဝင်ရောက်လာသည့် အိုမူအာမူအာ ဂြိုဟ်သိမ်နှင့် ၂၀၁၉ ခုနှစ်တွင် ဝင်ရောက်ခဲ့သော 21/ Borisov ကြယ်တံခွန်တို့ ဖြစ်ကြကြောင်း သိရသည်။

31/ATLAS ကြယ်တံခွန်၏ သက်တမ်းမှာ နှစ်ပေါင်း ခုနစ်ဘီလီယံထိရှိကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

Ref : Xinhua News

Trs : KKO

## နိုင်ငံတကာ အားကစားသတင်းများ

# လာမည့်ဘောလုံးရာသီတွင် VAR စနစ်ကို ပြောင်းလဲအသုံးပြုမည်မဟုတ်ဟု အင်္ဂလန်ဘောလုံးအဖွဲ့ချုပ် အတည်ပြု



လန်ဒန် ဇူလိုင် ၂၇

အင်္ဂလန်နိုင်ငံ ဘောလုံးအဖွဲ့ချုပ်(အက်ဖ်အေ)က လာမည့်ဘောလုံးရာသီတွင် ပရီးမီးယားလိဂ်ပြိုင်ပွဲအပါအဝင် ပြိုင်ပွဲများအားလုံးတွင် VARစနစ်(ဗီဒီယိုအကူဒိုင်စနစ်)ကို ပြောင်းလဲအသုံးပြုမည်မဟုတ်ဟု အတည်ပြုကြေညာခဲ့ကြောင်း သိရသည်။

နိုင်ငံတကာဘောလုံးအဖွဲ့ချုပ် ဘုတ်အဖွဲ့က လာမည့်ဘောလုံးရာသီတွင် VARစနစ်(ဗီဒီယိုအကူဒိုင်စနစ်)မှ လက်ရှိကျင့်သုံးနေသည့်ပုံစံထက် VAR ဒိုင်လူကြီးများအတွက် ပိုမိုလုပ်ပိုင်ခွင့်ရရှိစေရန်အတွက်ထောင့်ကန်ဘောကန်တင်ချိန်နှင့် ဒုတိယအကြိမ်အဝါကတ်ပြသမှုများတွင် ပါဝင်ပတ်သက်စေရန် စီစဉ်လျက်ရှိနေသည်ဟု သတင်းများ ထွက်ပေါ်နေခြင်းဖြစ်သည်။

နိုင်ငံတကာဘောလုံးအဖွဲ့ချုပ် ဘုတ်အဖွဲ့က VAR စနစ် (ဗီဒီယိုအကူဒိုင်စနစ်)ကို VAR ဒိုင်လူကြီးများအတွက် ပိုမိုလုပ်ပိုင်ခွင့်ရရှိစေရန် အဆင့်မြှင့်တင်မှုများလုပ်ဆောင်မည်ဟု သတင်းများထွက်ပေါ်လျက်ရှိနေသော်လည်း အင်္ဂလန်နိုင်ငံဘောလုံးအဖွဲ့ချုပ်က လက်ရှိ VARစနစ် (ဗီဒီယိုအကူဒိုင်စနစ်)မှာ လုံလောက်မှုရှိနေပြီး အဆင့်မြှင့်တင်ရန် မလိုအပ်သည့်အတွက် အဆင့်မြှင့်တင်မှုများ လုပ်ဆောင်မည်မဟုတ်ဟု အတည်ပြုထားခြင်းဖြစ်သည်။

လက်ရှိဘောလုံးလောကတွင် VARစနစ် (ဗီဒီယိုအကူဒိုင်စနစ်)ကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနေသော်လည်း VAR စနစ် (ဗီဒီယိုအကူဒိုင်စနစ်)ကြောင့် ပွဲကစားချိန်များတွင် မလိုလားအပ်ဘဲ ပွဲချိန်များ ပိုမို ကြန့်ကြာလျက်ရှိနေကာ ကစားသမားများအတွက် ပင်ပန်းမှုများရှိနေသည့်အတွက် ဝေဖန်မှုများမြင့်တက်နေချိန်တွင် နိုင်ငံတကာဘောလုံးအဖွဲ့ချုပ် ဘုတ်အဖွဲ့က VARစနစ် (ဗီဒီယိုအကူဒိုင်စနစ်)ကို အဆင့်မြှင့်တင်မှုများလုပ်ဆောင်လျက်ရှိနေကြောင်း သိရသည်။

**Ref : Fotmob**
**Trs : STA**

# စပါးအသင်းက ဆွန်ဟောင်မင်၏ ပြောင်းရွှေ့ကြေးကို လျှော့ချပေးရန် စီစဉ်နေ

လန်ဒန် ဇူလိုင် ၂၇

စပါးအသင်းသည် အသင်းခေါင်းဆောင် ဆွန်ဟောင်မင်ကို ယခုအပြောင်းအရွှေ့ ကာလတွင် ရောင်းချသွားမည်ဖြစ်ပြီး ပြောင်းရွှေ့ကြေးမှာ စတာလင်ပေါင် သန်း ၂၀ သတ်မှတ်ထားသော်လည်း လျှော့ချပေးမည်ဖြစ်ကြောင်း သိရသည်။

ဆွန်ဟောင်မင်ကို မေဂျာလိဂ်ကလပ် အယ်လ်အေအက်ဖ်စီအသင်းကခေါ်ယူရန် ကမ်းလှမ်းမှုများပြုလုပ်ထားကာ ကစားသမားအနေဖြင့် မေဂျာလိဂ်သို့ ပြောင်းရွှေ့ရန် ဆုံးဖြတ်ထားပါက ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၂၀ ကို ထပ်မံလျှော့ချပေးမည်ဟု စပါးအသင်းတာဝန်ရှိသူများက ထုတ်ဖော်ပြောကြားခဲ့သည်။

စပါးအသင်းသည် အသက် ၃၃ နှစ်ရှိ ဆွန်ဟောင်မင်ကို စာချုပ်သက်တမ်း နောက်ဆုံးနှစ်သို့ ရောက်ရှိလာသဖြင့် သက်တမ်းတိုးရန်မစီစဉ်တော့ဘဲ စာချုပ်မကုန်ဆုံးမီ အသင်းဘဏ္ဍာရေးလိုအပ်ချက်အတွက် အပြီးသတ်ရောင်းချသွားမည်ဖြစ်သောကြောင့် ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၂၀ သတ်မှတ်ခဲ့ပြီးနောက် အယ်လ်အေအက်ဖ်စီအသင်းက တရားဝင်ကမ်းလှမ်းမှု ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ဆွန်ဟောင်မင်သည် ၂၀၁၅ ခုနှစ်က ဂျာမန်ကလပ် လေဗာကူဆင်အသင်းမှ စပါးအသင်းသို့ ရောက်ရှိခဲ့ပြီး အသင်းနှင့် ပွဲဦးထွက်ဘောလုံးရာသီတွင် ခြေစွမ်းပြသနိုင်ခဲ့သောကြောင့် အသင်းတွင် အဓိက ကစားသမားအဖြစ် ပါဝင်ခွင့်ရခဲ့သူဖြစ်သကဲ့သို့ ပြီးခဲ့သည့်ဘောလုံးရာသီကလည်း အသင်းအတွက် ပြိုင်ပွဲစုံ ၄၆ ပွဲပါဝင်၍ သွင်းဂိုး ၁၁ ဂိုးနှင့် ဂိုးဖန်တီးမှု ၁၁ ကြိမ်ပြုလုပ်နိုင်ခဲ့ပြီး အသင်းကို ယူရိုပါလိဂ်ဆုဖလား ရယူပေးနိုင်ခဲ့ကြောင်း သိရသည်။

**Ref : SI**
**Trs : ML**



# လက်ရှိအပြောင်းအရွှေ့ကာလတွင် ဘာစီလိုနာအသင်းအနေဖြင့် ကစားသမားသစ်ခေါ်ယူတော့မည်မဟုတ်ဟု အသင်းဥက္ကဋ္ဌအတည်ပြု

ဘာစီလိုနာ ဇူလိုင် ၂၇

ဘာစီလိုနာအသင်း ဥက္ကဋ္ဌ လာပေါ်တာက မိမိတို့အသင်းအနေဖြင့် လက်ရှိကစားသမားအပြောင်းအရွှေ့ကာလတွင် ကစားသမားသစ်ခေါ်ယူမှု ပြီးဆုံးခဲ့ပြီဖြစ်ပြီး ကစားသမားသစ်ခေါ်ယူရန် အစီအစဉ်မရှိဟု အတည်ပြုခဲ့ကြောင်း သိရသည်။

ဘာစီလိုနာ အသင်းသည် လက်ရှိနွေရာသီ ကစားသမားအပြောင်းအရွှေ့ ကာလတွင် ဂိုးသမားနေရာအတွက် အက်စ်ပန်ညိုအသင်းမှ ဂါစီယာနှင့်အတူ မန်ယူအသင်းမှ ရက်ရှ်ဖို့ဒ်၊ ကိုပင်ဟေဂင်အသင်းမှ ဘာဒက်ဂျီတို့ သုံးဦးကိုသာ ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ဘာစီလိုနာ အသင်းသည် လက်ရှိ အပြောင်းအရွှေ့ကာလ အစပိုင်းက အသင်းတိုက်စစ်ပိုင်းအတွက် ဘီလ်ဘာအိုအသင်းမှ နစ်ကိုးဝီလျံကို ဦးစားပေးပစ်မှတ်အဖြစ် ကာလရှည်ခေါ်ယူရန်အတွက် ကြိုးပမ်းခဲ့သော်လည်း အောင်မြင်မှု မရှိခဲ့သောကြောင့် နောက်ဆုံးကစားသမား ခေါ်ယူမှုအဖြစ် မန်ယူအသင်းမှ ရက်ရှ်ဖို့ဒ်ကို တစ်ရာသီ အငှားစာချုပ်ဖြင့် ခေါ်ယူခဲ့ပြီးနောက် ကစားသမားခေါ်ယူမှုများကို အဆုံးသတ်ခဲ့ခြင်းဖြစ်သည်။



ဘာစီလိုနာ အသင်းသည် ပြီးခဲ့သည့် ဘောလုံးရာသီက လက်ရှိ ကစားသမားအစုအဖွဲ့ဖြင့် စပိန်လာလီဂါဖလား၊ စပိန်ကိုပဒယ်ရေးဖလားနှင့် စပိန်စူပါဖလားတို့ကို ဆွတ်ခူးနိုင်ခဲ့သည့်အတွက် နည်းပြ ဟန်ဆီဖလစ်ကလည်း လက်ရှိ ကစားသမားစုဖွဲ့မှုဖြင့် ချန်ပီယံဆုများ ကာကွယ်နိုင်သည်ဟု ယုံကြည်သောကြောင့် ကစားသမားခေါ်ယူမှုများကို အဆုံးသတ်ရန်ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Fabrizio Romano**
**Trs : STA**

## အားကစားသတင်းအတိုအထွာများ

- ❑ ရီးရဲလ်မက်ဒရစ်အသင်းက ယခုအပြောင်းအရွှေ့ကာလတွင် တိုက်စစ်မှူး ရိုဒရီဂိုအပါအဝင် လူငယ်ကစားသမား အန်ဒရစ်၊ ဒေးဗစ်အလာဘာ၊ ဒန်နီစီဘယ်လော့၊ ဖာလန်းမန်စီတို့ ငါးဦးကို ရောင်းချသွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။
- ❑ စင်ကာပူနိုင်ငံတွင် ကျင်းပပြုလုပ်နေသည့် ရာသီကြိုခြေစမ်းပွဲစဉ်တွင် အာဆင်နယ်အသင်းက နယူးကာဆယ်အသင်းကို သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရခဲ့သောကြောင့် ခြေစမ်းပွဲနှစ်ပွဲကစားခဲ့ရာ နှစ်ပွဲစလုံး နိုင်ပွဲရခဲ့ခြင်းဖြစ်သည်။
- ❑ တိုက်စစ်မှူး အစ်ဆက်ခ်သည် ပေါင်ခြံဒဏ်ရာကြောင့် ရာသီကြိုခြေစမ်းခရီးစဉ်ကို အသင်းနှင့်လိုက်ပါနိုင်ခြင်းမရှိဘဲ အသင်းမှထွက်ခွာရန်ကြိုးပမ်းနေသဖြင့် နည်းပြဟိုဝီက လက်ကျန်ခြေစမ်းပွဲစဉ်များတွင် အစ်ဆက်ခ်သည် အသင်းနှင့်ပူးပေါင်းနိုင်မည့် အခွင့်အရေးမရှိတော့ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

**ML**

# အယ်နာဆာအသင်းက တိုက်စစ်မှူး ဂျာအိုဖီးလစ်ကို ခေါ်ယူရန် သဘောတူညီမှုရရှိ

ရီယာ့ဒ် ဇူလိုင် ၂၇

တိုက်စစ်မှူး ဂျာအိုဖီးလစ်ကို ဘင်ဖီကာအသင်းက ခေါ်ယူရန် အကြိုသဘောတူညီမှု ရယူနိုင်ခဲ့သော်လည်း ယခုအခါ အယ်နာဆာအသင်းက ဂျာအိုဖီးလစ်ကို ကြားဖြတ်ခေါ်ယူရန် ကစားသမား၏ ကိုယ်စားလှယ်များနှင့် ဆွေးနွေးခဲ့ရာ သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။

ဂျာအိုဖီးလစ်သည် ပြီးခဲ့သည့် ဘောလုံးရာသီက အေစီမီလန်အသင်းသို့ အငှားစာချုပ်ဖြင့် သွားရောက် ကစားခဲ့ပြီးနောက် ချဲလ်ဆီးအသင်းနှင့် ပြန်လည်ပူးပေါင်းချိန်တွင် အသင်းက ဖီဖာကလပ်ကမ္ဘာ့ဖလား လူစာရင်းမှ ချန်လှပ်ခဲ့ကာ ၎င်းကိုရောင်းချရန်



ပြင်ဆင်ခဲ့သောကြောင့် ကစားသမားအနေဖြင့် မိခင်ကလပ် ဘင်ဖီကာအသင်းသို့ ပြန်လည်ပြောင်းရွှေ့ရန် ဆုံးဖြတ်ခဲ့သည်။

ထို့နောက် ဘင်ဖီကာအသင်းတာဝန်ရှိသူများက ဂျာအိုဖီးလစ်ကို ခေါ်ယူရန် ချဲလ်ဆီးအသင်းနှင့် သဘောတူညီမှုရရှိရန် ကြိုးပမ်းခဲ့ပြီး အပြီးသတ်ပြောင်းရွှေ့မှုများ လုပ်ဆောင်နေချိန်တွင် အသင်းဖော်ကစားသမား စီရော်နယ်ဒို၏ အယ်နာဆာအသင်းက ကြားဖြတ်ခေါ်ယူရန် ကြိုးပမ်းခဲ့ကာ လာမည့် ၄၈ နာရီအတွင်း ခေါ်ယူနိုင်ရန် ယုံကြည်နေကြောင်း သိရသည်။

လက်ရှိတွင် ဘင်ဖီကာအသင်း ဥက္ကဋ္ဌ ရူအီအနေဖြင့် လာမည့် စနေနေ့တွင် ဖီနာဘာချီအသင်းနှင့် ကစားရမည့်ပွဲစဉ်တွင် ဂျာအိုဖီးလစ်ကို ထည့်သွင်းအသုံးပြုရန် စီစဉ်ထားပြီး အယ်နာဆာအသင်းကလည်း ဂျာအိုဖီးလစ်ကို ခေါ်ယူနိုင်ပါက ဗုဒ္ဓဟူးနေ့တွင်ကစားမည့် စထရာဘော့အသင်းနှင့်ပွဲစဉ်၌ ထည့်သွင်း အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

**Ref : Goal.com**
**Trs : ML**

# လာမည့်ဩဂုတ်လအတွက် လက်ရွေးစင်အသင်းများနှင့် ကလပ်အသင်းပြိုင်ပွဲ ပွဲစဉ်များကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အတည်ပြုထုတ်ပြန်

ရန်ကုန် ဇူလိုင် ၂၇

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က လာမည့်ဩဂုတ်လအတွင်း ကျင်းပသွားမည့် မြန်မာ့လက်ရွေးစင်အသင်းများ၏ နိုင်ငံတကာပွဲစဉ်များနှင့် ကလပ်အသင်းပွဲစဉ်များကို အတည်ပြု ထုတ်ပြန်ခဲ့ကြောင်း သိရသည်။



လာမည့် ဩဂုတ်လအတွင်း မြန်မာ့လက်ရွေးစင်အသင်းများ၏ နိုင်ငံတကာ ပြိုင်ပွဲများအဖြစ် မြန်မာ့လက်ရွေးစင် ယူ-၂၀ အမျိုးသမီးအသင်းသည် အာရှ ယူ-၂၀ အမျိုးသမီးပြိုင်ပွဲ ခြေစစ်ပွဲကစားသွားရမည်ဖြစ်ပြီး မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည်ဖြစ်ကာ ဩဂုတ် ၆ ရက်တွင် တာ့ခ်မင်နစ္စတန်အသင်း၊ ဩဂုတ် ၈ ရက်တွင် အင်ဒိုနီးရှားအသင်း၊ ဩဂုတ် ၁၀ ရက်တွင် အိန္ဒိယအသင်းနှင့်လည်းကောင်း အသီးသီးကစားသွားမည်ဖြစ်သည်။

အလားတူ ပြည်ပတွင်ကစားမည့်ပြိုင်ပွဲများအဖြစ် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် အာဆီယံအမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲ ကစားရမည်ဖြစ်ပြီး ဩဂုတ် ၇ ရက်တွင် ဩစတြေးလျ အသင်း၊ ဩဂုတ် ၁၀ ရက်တွင် တီမောလက်စ်တေ အသင်း၊ ဩဂုတ် ၁၃ ရက်တွင် ဖိလစ်ပိုင်အသင်းနှင့်လည်းကောင်း၊ မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းသည်လည်း အာဆီယံ ယူ-၁၆ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲကို ဩဂုတ် ၁၈ ရက်မှ ၂၉ ရက်အတွင်း ဗီယက်နမ်အသင်း၊ ကမ္ဘောဒီးယားအသင်းတို့နှင့် ကစားရမည်ဖြစ်သည်။

အလားတူ ကလပ်အသင်းပြိုင်ပွဲများကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပသွားမည်ဖြစ်ကာ ရှမ်းယူနိုက်တက်အသင်းက AFF Shopee Cup ပြိုင်ပွဲအဖြစ် ဩဂုတ် ၁၅ ရက်တွင် လာအိုကလပ် EZRA အသင်း၊ ရန်ကုန်ယူနိုက်တက် အသင်းက AFF Challenge League ပွဲစဉ်အဖြစ် ဩဂုတ် ၁၂ ရက်တွင် EZRA အသင်း၊ ISPE အမျိုးသမီးအသင်းကလည်း အာရှအမျိုးသမီးချန်ပီယံလိဂ်ပြိုင်ပွဲအဖြစ် ဩဂုတ် ၂၅ ရက်တွင် Strykers အသင်း၊ ဩဂုတ် ၂၈ ရက်တွင် Khovd Western အသင်း၊ ဩဂုတ် ၃၁ ရက်တွင် Stallion အသင်းနှင့်လည်းကောင်း အသီးသီး ကစားသွားရမည်ဖြစ်ကြောင်း သိရသည်။

STA

# ဝက်စ်ဟမ်းအသင်းကစားသမား ပါကွီတာ၏လုပ်ပွဲပြဿနာစွဲချက်နှင့်ပတ်သက်ပြီး အက်ဖ်အေက မကြာမီ ဆုံးဖြတ်ချက်ချမှတ်မည်ဟု အတည်ပြု

လန်ဒန် ဇူလိုင် ၂၇

အင်္ဂလန် ဘောလုံးအဖွဲ့ချုပ် (အက်ဖ်အေ)က ဝက်စ်ဟမ်းအသင်းမှ ပါကွီတာ၏ လုပ်ပွဲပြဿနာအတွက် စွဲချက်တင်ထားမှုနှင့်ပတ်သက်ပြီး မကြာမီ ဆုံးဖြတ်ချက် ချမှတ်သွားမည်ဟု အတည်ပြုခဲ့ကြောင်း သိရသည်။

ပါကွီတာသည် ပြီးခဲ့သည့် ၂၀၂၃ ခုနှစ် ဩဂုတ်လကတည်းက လုပ်ပွဲကစားမှုနှင့် ပတ်သက်ပြီး အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်၏စုံစမ်းစစ်ဆေးမှုများ ခံယူခဲ့ရပြီးနောက် ၂၀၂၄ ခုနှစ် မေလက စွဲချက်တင်စစ်ဆေးခံနေရခြင်းဖြစ်သည်။

အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်က ပါကွီတာ၏လုပ်ပွဲပြဿနာစွဲချက်တင်ထားမှုနှင့်ပတ်သက်ပြီး ပြီးခဲ့သည့်ဧပြီလအတွင်းက ကြားနာစစ်ဆေးမှုများလုပ်ဆောင်ခဲ့သော်လည်း ဆုံးဖြတ်ချက်ချမှတ်ရန် ကြန့်ကြာနေခြင်းဖြစ်သည့်အတွက် ယခုအခါ မကြာမီ အပြီးသတ် ဆုံးဖြတ်ချက် ချမှတ်သွားမည်ဟု အတည်ပြုထားခြင်းဖြစ်သည်။

ပါကွီတာသည် ဝက်စ်ဟမ်းအသင်းသို့ပြောင်းရွှေ့ကစားခဲ့ပြီးနောက် ၂၀၂၂ခုနှစ် နိုဝင်ဘာလက ကစားခဲ့သည့် ဝက်စ်ဟမ်းအသင်းနှင့်လက်စတာအသင်းပွဲစဉ်၊ ၂၀၂၃ ခုနှစ် မတ်လက ကစားခဲ့သည့် ဝက်စ်ဟမ်းအသင်းနှင့် လိဒ်အသင်းတို့ပွဲစဉ်၊ဩဂုတ်လကကစားခဲ့သည့် ဝက်စ်ဟမ်းအသင်းနှင့်ဘုန်းမောက်အသင်းတို့ပွဲစဉ်တွင် မလိုလားအပ်ဘဲ အဝါကတ်ပြားများပြသခံခဲ့ကာ ၎င်းအဝါကတ်များကို တမင်ပြသခံခဲ့ရသည့်ဖြစ်ရပ်နောက်တွင် ၎င်းကိုယ်တိုင် ပါဝင်ပတ်သက်နေသည်ဟု စွဲချက်တင်ခံခဲ့ရပြီးနောက် အက်ဖ်အေ၏ စစ်ဆေးမှုများနှင့် ရင်ဆိုင်နေရခြင်း ဖြစ်ကြောင်း သိရသည်။

Ref : Goal.com

Trs : STA

# လီဗာပူးအသင်းကစားသမား ဒီယက်ဇ်ကို ဘိုင်ယန်မြူးနစ်အသင်း ပြောင်းရွှေ့ကြေး ယူရို ၇၅ သန်းဖြင့် ခေါ်ယူရန်သဘောတူညီမှုရရှိ

ဘာလင် ဇူလိုင် ၂၇

ဘိုင်ယန်မြူးနစ် အသင်းက လီဗာပူးအသင်းမှ တောင်ပံ တိုက်စစ်ကစားသမား ဒီယက်ဇ်ကို ပြောင်းရွှေ့ကြေး ယူရို ၇၅ သန်းဖြင့် လေးနှစ်စာချုပ်ချုပ်ဆိုကာ ခေါ်ယူရန်အတွက် သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။

ဘိုင်ယန်မြူးနစ်အသင်းသည် ပြီးခဲ့သည့် ဘောလုံးရာသီအကုန်က အသင်းမှ ဝါရင့်တောင်ပံ တိုက်စစ်ကစားသမား သောမတ်မူလာနှင့် စာချုပ်သက်တမ်းကုန်ဆုံးကာ လမ်းခွဲခဲ့ပြီးနောက် ၎င်း၏ နေရာတွင် အစားထိုးရန်အတွက် ကစားသမားရှာဖွေမှုများ ကာလရှည်လုပ်ဆောင်ခဲ့ရာမှ ဒီယက်ဇ်ကို မြင့်မားသည့် ပြောင်းရွှေ့ကြေး တစ်ရပ်ဖြင့် ခေါ်ယူနိုင်ခဲ့ခြင်းဖြစ်သည်။

ဒီယက်ဇ်သည် ၂၀၂၀ ခုနှစ်က ပေါ်တိုအသင်းမှ လီဗာပူးအသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီးနောက် နည်းပြဟောင်း ကလော့ပ်လက်အောက်တွင် အဓိက ကစားသမားတစ်ဦးအဖြစ် ကာလရှည်ပါဝင်ကစားခဲ့သော်လည်း ပြီးခဲ့သည့် ဘောလုံးရာသီက နည်းပြသစ်အာနီစလော့ လက်အောက်တွင် ပွဲကစားခွင့်များ နည်းပါးလာခဲ့သည့်အတွက် လက်ရှိအပြောင်းအရွှေ့ကာလတွင် အသင်းမှထွက်ခွာရန် ဆုံးဖြတ်ထားခြင်းဖြစ်သည်။

ဘိုင်ယန်မြူးနစ် အသင်းက ဒီယက်ဇ်ကိုခေါ်ယူရန် လက်ရှိအပြောင်းအရွှေ့ကာလ အစပိုင်းကတည်းက ကြိုးပမ်းမှုများလုပ်ဆောင်ခဲ့ပြီးနောက် ဒီယက်ဇ်နှင့် ပုဂ္ဂိုလ်ရေးအရသဘောတူညီမှုများ ရရှိခဲ့သော်လည်း ဘိုင်ယန်မြူးနစ်အသင်းနှင့် ပြောင်းရွှေ့ကြေးညှိနှိုင်းမှု အဆင်မပြေဖြစ်ခဲ့သည့်အတွက် ကြန့်ကြာနေခဲ့ခြင်းဖြစ်သည်။

ဘိုင်ယန်မြူးနစ် အသင်းက ဒီယက်ဇ်ကို ခေါ်ယူရန်အတွက် နောက်ဆုံးအကြိမ်အဖြစ် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ်ဖြစ်သည့် ယူရို ၇၅ သန်းဖြင့် ကမ်းလှမ်းမှုများလုပ်ဆောင်ခဲ့ရာမှ လီဗာပူးအသင်းဘက်ကလည်း ဘိုင်ယန်မြူးနစ်အသင်း ကမ်းလှမ်းခဲ့သည့် ပြောင်းရွှေ့ကြေးကို လက်ခံခဲ့သောကြောင့် ဒီယက်ဇ်၏အပြောင်းအရွှေ့အတွက် နှစ်ဖက်အသင်းအကြား သဘောတူညီမှုရရှိခဲ့ခြင်းဖြစ်ပြီး မကြာမီ ဆေးစစ်မှုများ လုပ်ဆောင်၍ အပြီးသတ်စာချုပ်ချုပ်ဆိုသွားမည်ဖြစ်ကြောင်း သိရသည်။

Ref : Fabrizio Romano

Trs : STA

# နော်တင်ဟမ်အသင်းက တောင်ပံကစားသမား ဂစ်ဗ်ိုက်ကို သုံးနှစ်စာချုပ်သက်တမ်းတိုးခဲ့ကြောင်း ထုတ်ပြန်

လန်ဒန် ဇူလိုင် ၂၇

နော်တင်ဟမ် အသင်းသည် စပါးအသင်းသို့ ပြောင်းရွှေ့ရန် ပုဂ္ဂိုလ်ရေး သဘောတူညီမှုရရှိထားသည့် တောင်ပံကစားသမား ဂစ်ဗ်ိုက်ကို ၂၀၂၈ ခုနှစ်ထိ သုံးနှစ်စာချုပ်သက်တမ်းတိုး၍ အသင်းတွင် ဆက်လက်ထိန်းသိမ်းနိုင်ခဲ့ကြောင်း ထုတ်ပြန်ခဲ့သည်။

ဂစ်ဗ်ိုက်သည် ယခုလအစောပိုင်းက စပါးအသင်းသို့ စာချုပ်ဖျက်သိမ်းကြေး စတာလင်ပေါင် သန်း ၆၀ ဖြင့် ပြောင်းရွှေ့ရန် အပြီးသတ်သဘောတူညီမှု ရရှိထားသော်လည်း အသင်းတာဝန်ရှိသူများက တောင်ပံကစားသမား အယ်လန်ဂါကို လက်လွှတ်ခဲ့သောကြောင့် ဂစ်ဗ်ိုက်ကို ထပ်မံရောင်းချလိုခြင်းမရှိသဖြင့် ကစားသမားနှင့် ဆွေးနွေးမှုပြုလုပ်ခဲ့ရာ အသင်းတွင် ဆက်လက်ကစားရန် ဆုံးဖြတ်ချက်ချခဲ့ခြင်းဖြစ်သည်။

နော်တင်ဟမ် အသင်းသည် ပြီးခဲ့သည့် ဘောလုံးရာသီက ချန်ပီယံလိဂ်ဝင်ခွင့် ရရှိမည့်အခွင့်အရေးရခဲ့သော်လည်း ရာသီပိတ်သိမ်းချိန်တွင် အသင်းအနေဖြင့် အဆင့်(၇)နေရာတွင်သာ ရပ်တည်နိုင်ခဲ့ပြီး ဂစ်ဗ်ိုက်က အသင်းအတွက် ၃၄ ပွဲ ပါဝင်ကစားပေးခဲ့ရာတွင် သွင်းဂိုး ခုနစ်ဂိုးနှင့် ဂိုးဖန်တီးမှု ၁၀ ကြိမ်ထိ ပြုလုပ်ပေးခဲ့ကာ အသင်းအတွက် အဓိကခြေစွမ်းပြသနိုင်ခဲ့သည်။

လက်ရှိတွင် အဆင့်(၇)နေရာဖြင့် အဆုံးသတ်ခဲ့သည့် နော်တင်ဟမ်အသင်းသည် ကနဦးက ယူရိုပါကွန်ဖရင့်လိဂ် ပြိုင်ပွဲကစားခွင့်သာရရှိမည်ဖြစ်ပြီး အသင်းပိုင်ရှင်တူစည်းမျဉ်းကြောင့် ပဲလေ့စ်အသင်းက ယူရိုပါကွန်ဖရင့်လိဂ်သို့ ဆင်းကစားရမည် ဖြစ်သဖြင့် နော်တင်ဟမ်အသင်းက ယူရိုပါလိဂ်ကစားခွင့်ရရှိရန် သေချာနေပြီး ဩဂုတ် ၁၁ ရက်မတိုင်မီ ယူအီးအက်ဖ်အေက ဆုံးဖြတ်ချက် ချမှတ်ပေးမည်ဖြစ်ကြောင်း သိရသည်။

Ref : Espn

Trs : ML



# ဖလာမင်ဂိုအသင်းက အာဆင်နယ်တိုက်စစ်မှူး ဂျီးဆပ်ကို အငှားစာချုပ်ဖြင့်ခေါ်ယူရန်ဆွေးနွေး

ရီယိုဒီဂျနေရိုး ဇူလိုင် ၂၇

ဘရာဇီးကလပ် ဖလာမင်ဂို အသင်းသည် အာဆင်နယ်အသင်းက ရောင်းချရန်ပြင်ဆင်နေသည့် တိုက်စစ်မှူး ဂျီးဆပ်ကို ကနဦး အငှားစာချုပ်ဖြင့် ခေါ်ယူရန် တရားဝင် ဆွေးနွေးမှုများပြုလုပ်လျက်ရှိသည်။

ဖလာမင်ဂို အသင်းသည် တိုက်စစ်မှူးဂျီးဆပ်ကို အငှားစာချုပ်ဖြင့်ခေါ်ယူရန် အသင်းအနေဖြင့် ကစားသမား၏ လုပ်ခလစာ ၅၀ ရာခိုင်နှုန်းကို ပေးချေမည်ဖြစ်ပြီး ကျန်ရှိသည့် ၅၀ ရာခိုင်နှုန်းကို အာဆင်နယ်အသင်းက ပေးချေရန် ကလပ်အသင်းနှစ်ခုကြား ညှိနှိုင်းမှုပြုလုပ်နေကြောင်း သိရသည်။

အသက် ၂၈ နှစ်ရှိ တိုက်စစ်မှူးသည် လက်ရှိတွင် အရွတ်ထိခိုက်ဒဏ်ရာကြောင့် လာမည့် ဇန်နဝါရီလမှ ပြန်လည်ပူးပေါင်းနိုင်မည်ဖြစ်သော်လည်း ကစားသမားအနေဖြင့် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဘရာဇီးအသင်းနှင့် ပါဝင်လိုသောကြောင့် အသင်းတွင် ဆက်လက်ရှိနေပါက ကိုင်ဟာဗက်နောက်တွင်သာ ပါဝင်နေရသည့်အပြင် လက်ရှိတွင်လည်း တိုက်စစ်မှူး ဂိုကာရက်ဇ်ရောက်ရှိလာ၍ ပုံမှန်ပွဲထွက်ခွင့်ရရှိရန် မသေချာတော့ခြင်းဖြစ်သည်။

ထို့ကြောင့် ကစားသမားအနေဖြင့် ဒဏ်ရာကောင်းမွန်လာပါက ပုံမှန်ပွဲထွက်ကစားခွင့် ရရှိနိုင်မည့် ဘရာဇီးကလပ် ဖလာမင်ဂိုအသင်းသို့ပြောင်းရွှေ့ရန်ဆန္ဒရှိနေပြီး ၎င်း၏ မိသားစုနှင့် နီးစပ်မည်ဖြစ်သည့်အပြင် ပရော်ဖက်ရှင်နယ်ကစားသမားဘဝ ပုံမှန်ပွဲကစားခွင့်လည်း ရရှိမည်ဖြစ်သောကြောင့် ပြောင်းရွှေ့ရန်သေချာနေကြောင်း သိရသည်။

Ref : Goal.com

Trs : ML

# ဘဝရတနာမြတ်ပညာ

**လင်းလက်**

**ပညာဆိုသောရတနာ**

လူတို့၏ ဘဝခရီးလမ်းလျှောက်လှမ်းရာတွင် အမှားနှင့်အမှန်ကို ခွဲခြမ်းသိမြင်နိုင်သော အသိဉာဏ်ကို ပေးစွမ်းနိုင်သောအရာပညာပင်ဖြစ်သည်။ "ပညာသမာ၊ အာဘာနတ္ထိ"ဆိုသည့်စကားနှင့်အညီ ဘဝခရီးလမ်းအတွက် လိုအပ်သည့်အလင်းရောင်ကို ပေးအပ်နိုင်စွမ်းရှိသည်ကလည်း "ပညာ"ပင်ဖြစ်သည်။ ပညာနည်းပါး၍ ဆင်ခြင်တုံတရားအားနည်းသူတို့သည် အမှား၊ အမှန်ခွဲခြားနိုင်စွမ်း ကင်းမဲ့သွားတတ်သဖြင့် ထိုသူတို့၏ ဘဝခရီးလမ်းသည် စမ်းတဝါးဝါးဖြင့် လမ်းမှားသို့သာဦးတည်တတ်သည်။ ကားတစ်စီးသည် လိုရာခရီးသို့ အဆင်ပြေချောမွေ့စွာ ရောက်ရှိနိုင်ရေးအတွက် ထိုကားတွင် တပ်ဆင်ထားသော အင်ဂျင်ကောင်းမွန်နေရန်လိုအပ်သည်။ လူတို့တွင်လည်း ဘဝအတွက် လိုရာခရီးကိုအဆင်ပြေချောမွေ့စွာရောက်ရှိနိုင်ရေးအတွက် "ပညာ"ဆိုသောအရာက မောင်းနှင်ပေးရသည်။

လူတို့သည် ရသမျှသောပစ္စည်းဥစ္စာတို့ကို အချိန်ရှိခိုက် လုံ့လစိုက်၍ ရှာဖွေစုဆောင်းရမည်ဖြစ်သည်။ မိမိတို့ အားသွန်ခွန်စိုက် ရှာဖွေစုဆောင်းအပ်သောပစ္စည်းဥစ္စာတို့သည် ကံမကောင်းအကြောင်းမလှသည့်အခါ ပျက်စီးဆုံးရှုံးရတတ်သည်။ ပစ္စည်းဥစ္စာဆိုသည်မှာ မတည်မြဲသည့်သဘောရှိတတ်သည်။ "ပညာ"ဆိုသည့်အရာသည်ကား အဖိုးမဖြတ်နိုင်သည့် ထုတ်ယူသုံးစွဲ၍ မကုန်နိုင်သည့် ရတနာရွှေအိုးပမာ မိမိနှင့်အတူ ထပ်ကြပ်မကွာရှိနေမည့် အရာဖြစ်သည်။ ထို့ကြောင့် "ဥစ္စာဟူသည် မျက်လှည့်မျိုး၊ ပညာဟူသည် မြတ်ရွှေအိုး" ဆိုသည့်ဆိုရိုးစကားကို ထာဝရလက်ကိုင်ထား၍ ပညာရွှေအိုးကို ထာဝရပြည့်ဖြိုးနေအောင် ကြိုးစားရမည်ဖြစ်သည်။

**ငယ်စဉ်အခါ ပညာရှာ**

ပစ္စည်းဥစ္စာဟူသည် ပျက်စီးတတ်သည့် သဘောရှိသကဲ့သို့ မသမာသောနည်းလမ်းဖြင့် ရှာဖွေစုဆောင်းအပ်သောပစ္စည်းဥစ္စာတို့သည် သာမန်ထက်ပို၍ လွယ်လွယ်ကူကူဆုံးရှုံးတတ်သည်။ ပညာဖြင့်ယှဉ်သော၊ ပညာကိုအခြေခံ၍ ဉာဏ်ဖြင့်ကြိုးစားရှာဖွေအပ်သောပစ္စည်းဥစ္စာတို့သည်ကား သမာအာဇီဝဖြင့်ရသောဥစ္စာများဖြစ်သဖြင့် ဥစ္စာစစ်၊ ဥစ္စာမှန်ဖြစ်သဖြင့် လွယ်လင့်တကူပျက်စီးဆုံးရှုံးမှုမဖြစ်နိုင်ပေ။ ပညာတတ်သူသည် အသိဉာဏ်မဲ့သောလုပ်ရပ်မျိုးဖြင့် အသက်မွေးဝမ်းကြောင်းပြုကာ စီးပွားရှာဖွေလိမ့်မည်မဟုတ်ပေ။ မိမိ၊ သူတစ်ပါးနှစ်ဦးစလုံးအကျိုးကျေးဇူးရှိနိုင်သည့် လုပ်ရပ်မျိုးကိုတတ်နိုင်သမျှ ကြိုးစားလုပ်ဆောင်ရင်းဖြင့် ဘဝလိုအပ်ချက်ကို ဖြည့်ဆည်းတတ်သည်။ ငယ်စဉ်အခါ ပညာကိုရှာဖွေခြင်းမပြုခဲ့သူများသည် ပညာမဲ့သူများဖြစ်မှန်းမသိဖြစ်လာခဲ့ပြီး ထိုသူများ၏ လုပ်ရပ်များသည်လည်း လူကျင့်ဝတ်များကို ဖောက်ဖျက်သွားမိတတ်ကြသည်။

လူ့ဘဝကို သာမာန်အားဖြင့် "ပထမအရွယ်၊ ဒုတိယအရွယ်၊ တတိယအရွယ်"ဟု ခွဲခြားလေ့လာကြည့်နိုင်သည်။ ပထမအရွယ်ဖြစ်သော ကလေးအရွယ်သည် မိဘအုပ်ထိန်းသူများ၏ ပြုစုစောင့်ရှောက်မှုအောက်တွင် နေရသည့်အရွယ်ပင်ဖြစ်သည်။ ထိုအရွယ်သည် ပစ္စည်းဥစ္စာရှာဖွေခြင်းအတတ်ပညာကို မတတ်မြောက်သေးသကဲ့သို့ လောကလူ့ရွာ၏ သိသင့်သိထိုက်သော ဘဝအသိပညာများကိုလည်း မတတ်မြောက်သေးပေ။ ကလေးအရွယ်သည် ဘဝအစပင်ဖြစ်သဖြင့် ထိုအရွယ်သည် အလွန်အရေးကြီးသည်။ ကလေးအရွယ်ကတည်းက ပညာနှင့်ဝေးကွာသွား၍မဖြစ်ပေ။ ကလေးအရွယ်တွင် ပညာနှင့်ဝေးကွာသွားသည့်အခါ ဘဝခရီးအလယ် ဒုတိယအရွယ်ဖြစ်သော လူငယ်အရွယ်သို့ ရောက်သောအခါ မည်သည့်နည်းဖြင့် အသက်မွေးရမည်မသိဖြစ်တတ်သည်။ ပညာမတတ်၍ မသိခြင်းများဖုံးလွှမ်းသွားသည့်အခါ မလုပ်သင့်မလုပ်ထိုက်သည့် ဒုစရိုက်လုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်းပြုလုပ်မိတတ်ကြသည်။ ထို့ကြောင့် "ပညာကိုရှေး၊ ဥစ္စာကိုနောက်"ဆိုသည့်စကားကို ရှေးလူကြီးများက ထားရှိခဲ့သည်။ ပထမအရွယ်တွင် အတတ်ပညာကိုရှာဖွေ၍ ဒုတိယအရွယ်တွင် စီးပွားဥစ္စာရှာဖွေနိုင်မည်ဆိုပါက တတိယအရွယ်လူကြီးဘဝတွင် အေးချမ်းတည်ငြိမ်စွာ တရားရှာနိုင်မည်ဖြစ်သည်။

**❖ အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းကဟူသည့်အတိုင်း စာပေပညာများသင်ကြားပေးနေသည့် ဆရာ၊ ဆရာမများကလည်း ကျောင်းသား၊ ကျောင်းသူများကို အတန်းပညာတတ်မြောက်ရေးအပြင် စိတ်ဓာတ်နှင့် စည်းကမ်းကောင်းမွန်ရေး၊ တိုင်းပြည်ချစ်စိတ်နှင့် မျိုးချစ်စိတ်ဓာတ်တို့မြင့်မားလာစေရေး၊ နိုင်ငံ့သားကောင်းများဖြစ်လာစေရေး၊ နိုင်ငံတော်အတွက် အားကိုးအားထားပြုရမည့် လူသားအရင်းအမြစ်များဖြစ်ပေါ်လာစေရေး အထူးအလေးထား ကြိုးစားသင်ကြားပေးသင့်ပေသည်။ ❖**

**ပထမဦးဆုံးခြေလှမ်း**

လူ့ဘဝ၏ ကနဦးအစကလေးအရွယ်တွင် ပညာရေးနှင့် ဝေးကွာသွားရမည်ဆိုပါက လူငယ်အရွယ်သို့ရောက်သည့်အခါတွင် ဘဝလမ်းကို မည်သို့လျှောက်လှမ်းသင့်သည်ဆိုသည့် အတွေးအခေါ်များမရှိနိုင်တော့ပေ။ နီးစပ်ရာဆွဲဆောင်မှုနောက်သို့လိုက်ပါ၍ "ဘယ်သူသေသေ ငတေမာပြီးရော"ဆိုသည့်လုပ်ရပ်မျိုးဖြင့် အသက်မွေးမိတတ်ကြသည်။ ဒုစရိုက်လုပ်ငန်းလုပ်ကိုင်လိုသူများသည် ပညာမတတ်သည့် လူငယ်များ အတွေးအခေါ် အားနည်းသည့် လူငယ်များကို ပစ်မှတ်ထားကာ စည်းရုံးသိမ်းသွင်းကြသည်။ လူ့ဘဝ၏ပထမဦးဆုံးသောခြေလှမ်းတို့သည် ခေါင်းလောင်းသံများဖြင့် လွှမ်းမိုးထားသည့် ဘဝ အသိ ပညာတို့ကို ပေးစွမ်းသည့် စာသင်ခန်းအတွင်းသို့ ရောက်ရှိစေရေးက အရေးကြီးသည်။ ထိုခြေလှမ်းတို့ မှားယွင်းသွားပြီး လူငယ်အရွယ် ရောက်သွားသည့်အခါ ပညာမတတ်၊ အတွေးအခေါ်မဲ့ဖြစ်ကာ မသမာသူတို့၏ ဆွဲဆောင်မှုနောက်သို့ ကောက်ကောက်ပါအောင် လိုက်ပါသွားတတ်သည်။ ပညာမဲ့၍ မသိခြင်းတရားတို့ ဖုံးလွှမ်းသွားသည့်အခါ လူမှုပတ်ဝန်းကျင်ကို ထိခိုက်စေသည့် အသက်မွေးမှုမျိုးကို ပြုလုပ်မိတတ်ကြသည်။ ထို့ထက်ပို၍ဆိုးသည်က လူငယ်များ၏ဘဝတွင် စဉ်းစားဖို့ပင်မသင့်သည့် ဒုစရိုက်လုပ်ငန်းများ၊ လူမှုပတ်ဝန်းကျင်ကို ဖျက်ဆီးသည့် လုပ်ရပ်များကိုပင် ကျူးလွန်မိတတ်ကြပြီး မဖြစ်သင့်သောအကြမ်းဖက်သမားများဘဝသို့ပင် ရောက်သွားတတ်ကြသည်။

နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး၊ လူမှုရေးစသည့် စနစ်များကို ဝင်ရောက်ဖျက်ဆီးပစ်ရန်ကားမလွယ်ကူပေ။ ပညာရေးမဏ္ဍိုင်ကို ယိမ်းယိုင်သွားစေအောင် ပြုလုပ်လိုက်သည့်အခါတွင် နိုင်ငံအတွင်း ပညာတတ်များနည်းပါးသွားပြီး ကျန်စနစ်များအားလုံး အားနည်းသွားနိုင်သည်။ ပညာတတ်များ နည်းပါးသွားသည့်အခါတွင် "အရာရာကို အပြစ်မြင်တတ်သော၊ တစ်ဦးနှင့်တစ်ဦး ဖေးမကူညီမှုများနည်းပါးသော၊ ဒုစရိုက်မှုများပေါ်များသော၊ အကြမ်းဖက်ရက်စက်မှုများဖြစ်ပေါ်နေသော" လူမှုပတ်ဝန်းကျင်တစ်ခုဖြစ်ပေါ်လာမည်ဖြစ်သည်။ တရားဥပဒေစိုးမိုးမှုများ အားနည်းသွားသည့်အခါတွင် ဘက်စုံထောင့်စုံဖွံ့ဖြိုးမှုများကို ပုံဖော်ရန်မဖြစ်နိုင်တော့ပေ။ သို့ဖြစ်ရာ ငယ်စဉ်အခါပညာကိုရှာဖွေဆည်းပူးခြင်းသည် မိမိဘဝအတွက် လိုအပ်သည့် အတွေးအခေါ်နှင့်အသိဉာဏ်ပညာတို့ကိုရရှိနိုင်သကဲ့သို့ မိမိပတ်ဝန်းကျင်ကို လှပအောင်ဖန်တီး၍ နိုင်ငံတော်ကိုပါ တိုးတက်အောင်ကြံဆောင်နိုင်မည် ဖြစ်ပေသည်။

**တွေးခေါ်နိုင်စွမ်း**

"ပညာ"ဆိုသည့် အရာ၏ အဓိကအနှစ်သာရမှာ တွေးခေါ်နိုင်စွမ်းပင်ဖြစ်သည်။ အသိဉာဏ်ပညာ မြင့်မား၍ တွေးခေါ်နိုင်စွမ်းရှိသူသည် အရာရာကို အမှားအမှန် တွေးတောဆင်ခြင်ပြီးမှသာ လုပ်ကိုင်ဆောင်ရွက်တတ်ကြသည်။ အလုပ်တစ်ခုသည် မည်မျှဝင်ငွေကောင်းသည်ဟုဆိုသည်မှု ထိုအလုပ်သည် လူမှုပတ်ဝန်းကျင်ကို အကျိုးယုတ်စေပြီး လူသားတို့ကို ထိခိုက်စေမည်ကိုသိပါက တွေးခေါ်နိုင်စွမ်းရှိသူသည် ထိုအလုပ်ကိုလုပ်လိမ့်မည်မဟုတ်ပေ။ လူမှုပတ်ဝန်းကျင်တွင် ကောင်းမှုမကောင်းမှုတို့ကလည်း အစဉ်သဖြင့် ရောထွေးနေတတ်သဖြင့် မှန်ကန်စွာရွေးချယ်ဆောင်ရွက်တတ်ရန် လိုအပ်ပေသည်။ ပညာဖြင့် ဆန်းစစ်နိုင်စွမ်းရှိသည့်အခါ လူမှုပတ်ဝန်းကျင်ကို ထိခိုက်စေမည့်အရာဟူသမျှကို လုပ်မိလိမ့်မည်မဟုတ်ပေ။

လူမှုကွန်ရက်မီဒီယာများ ခေတ်စားလာသည့်အခါတွင် မသမာသူဝိသမလောဘသမားများက အွန်လိုင်းလိမ်လည်မှုများကို ပြုလုပ်လာကြသည်။ ငွေကြေးဇန်းပြ၍ မြူဆွယ်သည့်အခါ ပညာမဲ့သူတို့က တွေးတောဆင်ခြင်နိုင်စွမ်းမရှိဘဲ ပြောသည့်အတိုင်း ယုံမှတ်ပုံအပ်၍ လိုက်ပါဆောင်ရွက်လိုက်သည့်အခါတွင် အွန်လိုင်းလိမ်လည်မှုများ၏ မာယာကျော့ကွင်းအတွင်းဆင်းသက်မိလိုက်ကြရသည်။ အွန်လိုင်းပေါ်မှ သတင်းတု၊ သတင်းမှားများကလည်း ပညာမဲ့လူတန်းစားများကိုဆွဲဆောင်စည်းရုံး၍ အဖျက်အမှောက်လုပ်ရပ်များကိုပြုလုပ်လေ့ရှိကြသည်။ ကိုယ်တိုင် ငယ်စဉ်အခါ ပညာကိုစနစ်တကျ သင်ယူလေ့လာ၍ ပညာတတ်လူတန်းစားဖြစ်ခဲ့မည်ဆိုပါက အရာရာကို ချင့်ချိန်ဝေဖန်နိုင်စွမ်းရှိမည်ဖြစ်သဖြင့် ဖတ်မိသမျှ ကြားမိသမျှ သတင်းအချက်အလက်တို့ကို လွယ်လင့်တကူယုံကြည်လက်ခံ၍ လိုက်ပါဆောင်ရွက်လိမ့်မည်မဟုတ်ပေ။

**ပညာအမွေပေးနိုင်ကြပါစေ**

လက်ဦးဆရာမည်ထိုက်စွာ ပုဗ္ဗာစရိယမိနှင့်ဖ ဆိုသည့်စကားနှင့်အညီ ကလေးသူငယ်ဘဝတွင် အသိပညာဗဟုသုတများရရှိစေရေးအတွက် စာသင်ခန်းများအတွင်းသို့ ပို့ဆောင်ပေးရမည်က မိဘတို့၏ တာဝန်ပင်ဖြစ်သည်။ ကုဋေရှစ်ဆယ်သူဌေးသားပုံပြင်တွင် မိဘက သားကိုအိမ်မှာထားကာ ပညာသင်ကြားပေးခဲ့ခြင်းမရှိသဖြင့် မိဘများကွယ်လွန်သွားသည့်အခါတွင် ပညာလည်းမတတ်သောကြောင့် အများတကာ၏ လှည့်ဖြားမှုကိုခံရကာ စီးပွားဥစ္စာကုန်ခန်းပြီး တောင်းရမ်းစားသောက်ရသည်ထိဖြစ်ရသည်ကို သတိပြုမိကြရန်လိုသည်။ အချိန်တန်အရွယ်ရောက်၍ မိမိတို့၏သားသမီးများ ဘဝလမ်းခရီးလျှောက်လှမ်းကြရာတွင် မှန်ကန်တည့်မတ်စွာလျှောက်လှမ်းနိုင်ရေး၊ လူမှုပတ်ဝန်းကျင်နှင့် နိုင်ငံတော်ကိုအကျိုးပြုသူများဖြစ်စေရေးအတွက် ပညာအမွေပေးရမည်က မိဘတို့၏တာဝန်ပင်ဖြစ်သည်။

အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းကဟူသည့်အတိုင်း စာပေပညာများသင်ကြားပေးနေသည့် ဆရာ၊ ဆရာမများကလည်း ကျောင်းသား၊ ကျောင်းသူများကို အတန်းပညာတတ်မြောက်ရေးအပြင် စိတ်ဓာတ်နှင့် စည်းကမ်းကောင်းမွန်ရေး၊ တိုင်းပြည်ချစ်စိတ်နှင့် မျိုးချစ်စိတ်ဓာတ်တို့မြင့်မားလာစေရေး၊ နိုင်ငံ့သားကောင်းများဖြစ်လာစေရေး၊ နိုင်ငံတော်အတွက် အားကိုးအားထားပြုရမည့် လူသားအရင်းအမြစ်များဖြစ်ပေါ်လာစေရေး အထူးအလေးထား ကြိုးစားသင်ကြားပေးသင့်ပေသည်။ သို့မှသာ ပညာတတ်မျိုးဆက်သစ်များကို စဉ်ဆက်မပြတ် မွေးထုတ်ပေးနိုင်ပြီး နိုင်ငံတော်အတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များကို ဖြည့်ဆည်းပေးခြင်းဖြင့် နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ စာရိတ္တနှင့်ပြည်သူ့နီတိ သင်ခန်းစာကဲ့သို့သော သင်ခန်းစာများကတစ်ဆင့် ကျောင်းသားလူငယ်များကို အများအကျိုးနှင့် ကိုယ်ကျိုးအကြား ခွဲခြားတွေးတောနိုင်စွမ်းတို့ကိုလည်း သင်ကြားပေးနိုင်မည်ဖြစ်သဖြင့် ကြီးပြင်းလာသည့်အခါတွင် အများအကျိုးကို ထိခိုက်စေမည့် အသက်မွေးမှုများအပါအဝင် အကြမ်းဖက်လုပ်ရပ်များကို လုပ်မိလိမ့်မည်မဟုတ်ပေ။

**ဘဝကိုလှပစွာပုံဖော်ပါ**

ပညာတတ်တို့သည် လူမှုပတ်ဝန်းကျင်အကျိုးအတွက် သယ်ပိုးရင်းဖြင့် ဘဝလိုအပ်ချက်များကို ဖြည့်ဆည်းတတ်ကြသည်။ လူမှုပတ်ဝန်းကျင်ကို အရုပ်ဆိုးအကျည်းတန်စေမည့် လုပ်ရပ်မျိုးကိုလည်း ပြုလုပ်လိမ့်မည်မဟုတ်ပေ။ ကိုယ်တိုင်ပညာဖြင့်သာ ဘဝကိုမောင်းနှင်နိုင်သူဖြစ်သဖြင့် ကလေးသူငယ်များအပါအဝင် မျိုးဆက်သစ်လူငယ်များပညာသင်ကြားနေသည့် ရပ်ဝန်းများကိုလည်းလှပသာယာအောင် ကြိုးစားကြမည်ဖြစ်သည်။ သို့ဖြစ်ရာ ကလေးသူငယ်များအပါအဝင် မျိုးဆက်သစ်လူငယ်များအနေဖြင့် ကိုယ်တိုင်ဘဝတွင် ပညာရည်ပြည့်ဝအောင် ကြိုးစားခြင်းဖြင့် ဘဝခရီးလမ်းကိုချောမွေ့စွာလျှောက်လှမ်းနိုင်ကြမည်ဖြစ်ပြီး ကျင်လည်ရာပတ်ဝန်းကျင်ကိုလည်း အကျိုးပြုနိုင်မည်ဖြစ်သဖြင့် ဘဝရတနာမြတ်ပညာကို ကြိုးစားလေ့လာသင်ယူသင့်ပေသည်။

**ကိုးကား**

**- နေ့စဉ်ထုတ်သတင်းစာများ။**

## အထာတော့ထား ရုပ်ရှင်ဇာတ်ကားကို ဩဂုတ်လအတွင်း နိုင်ငံတစ်ဝန်းရှိ အဆင့်မြင့်ရုပ်ရှင်ရုံများတွင် ရုံတင်ပြသမည်




**ရန်ကုန် ဇူလိုင် ၂၇**

Angel Film Production က ရိုက်ကူးထုတ်လုပ်သည့် အထာတော့ထား ရုပ်ရှင်ဇာတ်ကားကို ဩဂုတ်လအတွင်း နိုင်ငံတစ်ဝန်းရှိ အဆင့်မြင့် ရုပ်ရှင်ရုံများတွင် ရုံတင်ပြသသွားမည် ဖြစ်ကြောင်း အဆိုပါ ဇာတ်ကားတွင် ပါဝင် သရုပ်ဆောင်ထားသည့် သရုပ်ဆောင် ညီထွဋ်ခေါင်ထံမှ သိရသည်။

အထာတော့ထား ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို စွမ်းပိုင်ကရေးသားထားကာ ဇာတ်ညွှန်းကို စွမ်းပိုင်နှင့် မင်းကိုစိုးတို့က ရေးသားထားပြီး ဒါရိုက်တာ ကိုဇော် (အရုဏ်ဦး)က တာဝန်ယူရိုက်ကူးထားကြောင်း သိရသည်။

"အချစ်ဟာသ ဇာတ်မြူးလေးပါ။ ဝါရင့်သရုပ်ဆောင်တွေ အများကြီးနဲ့ ပျော်ပျော်ပါးပါးကြည့်ရမဲ့ ဇာတ်ကားလေးပါ။ ဘဝအမောတွေကို တကယ်ပြေပျောက်စေမဲ့ ဟာသရသပေးစွမ်းနိုင်တဲ့ ဇာတ်ကားလေးဖြစ်ပါတယ်" ဟု ညီထွဋ်ခေါင်က ပြောပြသည်။

အထာတော့ထား ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် ကျော်ရဲအောင်၊ မြင့်မြတ်၊ ညီထွဋ်ခေါင်၊ ဘုန်းမင်းနေလ၊ လင်းလင်း၊ နေဆန်း၊ ကေညီ၊ နေလင်း၊ စူပါလင်း၊ အောင်သီဟ၊ မင်းလူနတ်၊ ရန်ပြေ၊ အောင်မျိုးမြတ်၊ အောင်တိုး၊ ပန်းသီး၊ ချောရတနာ၊ သဲစုညီမ်း၊ စိုးမိုးကြည်နှင့်အနုပညာရှင်များစွာ ပါဝင်ထားကြောင်း သိရသည်။ ASH

## The Land of Stories စာအုပ်များကို ရုပ်ရှင်အဖြစ် ဝါနာဘရားသားကုမ္ပဏီ ရိုက်ကူးမည်

**နယူးယောက် ဇူလိုင် ၂၇**

စာရေးဆရာ ခရစ်ကိုဖာ၏ The Land of Stories စာအုပ်များကို ရုပ်ရှင်ဇာတ်ကားအဖြစ် ရိုက်ကူးထုတ်လုပ်ရန် ဝါနာဘရားသားကုမ္ပဏီက စီစဉ်ထားကြောင်း ဇူလိုင် ၂၆ ရက် သတင်းများအရ သိရသည်။

The Land of Stories ဇာတ်ကားအတွက် ဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဒါရိုက်တာ ဖီးဂျွန်စတန်က ရေးသားမည်ဖြစ်သည်။


The Land of Stories ဇာတ်ကားသည် နတ်သမီးပုံပြင်များ အမှန်တကယ် အသက်ဝင်နေမည့် မှော်စာအုပ်ထဲ ရောက်ရှိသွားသော ညီအစ်ကိုနှစ်ဦး၏ အကြောင်းကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

လက်ရှိတွင် The Land of Stories ဇာတ်ကားအတွက် ဒါရိုက်တာနှင့်သရုပ်ဆောင်များကို ဝါနာဘရားသားကုမ္ပဏီက ရွေးချယ်နေဆဲဖြစ်သည်။

ဝါနာဘရားသားကုမ္ပဏီသည် ခရစ်ကိုဖာ၏ The Land of Stories စာအုပ်များကို ရုပ်ရှင်အဖြစ် ရိုက်ကူးရေးအတွက် မူပိုင်ခွင့်ရယူထားပြီး ဇာတ်ကားရိုက်ကူးမည့် အချိန်နှင့် စတင်ပြသမည့်အချိန်တို့ကို ဝါနာဘရားသားကုမ္ပဏီက ထုတ်ဖော်ပြောခြင်း မရှိသေးပေ။

**Ref : Sputnik News**

**Trs : KKO**



## အမျိုးသမီး တေးသံရှင်သုံးဦး၏ လေဒီများနဲ့ကခုန်မဲ့ည 3 Ladies Show တေးဂီတဖျော်ဖြေပွဲကို ဗိုလ်တထောင်မြို့နယ်ရှိ Lafaya Bar တွင် ပြုလုပ်သွားမည်




**ရန်ကုန် ဇူလိုင် ၂၇**

အမျိုးသမီး တေးသံရှင်သုံးဦး၏ လေဒီများနဲ့ ကခုန်မဲ့ည 3 Ladies Show တေးဂီတဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်ရှိ Lafaya Bar တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း အဆိုပါ တေးဂီတဖျော်ဖြေပွဲတွင် ပါဝင်သီဆိုဖျော်ဖြေမည့် တေးသံရှင် အိမ့်ချစ်ထံမှ သိရသည်။

အဆိုပါ လေဒီများနဲ့ကခုန်မဲ့ည 3 Ladies Show တေးဂီတဖျော်ဖြေပွဲကို Lafaya Bar တွင် ဩဂုတ် ၁ ရက် ညတွင် Night Live Concept အဖြစ် ပြုလုပ်သွားမည်ဖြစ်ပြီး တေးသံရှင် အိမ့်ချစ်၊ အယ်လ်ဆိုင်းဇီနဲ့ အိုင်ရင်းဇင်မာမြင့်တို့၏ သီဆိုဖျော်ဖြေ တင်ဆက်မှုများကို Public Music Band တေးဂီတအဖွဲ့က အကောင်းဆုံး ပံ့ပိုးတီးခတ် သွားမည်ဖြစ်ကြောင်း သိရသည်။

"Public Music Band ရဲ့ တီးခတ်မှုတွေနဲ့ အိမ့်ချစ်၊ အယ်လ်ဆိုင်းဇီနဲ့ အိုင်ရင်းဇင်မာမြင့်တို့ အားပါးတရ ဖျော်ဖြေပေးသွားဖို့ရှိပါတယ်။ Public Music Band ရဲ့ လူငယ်အဆိုတော်တွေ၊ ခေတ်ပေါ် beat တွေနဲ့ အတူ DJ Artists တွေ Dancer တွေကလဲ ကူညီ အားဖြည့်ဖျော်ဖြေပေးမှာ ဖြစ်တဲ့အတွက် ပရိသတ်တွေကို လာရောက်အားပေးဖို့ ဖိတ်ခေါ်လိုက်ရပါတယ်" ဟု တေးသံရှင် အိမ့်ချစ်က ပြောပြသည်။

အမျိုးသမီးတေးသံရှင် သုံးဦး၏ လေဒီများနဲ့ ကခုန်မဲ့ည 3 Ladies Show တေးဂီတဖျော်ဖြေပွဲကို လာမည့်ဩဂုတ် ၁ ရက်ညတွင် ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်ရှိ Lafaya Bar တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ ASH

## မိုက်ကယ်ဂျက်ဆင် အတ္ထုပ္ပတ္တိဇာတ်ကားကို ၂၀၂၆ ခုနှစ်အတွင်း ရုံတင်ပြသရန်စီစဉ်ထား

**နယူးယောက် ဇူလိုင် ၂၇**

Michael အမည်ရှိ မိုက်ကယ်ဂျက်ဆင်ဘဝ အတ္ထုပ္ပတ္တိဇာတ်ကားကို ၂၀၂၆ နှစ်အတွင်း ရုံတင်ပြသရန် ယူနီဗာဆယ်နှင့် Lionsgate ကုမ္ပဏီတို့က စီစဉ်ထားကြောင်း ဇူလိုင် ၂၆ ရက် သတင်းများအရ သိရသည်။

Michael ဇာတ်ကားကို ၂၀၂၆ ခုနှစ် ဧပြီ ၂၄ ရက်တွင် စတင်ရုံတင်ပြသမည်ဖြစ်ကြောင်း ယူနီဗာဆယ်နှင့် Lionsgate တို့က ကြေညာထားသည်။

Michael ဇာတ်ကားကို ရုံတင်ရာတွင် ယူနီဗာဆယ်က နိုင်ငံတကာဈေးကွက်အတွက် တာဝန်ယူထားပြီး Lionsgate ကုမ္ပဏီက ပြည်တွင်း ဈေးကွက်အတွက် တာဝန်ယူထားသည်။

Michael ဇာတ်ကားကို ဒါရိုက်တာ အန်တိုနီဖူကွာက တာဝန်ယူရိုက်ကူးထားပြီး ဝတ္ထုဇာတ်ညွှန်းကို ဂျွန်လိုဂန်က ရေးသားပေးထားကြောင်း သိရသည်။

Michael ဇာတ်ကားတွင် ကမ္ဘာကျော် ပေါ့ဘုရင်ကြီး မိုက်ကယ်ဂျက်ဆင်အဖြစ် ၎င်း၏တူတော်စပ်သူ ဂျာဖာဂျက်ဆင်က သရုပ်ဆောင်ထားပြီး မင်းသား ကိုးမန်ဒိုမင်ဂိုးနှင့် မင်းသမီး နီယာလောင်းတို့လဲ ပါဝင် သရုပ်ဆောင်ထားကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**



## လွမ်းလို့မကျန်ရစ်စေလို ဇာတ်လမ်းတွဲကို Mahar Application မှ HD Quality ဖြင့် ထုတ်လွှင့်သွားမည်ဖြစ်

**ရန်ကုန် ဇူလိုင် ၂၇**


လွမ်းလို့မကျန်ရစ်စေလို ဇာတ်လမ်းတွဲကို Mahar Application မှ HD Quality ဖြင့် ဩဂုတ်လပထမပတ်တွင် ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း အဆိုပါ ဇာတ်လမ်းတွဲတွင် အဓိက ဇာတ်ဆောင်အဖြစ် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင် ငြိမ်းသော်ထံမှ သိရသည်။

အဆိုပါ လွမ်းလို့မကျန်ရစ်စေလို ဇာတ်လမ်းသည် စာရေးဆရာမ လမင်းမိုမို၏ ကျွန်မ မရှိတော့တဲ့အခါ ဝတ္ထုကို အင်ကြင်းဟန်က ဇာတ်ညွှန်းရေးသားထားပြီး ဒါရိုက်တာ ကိုဇော် (အရုဏ်ဦး)က တာဝန်ယူရိုက်ကူးထားသည့် ဒရာမာအမျိုးအစား ဇာတ်လမ်းတွဲဖြစ်ကြောင်း သိရသည်။

"လူတိုင်းရဲ့ရင်ထဲမှာ ငယ်ရွယ်စဉ်က လုပခဲ့တဲ့အတိတ်တွေရှိဖူးကြမှာပါ။ အတိတ်က နေ့ရက်တွေဆီ ပြန်ရောက်သွားသလို ခံစားရမဲ့ ''လွမ်းလို့မကျန်ရစ်စေလို'' ဇာတ်လမ်းတွဲကတော့ ကြည့်နေကြ အချစ်ဇာတ်လမ်းမျိုးမဟုတ်ဘဲ ရသမျိုးစုံကို တစ်နေရာထဲမှာ ကြည့်ရှုခံစားရမဲ့ ဇာတ်လမ်းတွဲပဲဖြစ်ပါတယ်။ ဆရာမ လမင်းမိုမိုရဲ့ အောင်မြင်ထင်ရှားတဲ့ ဝတ္ထုဖြစ်တဲ့အတွက် မူရင်းအရသာ မပျက်အောင်အားလုံးက ကြိုးစားထားတဲ့ ဇာတ်လမ်းတွဲလေးပါ။ ဩဂုတ်လပထမပတ်ထဲမှာ ထုတ်လွှင့်ပေးသွားမှာပါ" ဟု သရုပ်ဆောင်ငြိမ်းသော်က ပြောပြသည်။

အဆိုပါ ဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် အောင်ရဲလင်း၊ ငြိမ်းသော်၊ ထူးမွန်၊ မွန်းဆန်း၊ ထက်သောသူ၊ ထွန်းလူ၊ ပိုင်ခန့်၊ ရွှေမှုံရတီ၊ မြတ်ကေသီအောင်၊ ဇာလေး၊ ဇာခြည်လွင်နှင့် သရုပ်ဆောင်ပေါင်းများစွာ ပါဝင်ကြောင်း သိရသည်။ ASH

# Thirteen persons including children and the elderly were killed and 15 others injured when KNLA and PDF terrorists inhumanely and recklessly attacked innocent residents in Lapat village with small weapons, sticks and swords for no apparent reason


Documentary photo showing local military officials meeting with and providing support and Food supplies to victims injured in the brutal and inhumane shootings carried out by KNLA and so-called PDF terrorists.

**Nay Pyi Taw July 27**

Thirteen persons including children and the elderly were killed and 15 others injured when KNLA and PDF terrorists attacked innocent residents in Lapat village, about 4000 meters west of Kyaukkyi in Kyaukkyi Township, Bago Region, with small weapons, sticks and swords for no apparent reason.

As soon as they received information about the incident, Tatmadaw columns conducted area security operations and surveyed the village. KNLA and PDF terrorists entered the village from its northeast sector and eastern sector at about 1 am on 25 July and mercilessly murdered innocent villagers including infants and senior citizens with small weapons and hit them and cut them with sticks and knives. During the spree murder, eight males and five females including one ten-month-old baby, two three-year olds, one four-year old, one six-year-old, one seven-year-old and one ten-year-old were killed and three males and 12 females including one three-year old and one-ten-year-old were wounded.

All the murdered villagers were given a proper burial in accord with the traditions by the security personnel, responsible persons and villagers, and the wounded were rushed to the local military dispensary. Today, officials of the local unit visited the patients, gave words of encouragement and provided them with food and cash assistance.

According to the Geneva Convention and International Law, the inhumane and reckless killing of innocent villagers, who were non-military targets, by KNLA and PDF terrorists is a war crime. Local people are denouncing the illegal and thoughtless acts of the terrorists, and the security members are carrying out security operations with the public involvement to expose and capture the terrorists.

The wounded victims of the event described their experiences as follows:

**Voices of the Injured**

1. Woman

I live in Lapat village. When all of us in the house were gathered together, the insurgents shot their way in and dragged us out. They tied up the men, and right in front of us, they shot and hacked with knives—both the children and my son. Then they took us further up the area and left us there. After about half an hour to an hour, the Tatmadaw came to get us and took us to the hospital.

2. Woman

I live in Lapat village. The terrorists came in. They shot at us and took my entire family away. They tied up the men and took them away. They just took the women and children as they were. They made us sit like this and then hacked at us with knives and shot at us. They shot at my little girl, and I tried to shield her with my hand. My hand was also hit. The ten-month-old baby in my arms died. Then they took us further up the area. After taking us, they kept us in a cattle pen. After about half an hour to an hour, the Tatmadaw rescued us and took us to the hospital.

3. Woman

I live in Lapat village. When the terrorist groups started shooting, our villagers ran and gathered at Grandma Khin Mya's house. The terrorists came in, took our group away, and confined us in a house. They tied up the men, shot them, and hacked at them with knives—some died, and others were injured. From there, they took us further up to a cattle pen and kept us for quite a while. Then they left, and the Tatmadaw came to take us away, so we reached the hospital. 100


Documentary photo of innocent civilians injured in the cruel and inhumane shootings carried out by KNLA and so-called PDF terrorists.


Documentary photo of innocent civilians killed in the vicious and inhumane shootings carried out by KNLA and so-called PDF terrorists.


An injured woman.


An injured woman.


An injured woman.

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Pwintbyu Township finishes harvest of more than 18,000 acres of sesame



Farmers harvesting sesame in a field.

**Pwintbyu July 27**

The Township Agriculture Department in Pwintbyu Township of Magway Region stated that local farmers have harvested 18,950 acres of summer sesame.

In Pwintbyu Township, a total of 57,616 acres of sesame were cultivated during the summer crop season. Harvesting began in the third week of June this year, and as of today, harvesting has been completed on 18,950 acres. It is reported that the average yield is 7.12 baskets per acre.

Daw Moe Moe Wai, Head of the Township Department of Agriculture in Pwintbyu, said:

"In Pwintbyu Township, harvesting of sesame fields planted during the summer crop season began in the third week of June, and as of today, harvesting has been completed on 18,950 acres. Regarding summer sesame harvesting, we are supervising and providing technical assistance to ensure timely harvesting and proper storage under shelters to maintain good quality of the harvested sesame."

It is known that sesame cultivated using GAP (Good Agricultural Practices) methods has better quality and fetches higher prices compared to sesame grown using other methods. This not only allows for sales in the domestic market but also enables export to foreign markets, increasing income and contributing to the improvement of socio-economic conditions.

Daw Moe Moe Wai further stated that if sesame can be cultivated with improved productivity, it will not only fulfill the local demand for oil consumption but also generate additional income through surplus sales. Therefore, efforts should be made across all regions to expand sesame cultivation.

Ye Win Naing (NyaungU)

# More than 90,000 acres of pigeon pea planted in Kanbalu Township

**Kanbalu July 27**

Statistics of Kanbalu Township Agriculture Department stated that local farmers have planted 93,236 acres of pigeon pea as monsoon crops in Kanbalu Township of Sagaing Region.

For the 2025-2026 monsoon crop season, local authorities earmarked to cultivate 115,660 acres of pigeon peas in Kanbalu Township. Cultivation began in May this year, and as of today, 93,236 acres have already been planted.

U Myo Zaw, Head of the Township Department of Agriculture in Kanbalu, said:

"This year, during the monsoon crop season, we have planned to cultivate over 100,000 acres of pigeon peas in Kanbalu Township. As of today, over 93,000 acres have been planted. We are working to ensure the full target acreage is achieved. We are also taking measures to ensure high yields from the pigeon pea cultivation. Farmers grow pigeon peas both as a sole crop and as an intercrop."



A pigeon pea plantation.

This year, the Kanbalu Township Department of Agriculture has been providing field-level education to pigeon pea farmers on selecting quality seeds, adopting correct cultivation methods, avoiding pest risks, and improving crop yield.

Additionally, the Department is disseminating techniques on the combined use of urea and gypsum fertilizers to help reduce costs for farmers. It is reported that using urea mixed with gypsum lowers cultivation expenses, keeps the crops free from pests, and supports healthy plant growth.

206

# ChaungU Township harvests over 2,000 acres of summer sesame

**ChaungU July 27**

A total of 2,165 acres of summer sesame planted this year in ChaungU Township, Monywa District, Sagaing Region, have been harvested, according to the Department of Agriculture for ChaungU Township.

ChaungU Township has been able to plant 2,165 acres of summer sesame during this year's summer crops planting season, and the summer sesame fields have been harvested since May this year. As of today, 100 percent of the acres have been harvested, with an output of 16.89 baskets per acre.

"We are working to ensure that the target acres are met. We have also taken steps to expand the sesame planting area, improve yields, and cultivate with GAP techniques," said U Tint Swe, head of the Department of Agriculture for ChaungU Township.

Crops grown under the GAP system are better in quality than crops grown under other farming methods, fetch higher prices, and can be sold not only in the domestic market but also in foreign markets, which will benefit farmers who grow under the GAP system and improve their socio-economic lives.

206

# Hundreds protest Trump's visit to Scotland amid heavy security

**London July 27**

Hundreds of people took to the streets of Aberdeen and Edinburgh on Saturday to protest the arrival of U.S. President Donald Trump, who is in Scotland for a five-day visit.

A heavy police presence was maintained outside the Trump Turnberry resort in South Ayrshire, as authorities prepared for potential risks, including terrorism-related threats. Sky News reported that Scottish police had requested support from other parts of Britain to bolster security.

Assistant Chief Constable Emma Bond said that it would be "inappropriate" to overlook last year's assassination attempt on Trump while planning security for the visit. She described the operation as one of the most complex and challenging tasks that Scottish police have undertaken in years, with the cost expected to be "significant."

A group called "UK Stop Trump Coalition" posted videos on TikTok on Saturday, with one clip captioned, "Aberdeen is filling up with protesters against Donald Trump's golfing visit."

Protesters held signs reading "FELON 47 NOT WELCOME HERE," referencing Trump's criminal conviction, and displayed photos of Trump alongside Jeffrey Epstein.

Hundreds of demonstrators gathered near the William Wallace statue in central Aberdeen, where speakers included Scottish Green co-leader Patrick Harvie, climate activists and minority rights advocates, according to local STV News. Protesters also raised concerns over the humanitarian crisis in Gaza. Xinhua

# Egyptian, French leaders discuss mediation efforts on Gaza ceasefire

**Cairo July 27**

Egyptian President Abdel-Fattah al-Sisi on Saturday discussed mediation efforts to achieve a ceasefire in the Gaza Strip during a phone call with his French counterpart, Emmanuel Macron, the Egyptian presidency said in a statement.

The two leaders stressed the importance of ensuring the delivery of adequate and appropriate humanitarian aid to the people of Gaza.

They also emphasized the necessity of reaching a just and comprehensive solution to the Palestinian issue in accordance with international legitimacy resolutions.

Sisi welcomed Macron's recent announcement of France's intention to officially recognize the State of Palestine during the upcoming 80th session of the United Nations General Assembly in September, saying that the decision is part of France's ongoing efforts "to implement the two-state solution."

Sisi also reaffirmed Egypt's support for a French-Saudi initiative aimed at organizing a high-level international conference on the peaceful settlement of the Palestinian issue, scheduled to be held in New York later this month.

Macron, for his part, expressed his country's full support for Egypt's mediation efforts, according to the statement.

The Israeli military campaign in Gaza since October 2023 have left more than 59,000 Palestinians killed and over 143,000 injured, according to Gaza's health authorities.

Xinhua

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## တူကီယံနိုင်ငံ ASELSAN ကုမ္ပဏီက GURZ မောင်းသူမဲ့လေကြောင်းရန်ကာကွယ်ရေးစနစ်ကို ထုတ်ဖော်ပြသ




တူကီယံနိုင်ငံ ASELSAN ကုမ္ပဏီက IDEF 2025 ပြပွဲတွင် GURZ မောင်းသူမဲ့ လေကြောင်းရန် ကာကွယ်ရေးစနစ်ကို ထုတ်ဖော်ပြသခဲ့ကြောင်း Army Recog-nition သတင်းဌာနက ဇူလိုင် ၂၃ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

၎င်းစနစ်ကို ခေတ်သစ်စစ်မြေပြင်တွင် ပိုမိုအရေးပါလာသော ဒရုန်းများ၊ ဒုံးကျည်များနှင့် ရဟတ်ယာဉ်များဖြင့် အနိမ့်ပျံသန်းတိုက်ခိုက်မှုများကို တန်ပြန်ရန် ဒီဇိုင်းထုတ်ထားခြင်းဖြစ်သည်။ အလိုအလျောက်စနစ် သို့မဟုတ် အဝေးထိန်းစနစ်ဖြင့် လုပ်ဆောင်နိုင်စွမ်းရှိသည့် GURZ လေကြောင်းရန်ကာကွယ်ရေး စနစ်သည် လျင်မြန်မှု၊ ရွေ့လျားစစ်ကစားနိုင်မှုနှင့် ဗဟိုမှကွပ်ကဲထိန်းချုပ်မှု လျှော့ချထားသော ဆုံးဖြတ်ချက်ချနိုင်မှုတို့သည် နယ်ပယ်စုံပဋိပက္ခများတွင် တိုက်ပွဲဝင်နိုင်မှုအခြေအနေများနှင့်အညီ ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။ ပဋိပက္ခများ အပြင်းအထန်ဖြစ်ပွားလာချိန်မျိုး၌ ဒရုန်းအမြောက်အမြား အသုံးပြုတိုက်ခိုက် လေ့ရှိသည့် စစ်နည်းဗျူဟာများဖြင့် မဟာဗျူဟာမြောက် အရေးပေါ်အခြေအနေတွင် GURZ မောင်းသူမဲ့လေကြောင်းရန်ကာကွယ်ရေးစနစ်သည် ရှေ့တန်းကျကျ တပ်ရင်း၊ တပ်ဖွဲ့များအတွက် နည်းပညာဆိုင်ရာ ဖြေရှင်းချက်တစ်ရပ်အဖြစ် အချိန်မီထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။

GURZ မောင်းသူမဲ့လေကြောင်းရန် ကာကွယ်ရေးစနစ်သည် ဒုံးကျည်၊ အမြောက် ဒွန်တွဲပေါင်းစပ်ထားသော လက်နက်နှစ်မျိုး တပ်ဆင်ထားသည်။ လှုပ်ရှားစစ်ကစားနိုင်စွမ်း မြင့်မားသော တာတိုပစ်လေကြောင်းရန်ကာကွယ်ရေး စနစ်ဖြစ်သည်။ ယခင်စနစ်များနှင့်မတူသည့်အချက်မှာ အလိုအလျောက် ကိုယ်တိုင်တိုက်ပွဲဝင်နိုင်မှု သို့မဟုတ် အဝေးထိန်းစနစ်ဖြင့် လုပ်ဆောင်နိုင်စေသည့် onboard artificial intelligence (AI) ပါဝင်လာခြင်းပင်ဖြစ်သည်။

၎င်းစနစ်သည် HERIKKS နှင့် HAKIM ကွပ်ကဲထိန်းချုပ်ရေးစနစ်များနှင့် တွဲဖက်အသုံးပြုနိုင်ခြင်းဖြင့် တူကီယံနိုင်ငံ၏ လေကြောင်းရန်ကာကွယ်ရေးကွန်ရက်သို့ ပေါင်းစည်းလုပ်ဆောင်နိုင်မည်ဖြစ်သည်။ စနစ်ကို သီးခြားဖြစ်စေ၊ အလွှာလိုက် လေကြောင်းရန် ကာကွယ်ရေးစနစ်၏ တစ်စိတ်တစ်ပိုင်းဖြစ်စေ လုပ်ဆောင်နိုင်စေမည်ဖြစ်သည်။ ရဟတ်ယာဉ်များ၊ ကာမီကာဇီ တိုက်ခိုက်ရေးဒရုန်းများ၊ ခရုဇ်ဒုံးကျည်များနှင့် မိုက်ခရိုဒရုန်းများကိုတန်ပြန်ရန် ဒီဇိုင်းထုတ်ထားသည့် GURZ လေကြောင်းရန်ကာကွယ်ရေးစနစ်သည် အချိန်တိုအတွင်း လျင်မြန်စွာ တိုက်ပွဲဝင်ဖြန့်ကြက်နိုင်မည်ဖြစ်သည်။

IDEF 2025 ကာကွယ်ရေးပြပွဲတွင် ပထမဆုံးအကြိမ် ထုတ်ဖော်ပြသခဲ့ခြင်းဖြစ်သော်လည်း GURZ စနစ်သည် ASELSAN ကုမ္ပဏီ၏ အလိုအလျောက်ဆင်နွှဲနိုင်သောစစ်ပွဲနှင့် လျှပ်စစ်သံလိုက်လှိုင်းသုံး တန်ပြန်တိုက်ခိုက်ရေးတို့တွင် မူဝါဒချမှတ်၍ ပိုမိုကျယ်ပြန့်စွာ အချိန်အတော်ကြာကတည်းက တိုးတက်ဖွံ့ဖြိုးလာမှုများကို ရောင်ပြန်ဟပ်လျက်ရှိသည်။

GURZ မောင်းသူမဲ့လေကြောင်းရန် ကာကွယ်ရေးစနစ်ကို မိတ်ဆက်ခြင်းဖြင့် ASELSAN သည် ခေတ်ပြိုင်စစ်ပွဲ၏လိုအပ်ချက်များကို တုံ့ပြန်ဖြေရှင်းမှုတစ်ရပ်ကို ပေးစွမ်းနိုင်ခဲ့ခြင်းဖြစ်သည်။ ရွေ့လျားနိုင်မှု၊ ပေါင်းစည်းတိုက်စွမ်းအား၊ Artificial Intelligence နှင့် ကွန်ရက်ချိတ်ဆက်နိုင်မှုတို့ကိုပေါင်းစပ်ခြင်းဖြင့် GURZ စနစ်သည် ကိုယ်ပိုင်တိုက်ပွဲဝင်နိုင်သော လက်နက်စနစ်များသည် ဘက်မညီခြိမ်းခြောက်မှုများ ရင်ဆိုင်နေရသော ရှေ့တန်းတပ်ရင်း၊ တပ်ဖွဲ့များအတွက် ရှင်သန်ရပ်တည်နိုင်စွမ်းနှင့် တိုက်ပွဲလုပ်ငန်းစနစ်များဆက်စပ်၍ မည်သို့မြှင့်တင်နိုင်သည်ကို စံပြုစနစ်တစ်ခုအဖြစ် ဖော်ပြနေခြင်းလည်းဖြစ်ကြောင်း သိရသည်။

**ASELSAN Presents GURZ Autonomous Air Defense System at IDEF 2025 Strengthening Low-Altitude Protection. ကို ဘာသာပြန်ဆိုထားပါသည်။**

## ဆွစ်ဇာလန်နိုင်ငံက ဂျာမနီကုမ္ပဏီထုတ် IRIS-T SLM လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ် ငါးစုံဝယ်ယူခဲ့

ဆွစ်ဇာလန်နိုင်ငံသည် ဥရောပကောင်းကင်ဒိုင်း ကနဦးလုပ်ဆောင်မှု (European Sky Shield Initiative)၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် မြေပြင်အခြေစိုက် IRIS-T SLM လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ် ငါးစုံဝယ်ယူခဲ့ကြောင်း The Defense Post သတင်းဌာနက ဇူလိုင် ၂၃ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဂျာမနီ စစ်လက်နက်ဝယ်ယူရေး အေဂျင်စီသည် ဆွစ်ဇာလန်နိုင်ငံ ဝယ်ယူရေးအေဂျင်စီကိုယ်စား IRIS-T လက်နက်စနစ်ထုတ်လုပ်သည့် ဂျာမနီကုမ္ပဏီ Diehl Defenceနှင့် ဝယ်ယူရေးစာချုပ်ကို လက်မှတ်ရေးထိုးခဲ့သည်ဟု သိရသည်။ အဆိုပါ လက်မှတ်ရေးထိုးမှုမတိုင်မီက ဆွစ်ဇာလန် ဖက်ဒရယ်ကောင်စီသည် စစ်လက်နက်ဝယ်ယူမှုကို ဇွန် ၂၀ ရက်တွင်အတည်ပြုပြောကြားခဲ့ပြီး အမျိုးသားစစ်လက်နက်ပစ္စည်းညွှန်ကြားရေးမှူးချုပ် Urs Loher က လက်မှတ်ရေးထိုးခဲ့သည်။ ဝယ်ယူမှုနှင့်ပတ်သက်၍ ကုန်ကျစရိတ်ပမာဏကို ထုတ်ဖော်ပြောကြားခြင်းမရှိသော်လည်း ၂၀၂၄ ခုနှစ် စစ်လက်နက် တပ်ဆင်ရေးအစီအစဉ်တွင် တာလတ်ပစ် လေကြောင်းရန်ကာကွယ်ရေးအတွက် ဆွစ်ဖရန့် သန်း ၆၆၀ (အမေရိကန်ဒေါ်လာ ၈၃၂ သန်း) ချေးငွေအာမခံချက်ကို သဘောတူခွင့်ပြုပေးခဲ့ကြောင်း သိရသည်။

"ဆွစ်ဇာလန် တပ်မတော်သည် IRIS-T SLM လက်နက်စနစ်ငါးစုံဖြင့် ခေတ်သစ် လေကြောင်းခြိမ်းခြောက်မှုများကို တန်ပြန်နိုင်စွမ်းအားများမြှင့်တင်ပေးနိုင်လိမ့်မည်" ဟု ဆွစ်ဇာလန်နိုင်ငံ ဝယ်ယူရေးအေဂျင်စီက ထုတ်ပြန်ခဲ့သည်။ ၎င်းစနစ်သည် F-35 A တိုက်လေယာဉ်နှင့် မြေပြင်အခြေစိုက် တာဝေးပစ်လေကြောင်းရန်ကာကွယ်ရေး လက်နက်စနစ် Patriot စနစ်ဝယ်ယူမှုများနှင့်အတူ အင်အားဖြည့်တင်းပေးနိုင်လိမ့်မည်ဖြစ်ကြောင်း၊ သဘောတူညီချက်တွင် ဆွစ်ဇာလန်တပ်မတော်အတွက် သယ်ယူပို့ဆောင်ရေးယာဉ်များ၊ အပိုပစ္စည်းများနှင့် လေ့ကျင့်ရေးဌာနတစ်ခုဖွင့်လှစ်ရန်တို့လည်း ပါဝင်ကြောင်း သိရသည်။

၎င်းလေကြောင်းရန်ကာကွယ်ရေးစနစ် ဝယ်ယူမှုသည် ဥရောပကောင်းကင်ဒိုင်း လှုပ်ရှားမှုမှတစ်ဆင့် ဥရောပတစ်ဝန်းလုံးတွင်ဖွံ့ဖြိုးတိုးတက်လျက်ရှိသော ပေါင်းစည်းမြေပြင်အခြေစိုက် လေကြောင်းရန် ကာကွယ်ရေးစနစ်၏ တစ်စိတ်တစ်ပိုင်းအဖြစ် လုပ်ဆောင်သွားနိုင်မည်ဖြစ်သည်။ ရုရှား၏ ယူကရိန်းအထူးစစ်ဆင်ရေးနောက်ပိုင်း ဆွစ်ဇာလန်နိုင်ငံသည် အစဉ်အလာအရ စစ်ရေးကြားနေမှုမူဝါဒကို ပြန်လည်ချိန်ညှိပြီး ဧပြီလတွင် ဂျာမနီဦးဆောင်သော အဆိုပါအစီအစဉ်သို့ ပူးပေါင်းခဲ့သည်။ ၎င်းကနဦးလှုပ်ရှားမှုသည် ဝယ်ယူရေးကုန်ကျစရိတ်များကို လျှော့ချရန်နှင့် လေ့ကျင့်ရေး၊ ပြုပြင်ထိန်းသိမ်းရေးနှင့် ထောက်ပံ့ပို့ဆောင်ရေးတို့တွင် ပူးပေါင်းဆောင်ရွက်၍ လေကြောင်းနှင့် ဒုံးကျည်ကာကွယ်ရေးစနစ်များ ပူးတွဲဝယ်ယူသွားနိုင်ရန် ရည်ရွယ်သည်။ ဂျာမနီနှင့် ဆွစ်ဇာလန်နိုင်ငံတို့အပြင် ၂၀၂၅ ခုနှစ်ထိ European Sky Shield လှုပ်ရှားမှုတွင် အခြားဥရောပနိုင်ငံ ၂၂ နိုင်ငံပါဝင်လာခဲ့သည်။



IRIS-T ဝေဟင်မှဝေဟင်ပစ်ဒုံးကျည်၏ လေကြောင်းရန်ကာကွယ်ရေးဗားရှင်းဖြစ်သော IRIS-T SLM လက်နက်စနစ်တွင် ဒုံးပစ်လောင်ချာစနစ်၊ ရေဒါနှင့်ကွပ်ကဲထိန်းချုပ်မှုစနစ်တို့ ပါဝင်သည်။ IRIS-T SLMစနစ်သည် တိုက်လေယာဉ်များ၊ ရဟတ်ယာဉ်များနှင့် ခရုဇ်ဒုံးကျည်ခြိမ်းခြောက်မှုများကို အကွာအဝေး၄၀ ကီလိုမီတာ ၂၅ မိုင်နှင့် အမြင့် ၂၀ ကီလိုမီတာ ၁၂ ဒသမ ၅ မိုင်ထိ တန်ပြန်နိုင်စွမ်းရှိသည်။ ဆွစ်ဇာလန်အပြင် ယူကရိန်း၊ ဂျာမနီ၊ အက်စ်တိုးနီးယား၊ လတ်ဗီးယား၊ ဆလိုဗေးနီးယားနှင့် ဘူလ်ဂေးရီးယား အပါအဝင် အခြားနိုင်ငံရှစ်နိုင်ငံတို့ကလည်း IRIS-T SLM စနစ်ကို ရွေးချယ်ဝယ်ယူထားကြောင်း သိရသည်။

**Switzerland Procures Five IRIS-T SLM Air Defense Systems ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# အင်ဒိုနီးရှားနိုင်ငံ အနောက်ပါပူဝါဒေသတွင် ပြင်းအား ၅ ဒသမ ၉၃ မဂ္ဂနီကျူအဆင့်ရှိ ငလျင်လှုပ်ခတ်ခဲ့



**ဂျကာတာ ဇူလိုင် ၂၇**

အင်ဒိုနီးရှားနိုင်ငံ အနောက်ပါပူဝါဒေသတွင် ဇူလိုင် ၂၆ ရက်က ပြင်းအား ၅ ဒသမ ၉၃ မဂ္ဂနီကျူ အဆင့်ရှိ ငလျင်လှုပ်ခတ်ခဲ့ကြောင်း အင်ဒိုနီးရှား မိုးလေဝသ၊ ရာသီဥတုနှင့် ဘူမိရူပဗေဒအေဂျင်စီက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ငလျင်သည် ကျွန်း၏ပင်လယ်ကြမ်းပြင်အနက် ၁၀ ကီလိုမီတာတွင်လှုပ်ခတ်ခဲ့ကြောင်း၊ အဆိုပါ ငလျင်လှုပ်ခတ်ခဲ့ပြီးနောက် နိုင်ငံတွင်းရှိ လူနေအဆောက်အအုံ၊ အခြေခံ အဆောက်အအုံများ၊ လမ်း၊ တံတားများ ထိခိုက်မှု အနည်းငယ် ဖြစ်ပေါ်ခဲ့ကြောင်း၊ သစ်ပင်များနှင့် လျှပ်စစ်ဓာတ်တိုင်တချို့ပြိုလဲခဲ့ရကြောင်း သိရသည်။

လက်ရှိတွင် ငလျင်လှုပ်ခတ်ခဲ့သည့်အတွက်ကြောင့် အဆောက်အအုံများ၏ကြံ့ခိုင်မှုကို စစ်ဆေးမှုများ ပြုလုပ်သွားမည်ဖြစ်ပြီး လူသေဆုံးမှုမရှိသေးသော်လည်း ထိခိုက်ဒဏ်ရာ ရသူများနှင့် အဆောက်အအုံ အပျက်အစီးများကြား ပိတ်မိနေသူတချို့ရှိသဖြင့် ရှာဖွေကယ်ဆယ်ရေးများကို ဆောင်ရွက်နေကြောင်း၊ လှိုင်းလုံးကြီးများ ဖြစ်ပေါ်လာနိုင်ခြေမရှိသောကြောင့် ဆူနာမီ သတိပေးချက် ထုတ်ပြန်ထားခြင်း မရှိသေးကြောင်း မိုးလေဝသ၊ ရာသီဥတုနှင့် ဘူမိရူပဗေဒ အေဂျင်စီမှ တာဝန်ရှိသူ တစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

# အမေရိကန်နိုင်ငံ နယူးယောက်မြို့တွင် တောမီးမှထွက်ပေါ်လာသည့် မီးခိုးငွေ့များကြောင့် လေထုညစ်ညမ်းမှုများဖြစ်ပေါ်နေ

**ဝါရှင်တန် ဇူလိုင် ၂၇**

အမေရိကန်နိုင်ငံ နယူးယောက်မြို့တွင် တောမီးမှထွက်ပေါ်လာသော မီးခိုးငွေ့များပျံ့နှံ့ရောက်ရှိလာမှုကြောင့် မြို့အတွင်း လေထုညစ်ညမ်းမှုများဖြစ်ပေါ်နေကြောင်း National Weather Service က သတိပေးချက်ထုတ်ပြန်ခဲ့ကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။



လေထုညစ်ညမ်းမှုသည် နယူးယောက်မြို့အပြင် နယူးယောက်မြို့ပတ်ဝန်းကျင်တွင် တည်ရှိသည့် လောင်းကျွန်း၊ ဟက်ဆန်ချိုင့်ဝှမ်း အောက်ပိုင်းနှင့် အထက်ပိုင်းတို့တွင်လည်း ဖြစ်ပေါ်နေကြောင်း၊ နယူးယောက်မြို့တွင် ဖြစ်ပေါ်နေသော လေထုညစ်ညမ်းမှုမှာ AirQuality Index (AQI) ညွှန်းကိန်း ၁၀၀ ကျော်နေသောကြောင့် ကျန်းမာရေးလုံခြုံမှုကို ထိခိုက်စေပြီး ၁၃၅ ထိ ရောက်ရှိနိုင်ကြောင်း National Weather Service က သတိပေးချက်ထုတ်ပြန်ခဲ့သည်။

"နယူးယောက်မြို့မှာ လေထုညစ်ညမ်းမှုတွေ ဖြစ်ပေါ်နေပါတယ်။ တောမီးလောင်ကျွမ်းမှုကနေ မီးခိုးငွေ့တွေ ရောက်ရှိပျံ့နှံ့လာတဲ့အတွက် လေထုညစ်ညမ်းမှုတွေ ဖြစ်ပေါ်လာရတာ ဖြစ်ပါတယ်။ ကနေဒါနိုင်ငံ တောမီးလောင်ကျွမ်းမှုကနေ ရောက်ရှိပျံ့နှံ့လာတဲ့ မီးခိုးငွေ့တွေကြောင့်ဖြစ်ပါတယ်။ ညွှန်းကိန်းပမာဏကတော့ ၁၀၀ ကျော်နေပါပြီ။ ၁၃၅ ထိလဲ ရောက်ရှိသွားနိုင်ပါတယ်။ ကျန်းမာရေးလုံခြုံမှုကို ထိခိုက်စေနိုင်တဲ့ပမာဏတစ်ရပ်လဲဖြစ်ပါတယ်။ လေထုညစ်ညမ်းမှုဟာ နယူးယောက်မြို့အပြင် နယူးယောက်မြို့ ပတ်ဝန်းကျင်မှာရှိတဲ့ လောင်းကျွန်း၊ ဟက်ဆန်ချိုင့်ဝှမ်း အောက်ပိုင်းနဲ့ အထက်ပိုင်းတို့မှာလဲ လေထုညစ်ညမ်းမှုတွေဖြစ်ပေါ်နေပါတယ်"ဟု National Weather Service မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံတွင် ဇူလိုင်လ အလယ်ပိုင်းကလည်း ချီကာဂိုမြို့တွင် ကနေဒါနိုင်ငံ တောမီးလောင်ကျွမ်းမှုကြောင့် ရောက်ရှိပျံ့နှံ့လာသောမီးခိုးငွေ့များကြောင့် လေထုညစ်ညမ်းမှုဖြစ်ပေါ်ခဲ့သည်။

Ref : Russia Today
Trs : Sai Sat

# ပါကစ္စတန်နိုင်ငံ ချီလက်စ်ခရိုင်တွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုဖြစ်ပွားကာ မြေပြိုကျမှုများလည်း ဖြစ်ပေါ်နေ

**အစ္စလာမ်မာဘတ် ဇူလိုင် ၂၇**

ပါကစ္စတန်နိုင်ငံ ခိုင်ဘာပက်ထွန်ခွာပြည်နယ် ချီလက်စ်ခရိုင်တွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့ပြီးနောက် ရေကြီးရေလျှံမှုဖြစ်ပွားကာ မြေပြိုကျမှုများလည်း ဖြစ်ပေါ်နေကြောင်း ခိုင်ဘာပက်ထွန်ခွာပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

မိုးသည်းထန်စွာရွာသွန်းခဲ့ပြီးနောက် ချီလက်စ်ခရိုင်ရှိ ဂလာစီယာကန်တွင် ရေလျှံတက်ပြီးနောက် ရေကြီးရေလျှံမှုအခြေအနေ ပိုမိုဆိုးရွားလာခဲ့ခြင်းဖြစ်ကြောင်း၊ ရေကြီးရေလျှံမှုသည် ဇူလိုင် ၂၆ ရက်တွင် စတင်ခဲ့ခြင်းဖြစ်ပြီး ယနေ့တွင် အခြေအနေ ပိုမိုဆိုးရွားလာခဲ့ကြောင်း၊ ရေကြီးရေလျှံမှုသည် ချီလက်စ်ခရိုင်အနီးရှိ ရေခဲတောင်အနီးတွင် ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ပြီး မိုးသည်းထန်စွာ ရွာသွန်းခဲ့ခြင်းကြောင့် ရေခဲတောင်မှ ရေခဲအရည်ပျော်ကျမှုကြောင့် ရေကြီးရေလျှံမှုအရေးပေါ်အဆင့်သို့ ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ချီလက်စ်ခရိုင်မှာ မိုးသည်းထန်စွာရွာသွန်းခဲ့ပြီးတော့ ဂလာစီယာကန်မှာ ရေလျှံတက်မှုဖြစ်ပွားခဲ့တယ်။ ဂလာစီယာကန်ရေလျှံမှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့ပါတယ်။ ရေကြီးရေလျှံမှုအပြင် မြေပြိုကျမှုလဲဖြစ်ပေါ်နေပါတယ်။ လမ်းမကြီးတချို့လဲ ယာယီပိတ်ထားရတဲ့အတွက် လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်မှုတချို့ဖြစ်ပေါ်နေပါတယ်။ ရေကြီးရေလျှံမှုဖြစ်ပေါ်နေတဲ့ဧရိယာနဲ့ လမ်းမကြီးတွေကို ဖြတ်သန်းသွားလာတာမလုပ်ကြဖို့ သတိပေးချက်ထုတ်ပြန်ထားပါတယ်"ဟု ခိုင်ဘာပက်ထွန်ခွာပြည်နယ် အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ ဖိုင်ဇူလာက ပြောကြားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

# ဂရိနိုင်ငံက တောမီးကိုထိန်းချုပ်ရန် ခက်ခဲနေသောကြောင့် ဥရောပသမဂ္ဂ အဖွဲ့အစည်းထံ အကူအညီတောင်းခံထား

**အေသင် ဇူလိုင် ၂၇**

ဂရိနိုင်ငံတွင် အပူချိန်မြင့်တက်ကာ တောမီးလောင်ကျွမ်းမှု ဖြစ်ပေါ်နေပြီး တောမီးကိုထိန်းချုပ်ရန် ခက်ခဲသည့်အဆင့်သို့ ရောက်ရှိနေခြင်းကြောင့် ဂရိအာဏာပိုင် အဖွဲ့အစည်းက ဥရောပသမဂ္ဂ အဖွဲ့အစည်းထံသို့ အကူအညီတောင်းခံထားကြောင်း ဂရိအာဏာပိုင် အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ဂရိနိုင်ငံတွင် အပူချိန်ပမာဏမှာ ၄၅ ဒီဂရီစင်တီဂရိတ်ထိ ရောက်ရှိနေသည့်အတွက်ကြောင့် တောမီးကို ထိန်းချုပ်နိုင်ရန်ခက်ခဲနေခြင်းဖြစ်ကြောင်း၊ တောမီးသည် အေသင်မြို့အနီးတွင် လောင်ကျွမ်းနေခြင်းဖြစ်ပြီး လူနေအိမ်များနှင့် အခြေခံအဆောက်အအုံများသို့လည်း ကူးစက်လောင်ကျွမ်းလျက်ရှိကြောင်း၊ တောမီးကို အမြန်ဆုံး ထိန်းချုပ်နိုင်ရေးအတွက် လေကြောင်းအကူအညီကိုပါ ရယူထားရသော်လည်း လေတိုက်နှုန်းမြင့်တက်နေသည့်အတွက်ကြောင့် တောမီးကိုထိန်းချုပ်နိုင်ရန် ခက်ခဲနေခြင်းကြောင့် ဥရောပသမဂ္ဂ အဖွဲ့အစည်းထံသို့ အကူအညီတောင်းခံခဲ့ရခြင်း ဖြစ်ကြောင်း သိရသည်။

"တောမီးလောင်ကျွမ်းမှုကြောင့် လူနေအိမ်တချို့နဲ့ အခြေခံအဆောက်အအုံတချို့ ကူးစက်လောင်ကျွမ်းခဲ့ပါတယ်။ အပူချိန်ပမာဏဟာလဲ ၄၅ ဒီဂရီစင်တီဂရိတ်ထိရောက်ရှိနေပြီးတော့ လေတိုက်နှုန်းတွေလဲ မြင့်တက်နေတဲ့အတွက် တောမီးလောင်ကျွမ်းမှုဟာ ထိန်းချုပ်ရခက်တဲ့အဆင့်ကို ရောက်ရှိနေပါတယ်။ တောမီးကို အမြန်ဆုံးထိန်းချုပ်နိုင်ဖို့အတွက် မီးသတ်တပ်ဖွဲ့ဟာအကောင်းဆုံး ကြိုးစားပေးနေသလို လေကြောင်းအကူအညီကိုလဲရယူထားပါတယ်။ မိုးလေဝသအခြေအနေကြောင့်လဲ တောမီးကိုထိန်းချုပ်ဖို့ ခက်ခဲနေပါတယ်။ ဒါကြောင့်ဥရောပသမဂ္ဂကို အကူအညီတောင်းခံထားပါတယ်"ဟု ဂရိမီးသတ်တပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

တောမီး လောင်ကျွမ်းမှုကြောင့် သစ်တောမြေဟက်တာ ၄၇၀၀ ကျော်ထိ ပျက်စီးခဲ့ပြီဖြစ်ပြီး ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရသူဦးရေ ၅၀၀၀ ကျော်ထိရှိနေပြီဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : Sai Sat

# ဖိလစ်ပိုင်နိုင်ငံတွင် တိုင်ဖွန်းမုန်တိုင်းများ တိုက်ခတ်မှုကြောင့် ရေကြီးမှု၊ မြေပြိုမှုများနှင့် လူသေဆုံးမှုများဖြစ်ပေါ်ခဲ့

**မနီလာ ဇူလိုင် ၂၇**

ဖိလစ်ပိုင်နိုင်ငံ၌ ဇူလိုင်လ တတိယပတ်အတွင်း တိုင်ဖွန်းမုန်တိုင်းများ ဆက်တိုက်တိုက်ခတ်မှုကြောင့် ရေကြီးမှု၊ မြေပြိုမှုများနှင့် လူသေဆုံးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း ဖိလစ်ပိုင်အစိုးရအေဂျင်စီက ယနေ့တွင် ထုတ်ပြန်ခဲ့သည်။

အမျိုးသား သဘာဝဘေး အန္တရာယ်လျှော့ချရေးနှင့် စီမံခန့်ခွဲရေးကောင်စီ(NDRRMC)၏ အစီရင်ခံစာတွင် တိုင်ဖွန်းမုန်တိုင်းများ ဆက်တိုက်တိုက်ခတ်ကာ ရေကြီးမှုနှင့် မြေပြိုမှုများကြောင့် ဖိလစ်ပိုင်နိုင်ငံသား အနည်းဆုံး ၃၀ ထက်မနည်း သေဆုံးခဲ့ပြီး ၁၀ ဦးဒဏ်ရာရရှိခဲ့ကာ ခုနစ်ဦး ပျောက်ဆုံးနေကြောင်း၊ အဆိုပါ သဘာဝဘေးကြောင့် ပြည်သူ ၅ ဒသမ ၃ သန်းခန့် ထိခိုက်နစ်နာခဲ့ကြောင်း ဖော်ပြထားသည်။

နိုင်ငံတွင်းရှိ မြို့ပြနှင့်စည်ပင်သာယာရေးအဖွဲ့ ၈၈ ခုသည် အရေးပေါ်တုံ့ပြန်ရေး ကြိုးပမ်းမှုများကို အရှိန်မြှင့်လုပ်ဆောင်နေပြီး သဘာဝဘေး အရေးပေါ်အခြေအနေအဖြစ် ကြေညာထားကြောင်း၊ ယခုနှစ် ဇူလိုင်လအတွင်း၌ပင် တိုင်ဖွန်း Wipha၊ Francisco နှင့် Co-May တို့သည် ဖိလစ်ပိုင်နိုင်ငံတွင်ဝင်ရောက်တိုက်ခတ်ခဲ့ကြောင်း၊ အဆိုပါမုန်တိုင်း တိုက်ခတ်မှုအရှိန်ကြောင့် လာမည့်ရက်များတွင် လူဇွန်ကျွန်း၏အစိတ်အပိုင်းများတွင် မိုးပိုလာမည်ဟု ပြည်နယ်မိုးလေဝသဌာနက သတိပေးထားကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

**သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ**

# မန္တလေးမြို့၌ကျင်းပသည့် တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေးဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း တက်ရောက်ဆွေးနွေး



**မန္တလေး ဇူလိုင် ၂၇**

တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေး ဆွေးနွေးပွဲတစ်ရပ်ကို ယနေ့နံနက်ပိုင်းတွင် မန္တလေး မဟာအောင်မြေမြို့နယ်ရှိ Y-Mandalay Hotel ၌ ကျင်းပရာ တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း တက်ရောက်ဆွေးနွေးပြောကြားသည်။

အဆိုပါဆွေးနွေးပွဲသို့ မန္တလေးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ်များမှ တာဝန်ရှိသူများ၊ မီးသတ်ဦးစီးဌာနမှ ဝန်ထမ်းများနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီအသင်းနှင့် လူမှုရေးအသင်းအဖွဲ့များမှ လူငယ်များ၊ မန္တလေးမြို့ရှိ တက္ကသိုလ်၊ ကောလိပ်နှင့် အခြေခံပညာကျောင်းများမှ ပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီးများနှင့် ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်းဦးရေ ၄၀၀ ခန့် တက်ရောက်ကြသည်။

ဦးစွာ မန္တလေးမြို့ အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူများက “ မင်္ဂလာပါ ” သီချင်းဖြင့် သီဆိုကပြဖျော်ဖြေကြသည်။

ဆက်လက်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှထုတ်လုပ်သည့် “ပြင်းထန်တဲ့မြေလျှင်ဒဏ်ကိုကျော်ဖြတ်ကာ ပြန်လည်တည်ဆောက်ကြမယ့် ပိုမိုကောင်းမွန်တဲ့အနာဂတ်”နှင့်“အနာဂတ်ကိုပိုင်စိုးသူလူငယ်များ ” Video Clip နှစ်ခုကို ဖွင့်လှစ်ပြသသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ဆွေးနွေးရာတွင် တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်း ဖော်ဆောင်ရေးအတွက် အခြေခံဖြစ်သော နယ်မြေလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးတွင် မန္တလေးမြို့အနေဖြင့် မူလအနေအထားအတိုင်း ပြန်လည်ရရှိနေပြီဖြစ်၍ နိုင်ငံတော်အစိုးရနှင့် တာဝန်ရှိသူများနှင့်အတူ ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်ကြရန်၊ သဒ္ဓါတရားထက်သန်သည့် မြန်မာလူမျိုးများဖြစ်သည့်အတိုင်း အားနည်းသူကို ဝိုင်းကူသည့်ပုံစံဖြင့် စာနာဖေးမမှုများဖြင့် ရိုင်းပင်းကူညီဆောင်ရွက်ကြရန်၊ အနာဂတ်မြန်မာနိုင်ငံ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က အကောင်အထည်ဖော်ဆောင်ရွက်နေမှုများနှင့် ရှေ့လုပ်ငန်းစဉ်များ၊ အထူးသဖြင့် ရွေးကောက်ပွဲကျင်းပရေး စီမံဆောင်ရွက်နေမှုများတွင် ကျရာကဏ္ဍမှ ပါဝင်ဆောင်ရွက်ကြရန်၊ တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေး တစ်နည်းအားဖြင့် စစ်မှန်သည့် ဒီမိုကရေစီစနစ်ထွန်းကားပေါ်ပေါက်လာစေရေးအတွက် ပြည်သူတစ်ရပ်လုံးက အသိပညာရှိမှု၊ စည်းကမ်းနားလည်လိုက်နာမှု၊ စာနာမှု ၊ ပူးပေါင်းဆောင်ရွက်တတ်မှုတို့နှင့် ဝိုင်းဝန်းဆောင်ရွက်ကြရန် ဆွေးနွေးပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့အတွက် MRTV DTH အစုံ ၅၀ နှင့် MRTV DVB T-2 Set Top Boxအလုံး ၁၅၀ တို့ကို လွှဲပြောင်းပေးအပ်ရာ မန္တလေးတိုင်းဒေသကြီးလုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးနေလင်းစိုးက လက်ခံရယူသည်။

ဆက်လက်၍ဆွေးနွေးပွဲသို့တက်ရောက်လာကြသည့်ဌာနဆိုင်ရာများ၊လူမှုရေးအသင်းအဖွဲ့များနှင့် လူငယ်များ၊ ကျောင်းသား၊ ကျောင်းသူများအတွက် MRTV DTH အစုံ ၂၀ နှင့် MRTV DVB T-2 Set Top Box အလုံး ၄၀ တို့ကို ကံစမ်းမဲဖောက်၍ ပေးအပ်သည်။

ထို့နောက် မန္တလေးမြို့ အမှတ်(၁၄) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား၊ကျောင်းသူများက“အောင်မြင်ပါစေမြန်မာပြည်” တေးသီချင်းဖြင့် သီဆိုကပြပြီးနောက် ဆွေးနွေးပွဲကို ရုပ်သိမ်းခဲ့သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မန္တလေး ချမ်းမြသာစည်မြို့နယ်ရှိ အနုပညာဗဟိုဌာန(Myanmar Arts Center) တည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ရှင်းလင်းဆောင်တွင် Myanmar Land & Development Limited ဆောက်လုပ်ရေးကုမ္ပဏီမှ Project Director ဒေါ်ယုယုနိုင်က လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

အဆိုပါ အနုပညာဗဟိုဌာန(မန္တလေး) တည်ဆောက်ရေးလုပ်ငန်းကို Myanmar Land & Development Limited က ၂၀၂၅ ခုနှစ် မတ်လမှစတင်၍ ဆောင်ရွက်ခဲ့ရာ အဆောက်အအုံနှင့် ဆောက်လုပ်ရေးဧရိယာအတွင်း ချိုးနွယ်များရှင်းလင်းရေးအပါအဝင် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ အဆောက်အအုံသံတိုင်များ သန့်ရှင်းရေးပြုလုပ်ပြီး ဆီဆေးသုတ်ခြင်း၊ အဆောက်အအုံသုံးထပ်တွင် ကြမ်းခင်းများပြုပြင်ခြင်း၊ RC Wall များတွင် အက်ကြောင်းများပြုပြင်၍ အချောကိုင်ခြင်း၊ ခြံစည်းရိုးအုတ်တံတိုင်း အရှည် ပေ ၂၀၇၀ ဆောက်လုပ်ခြင်း၊ ဂါလန် ၃၀၀၀၀ ဆန့် မြေအောက်ရေကန်နှစ်လုံး တည်ဆောက်ခြင်း၊ ရှစ်လက်မမြေအောက်ရေတွင်းနှစ်ခုတူးဖော်ခြင်းများ ဆောင်ရွက်ပြီးစီးခဲ့ပြီး ယခုအခါ ကေဗွီအေ ၁၂၅၀ ထရန်စဖော်မာတစ်လုံးနှင့် ၃၃ ကေဗွီလိုင်းသွယ်တန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် လုပ်ငန်းခွင်အတွင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရန်ကုန်တိုင်းဒေသကြီး၌ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူ ၁၉၃၆၆ ဦးရှိ





**ရန်ကုန် ဇူလိုင် ၂၇**

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများကို ယနေ့နံနက် ၆ နာရီတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သက်ဆိုင်ရာစာစစ်ဌာနများ၌ တစ်ပြိုင်တည်းထုတ်ပြန်ကြေညာခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးအတွင်း ၃၇၄၆၇ ဦး ဖြေဆိုရာတွင် ၁၉၃၆၆ ဦးအောင်မြင်ခဲ့၍ အောင်မြင်မှုရာခိုင်နှုန်း ၅၁ ဒသမ ၆၉ ရာခိုင်နှုန်းရှိခဲ့သည်။

ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စာစစ်ဌာန ၉၁ ခု၌ တက္ကသိုလ်ဝင် အောင်စာရင်းများကို ထုတ်ပြန်ကြေညာခဲ့ရာ ကျောင်းသား၊ ကျောင်းသူများနှင့် မိဘဆွေမျိုးများ စိတ်အားထက်သန်စွာလာရောက်ကြည့်ရှုခဲ့ကြသည်။

“ဒီနှစ်မှာ ရန်ကုန်တိုင်းဒေသကြီးအနေနဲ့ တက္ကသိုလ်ဝင် စာမေးပွဲအောင်ချက် ၅၁ ဒသမ ၆၉ ရာခိုင်နှုန်းရရှိထားတာကြောင့် တစ်နိုင်ငံလုံးအနေနဲ့ ဒုတိယနေရာမှာ ရပ်တည်နေပါတယ်။ မွန်ပြည်နယ်က ၅၇ ဒသမ ၁၆ ရာခိုင်နှုန်းနဲ့ တစ်နိုင်ငံလုံးမှာ အောင်ချက်ပထမဖြစ်ပါတယ်။ အခုလို အောင်မြင်မှုရရှိအောင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးခဲ့သူတွေအားလုံးကို ကျေးဇူးအထူးတင်ရှိပါတယ်” ဟု ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူး ဒေါက်တာ ချိုချိုမြတ်အောင်က ပြောပြသည်။

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း ကျောင်းသား၊ ကျောင်းသူ ၃၇၄၆၇ ဦးဖြေဆိုခဲ့ပြီး ယခင်နှစ်က အောင်မြင်သူမရှိခဲ့သော ကိုကိုးကျွန်းစာစစ်ဌာန၌ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ၁၈ ဦး ဝင်ရောက်ဖြေဆိုခဲ့ရာ ၁၂ ဦး အောင်မြင်ခဲ့သည်။

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင်ရန်ကုန်တိုင်းဒေသကြီးအနေဖြင့် ရလဒ်ကောင်းများ ဆက်လက်ပိုင်ဆိုင်ရရှိနိုင်စေရန် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်ကူညီမှုနှင့်အတူ သက်ဆိုင်ရာ ခရိုင်၊မြို့နယ်ကျောင်းများ ပူးပေါင်းဆောင်ရွက်မှုဖြင့် ကျောင်းနေနှုန်းမြင့်မားရေး၊ ကျောင်းထွက်နှုန်းကျဆင်းရေးနှင့် တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်ကောင်းမွန်ရေး စသည့်စံနှုန်းများ ဆက်လက်အောင်မြင်မှုရရှိစေရန် ကြိုးပမ်းဆောင်ရွက်သွားမည်ဟု ပညာရေးမှူးက ပြောကြားသည်။

“ဗိုလ်တထောင်မြို့နယ်မှာ တက္ကသိုလ်ဝင်စာမေးပွဲ ၄၆၂ ဦး ဖြေဆိုရာမှာ ၂၈၅ ဦး အောင်မြင်ပြီး ဂုဏ်ထူးရှင်ဦးရေ ၆၀ ထွက်ပေါ်ခဲ့ပါတယ်။ ခြောက်ဘာသာဂုဏ်ထူးရှင် လေးဦးထွက်ပေါ်ခဲ့ပြီး ၆၁ ဒသမ ၆၉ ရာခိုင်နှုန်းအောင်မြင်ခဲ့တာကြောင့် အားလုံးနဲ့ထပ်မှု ဝမ်းသာဂုဏ်ယူပါတယ်”ဟု ဗိုလ်တထောင်မြို့နယ် အမှတ်(၆)အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမ ဒေါ်သင်းသင်းအောင်က ပြောပြသည်။

ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ်တွင် ကျောင်းသား၊ ကျောင်းသူဦးရေ ၄၇၀ ဖြေဆိုရာ ၃၆၅ ဦးအောင်မြင်ခဲ့သည့်အတွက် အောင်မြင်မှုရာခိုင်နှုန်း ၇၇ ဒသမ ၆၆ ရာခိုင်နှုန်းရရှိခဲ့၍ အောင်ချက်အများဆုံးမြို့နယ်အဖြစ် လည်းကောင်း၊ ကမာရွတ်မြို့နယ်တွင် ဦးရေ ၈၂၀ ဖြေဆိုရာ ၆၃၃ ဦးအောင်မြင်ပြီး အောင်မြင်မှုရာခိုင်နှုန်း ၇၇ ဒသမ ၂၀ ရာခိုင်နှုန်းရရှိခဲ့၍ အောင်ချက်ဒုတိယအများဆုံး မြို့နယ်အဖြစ်လည်းကောင်း၊ ဒဂုံမြို့နယ်တွင် ၄၂၃ ဦးဖြေဆိုရာ ၃၀၈ ဦးအောင်မြင်ပြီး အောင်မြင်မှုရာခိုင်နှုန်း ၇၂ ဒသမ ၈၁ ရာခိုင်နှုန်းရရှိခဲ့ရာ အောင်ချက် တတိယအများဆုံးမြို့နယ်အဖြစ်လည်းကောင်း ရပ်တည်လျက်ရှိသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် ယခုကဲ့သို့ အောင်ချက်မြင့်မားလာရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် Grate – 12 ဘာသာရပ်ဆိုင်ရာ ဆွေးနွေးပွဲများနှင့် မွမ်းမံသင်တန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**



ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူး
ဒေါက်တာချိုချိုမြတ်အောင်

# နောင်ချိုမြို့ အခြေခံပညာအလယ်တန်းကျောင်းခွဲ(လောက်ဖန်း)၌ ပုံနှိပ်စာအုပ်၊ ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်

နေပြည်တော် ဇူလိုင် ၂၇

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့၌ ကျောင်းပြန်လည်တက်ရောက်ကြမည့် ကျောင်းသား၊ ကျောင်းသူများကို နိုင်ငံတော်အစိုးရနှင့် တပ်မတော်က ပုံနှိပ်စာအုပ်၊ ကျောင်းဝတ်စုံနှင့် ကျောင်းသုံးစာရေးကိရိယာများ ပေးအပ်ချီးမြှင့်ခြင်းကို ယနေ့နံနက်ပိုင်းတွင် နောင်ချိုမြို့ရှိ အခြေခံပညာအလယ်တန်းကျောင်း(လောက်ဖန်း)၌ ပြုလုပ်ရာ တပ်မတော်မှ တာဝန်ရှိသူများ၊ ကျောက်မဲခရိုင်အုပ်ချုပ်ရေးမှူး၊ ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ကျောင်းသားမိဘများ တက်ရောက်ကြသည်။

ဦးစွာ ဗိုလ်မှူးကြီးမြင့်ဟိန်းက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တာဝန်ရှိသူများက ကျောင်းသား၊ ကျောင်းသူများအတွက် နိုင်ငံတော်အစိုးရနှင့် တပ်မတော်က ချီးမြှင့်ပေးအပ်သည့် ကျောင်းသုံးပုံနှိပ်စာအုပ် အစုံ ၁၅၀၊ ခဲတံ ဒါဇင် ၅၀၊ ဘောပင်အချောင်း ၃၀၀ နှင့်ကျောင်းဝတ်စုံ ၁၅၀ တို့ကို ပေးအပ်ချီးမြှင့်ကြရာ ကျောင်းသား၊ ကျောင်းသူများက လက်ခံရယူကြသည်။

ကျောင်းသား၊ ကျောင်းသူများအေးချမ်းပျော်ရွှင်စွာပညာသင်ကြားနိုင်ရန်နှင့် ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေနိုင်ရေးအတွက် နိုင်ငံတော်အစိုးရက စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ခဲ့သည့် နောင်ချိုမြို့မှ ကျောင်းသား၊ ကျောင်းသူများသည်လည်း အခြားအေးချမ်းသည့်ဒေသများရှိ ကျောင်းသား၊ ကျောင်းသူများနည်းတူ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးအတွက် တပ်မတော်၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူလူထုတို့ပူးပေါင်း၍ အလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)



တာဝန်ရှိသူတစ်ဦးက နောင်ချိုမြို့ အခြေခံပညာ အလယ်တန်းကျောင်းခွဲ (လောက်ဖန်း)ကျောင်းမှ ကျောင်းသား၊ ကျောင်းသူများကို ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်စဉ်။

# ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများထုတ်ပြန်ကြေညာ နေပြည်တော်ကောင်စီနယ်မြေအတွင်း အောင်မြင်သူ ၅၇၄၁ ဦးရှိပြီး အောင်မြင်မှုရာခိုင်နှုန်း ၄၆ ဒသမ ၂၇ ရာခိုင်နှုန်းရှိ

နေပြည်တော် ဇူလိုင် ၂၇

၂၀၂၅ ခုနှစ် မတ်လတွင် ကျင်းပခဲ့သည့် တက္ကသိုလ်ဝင်စာမေးပွဲနှင့် မန္တလေးငလျင်ကြီးဘေးဒဏ်ခံခဲ့ရသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွက် ပြန်လည်ဖြေဆိုသော ၂၀၂၅ ခုနှစ် ဇွန်လတွင်ကျင်းပခဲ့သည့် တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများကို သက်ဆိုင်ရာ စာစစ်ဌာနကျောင်းများ၌လည်းကောင်း၊ မြန်မာနိုင်ငံစာစစ်ဦးစီးဌာန Website၌လည်းကောင်း ထုတ်ပြန်ကြေညာခဲ့ရာ နေပြည်တော်ကောင်စီနယ်မြေအတွင်း ဝင်ရောက်ဖြေဆိုသူ ၁၂၄၀၇ ဦးရှိသည့်အနက် အောင်မြင်သူ ၅၇၄၁ ဦးရှိပြီး အောင်မြင်မှုရာခိုင်နှုန်းအနေဖြင့် ၄၆ ဒသမ ၂၇ ရာခိုင်နှုန်းရှိခဲ့ကြောင်း သိရသည်။

ယနေ့နံနက်ပိုင်းမှစတင်၍ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ စာစစ်ဌာနဖွင့်လှစ်ထားသောကျောင်းများ၌ တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများကို ထုတ်ပြန်ကြေညာပေးခဲ့ရာ ကျောင်းသား၊ကျောင်းသူများနှင့် မိဘများသည် စိတ်အားထက်သန်စွာဖြင့် လာရောက်ကြည့်ရှုကြသည်။

ယခုကဲ့သို့ တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများထုတ်ပြန်ခြင်းနှင့်စပ်လျဉ်း၍ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းမှကျောင်းအုပ်ဆရာကြီး ဦးဝင်းမြင့်ဦးက "ကျွန်တော့်စာစစ်ဌာနအနေနဲ့ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုသူ ကျောင်းသား၊ကျောင်းသူ ၃၃၉ ဦးရှိခဲ့ပြီး အောင်မြင်သူ ၁၁၃ ဦးရှိပါတယ်။ အောင်ချက်ရာခိုင်နှုန်းအနေနဲ့ ၃၃ ဒသမ ၃၃ ရာခိုင်နှုန်းရှိပါတယ်။ဂုဏ်ထူးရရှိမှုအနေနဲ့ခြောက်ဘာသာဂုဏ်ထူးရှင် တစ်ဦး၊ လေးဘာသာ ဂုဏ်ထူးရှင် တစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ရှစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၁၂ ဦးနဲ့ တစ်ဘာသာဂုဏ်ထူးရှင် ၂၆ ဦးထွက်ရှိတဲ့အတွက် စုစုပေါင်းဂုဏ်ထူးရှင် ၄၈ ဦးရှိပါတယ်။ တက္ကသိုလ်ဝင်စာမေးပွဲကိုအခက်အခဲတွေကြားကနေ ကြိုးစားအားထုတ်ပြီး အောင်မြင်မှုရရှိအောင် ကြိုးစားဖြေဆိုခဲ့တဲ့ ကျောင်းသား၊ကျောင်းသူတွေအစား ဂုဏ်ယူမိပါတယ်။ စာမေးပွဲပြန်လည်ဖြေဆိုကြဖို့ တွန်းအားပေးခဲ့ကြတဲ့ မိဘတွေကိုလည်း ကျေးဇူးတင်ပါတယ်။စာမေးပွဲမအောင်မြင်ခဲ့ကြတဲ့ ကျောင်းသား၊ကျောင်းသူတွေအနေနဲ့လည်း စိတ်အားငယ်စရာမလိုဘဲ ဆက်လက်ကြိုးစားဖြေဆိုကြဖို့တိုက်တွန်းပြောကြားလိုပါတယ်။ ဒီနှစ် Grade-12 တက်ရောက်ကြမယ့် ကျောင်းသား၊ကျောင်းသူတွေအနေနဲ့လည်း ရှေ့ကအစ်ကိုတွေအစ်မတွေရဲ့အခက်အခဲတွေကြားကနေ တက္ကသိုလ်ဝင်စာမေးပွဲကိုဝင်ရောက်ဖြေဆိုကြပြီး အောင်မြင်မှုရယူခဲ့ကြတာကို အတုယူကြစေလိုပါတယ်"ဟု ပြောပြသည်။



အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးဝင်းခိုင်က "ကျွန်တော့်ကျောင်းမှာ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ဇီဝဗေဒဘာသာတွဲ ၄၈ ဦး ဝင်ရောက်ဖြေဆိုမှုမှာ အောင်မြင်သူဦးရေ ၃၀နဲ့ ဘောဂဗေဒဘာသာတွဲမှာ အောင်မြင်သူ သုံးဦးဖြစ်တဲ့အတွက် အောင်မြင်မှုရာခိုင်နှုန်းက ၄၉ ဒသမ ၂၅ ရာခိုင်နှုန်းဖြစ်ပါတယ်။ဂုဏ်ထူးရရှိမှုအနေနဲ့လေးဘာသာ တစ်ဦး၊သုံးဘာသာ ငါးဦး၊နှစ်ဘာသာ၊ တစ်ဘာသာနဲ့စုစုပေါင်း၂၇ ဦးဖြစ်ပါတယ်။ဒုတိယအကြိမ်ဖြေဆိုမှုအတွက်လည်း ကျောင်းသား၊ကျောင်းသူတွေမျှော်မှန်းသလိုဖြစ်ခဲ့တယ်လို့လည်းယုံကြည်ပါတယ်။ အောင်မြင်တဲ့ ကျောင်းသား၊ကျောင်းသူတွေနဲ့ ဂုဏ်ထူးရ ကျောင်းသား၊ကျောင်းသူများအတွက် သူတို့ရဲ့မိဘတွေကိုယ်စားလည်းဂုဏ်ယူပါတယ်။ သူတို့တွေဖြစ်ချင်တဲ့ဆန္ဒနဲ့ကျောင်းကောင်းကောင်းတွေကို တက်ရောက်နိုင်ပါစေလို့ ဆန္ဒပြုပါတယ်။ ကျရှုံးတဲ့ ကျောင်းသား၊ ကျောင်းသူတွေလည်း စိတ်ဓာတ်မကျဘဲ ခွန်အားအသစ်တွေနဲ့ ဆက်လက်ဖြေဆိုဖို့ ကြိုးစားကြပါလို့ပြောချင်ပါတယ်။တက္ကသိုလ်ဝင်စာမေးပွဲက အခြေခံပညာရဲ့အမြင့်ဆုံးစာမေးပွဲဖြစ်ပါတယ်။ ဒီစာမေးပွဲက ကလေးတွေကိုယ်တိုင်ကြိုးစားမှသာလျှင် ရည်မှန်းတဲ့ပန်းတိုင်ကိုရောက်ရှိမှာဖြစ်လို့ ဇွဲ၊ လုံ့လ၊ ဝီရိယတွေနဲ့ကြိုးစားကြပါလို့ တိုက်တွန်းလိုပါတယ်"ဟု ပြောပြသည်။

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် နေပြည်တော်နယ်မြေအတွင်း ဖြေဆိုအောင်မြင်မှုအနေဖြင့် ပျဉ်းမနားမြို့နယ်၌ ဂုဏ်ထူးရ ကျောင်းသား၊ကျောင်းသူ ၄၇၉ ဦး၊ ရိုးရိုးအောင်မြင်သူ ၆၉၉ ဦးစုစုပေါင်း ၁၁၇၈ ဦးဖြင့် အောင်ချက်ရာခိုင်နှုန်း ၅၁ ဒသမ ၈၅ ရာခိုင်နှုန်း၊ ဇမ္ဗူသီရိမြို့နယ်၌ ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူ ၂၁၄ ဦး၊ ရိုးရိုးအောင်မြင်သူ ၃၈၈ ဦး စုစုပေါင်း ၆၀၂ ဦးဖြင့် အောင်ချက်ရာခိုင်နှုန်း ၄၁ ဒသမ ၆၉ ရာခိုင်နှုန်း၊ လယ်ဝေးမြို့နယ်၌ ဂုဏ်ထူးရ ကျောင်းသား၊ကျောင်းသူဦးရေ ၃၇၀၊ ရိုးရိုးအောင်မြင်သူ ၇၉၉ ဦး စုစုပေါင်း ၁၁၆၉ ဦးဖြင့် အောင်ချက်ရာခိုင်နှုန်း ၄၇ ဒသမ ၁၈ ရာခိုင်နှုန်း၊ ဒက္ခိဏသီရိမြို့နယ်၌ ဂုဏ်ထူးရ ကျောင်းသား၊ကျောင်းသူဦးရေ ၆၀၊ ရိုးရိုးအောင်မြင်သူ ၁၀၁ ဦး စုစုပေါင်း ၁၆၁ ဦးဖြင့် အောင်ချက်ရာခိုင်နှုန်း ၄၅ ဒသမ ၆၁ ရာခိုင်နှုန်း၊ ဥတ္တရသီရိမြို့နယ်၌ ဂုဏ်ထူးရ ကျောင်းသား၊ကျောင်းသူ ၂၄၄ ဦး၊ ရိုးရိုးအောင်မြင်သူ ၃၃၄ ဦး စုစုပေါင်း ၅၇၈ ဦးဖြင့် အောင်ချက်ရာခိုင်နှုန်း ၅၂ ဒသမ ၈၈ ရာခိုင်နှုန်း၊ တပ်ကုန်းမြို့နယ်၌ ဂုဏ်ထူးရ ကျောင်းသား၊ကျောင်းသူ ၂၆၉ ဦး၊ ရိုးရိုးအောင်မြင်သူ ၅၇၂ ဦး၊ စုစုပေါင်း ၈၄၁ ဦးဖြင့် အောင်ချက်ရာခိုင်နှုန်း ၄၆ ဒသမ ၉၀ ရာခိုင်နှုန်း၊ ဇေယျာသီရိမြို့နယ်၌ ဂုဏ်ထူးရ ကျောင်းသား၊ကျောင်းသူ ၁၉၆ ဦး၊ ရိုးရိုးအောင်မြင်သူ ၄၁၄ ဦး စုစုပေါင်း ဦးရေ ၆၁၀ ဖြင့် အောင်ချက်ရာခိုင်နှုန်း ၄၃ ဒသမ ၇၃ ရာခိုင် နှုန်း၊ ပုဗ္ဗသီရိမြို့နယ်၌ ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူ ၁၉၉ဦး၊ ရိုးရိုးအောင်မြင်သူ ၄၀၃ဦး၊ စုစုပေါင်း ၆၀၂ ဦးဖြင့် အောင်ချက်ရာခိုင်နှုန်း ၃၈ ဒသမ ၁၃ ရာခိုင်နှုန်း ရှိကြောင်း သိရသည်။

တက္ကသိုလ်ဝင်စာမေးပွဲတွင် ဇီဝဗေဒဘာသာရပ်ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သူ မောင်ပိုင်ထက်ဦးက "ကျွန်တော်ဂုဏ်ထူးရရှိတဲ့အတွက် ဝမ်းသာပါတယ်။ ဂုဏ်တွေအများကြီးမျှော်မှန်းခဲ့ပေမယ့် တစ်ဘာသာပဲထွက်ခဲ့ပါတယ်။ ကျန်တဲ့ဘာသာတွေလည်း အမှတ်များမယ်လို့ထင်ပါတယ်။ ဒုတိယအကြိမ်ဖြေဆိုမှုကိုလည်း ကျေနပ်အားရမှုရှိပါတယ်။ ပထမအကြိမ် ဖြေဆိုမှုရဲ့အားနည်းချက်တွေကိုပြင်ဆင်မှုရခဲ့ပါတယ်။ ကျွန်တော့်အမှတ်စာရင်းအတွက် ရင်ခုန်နေပါတယ်။ ကျွန်တော်တက်ချင်တဲ့ကျောင်းကို တက်လို့ရမယ်လို့ မျှော်လင့်ထားပါတယ်။ နောင်လာနောက်သားညီလေး၊ညီမလေးတွေကိုလည်း တစ်နေ့စာတစ်နေ့ကို လေ့လာလေ့ကျင့်ကြပါလို့ ပြောချင်ပါတယ်။ အချိန်ပိုတွေရှိခဲ့ရင် ပြန်လှန်လေ့ကျင့်ခန်းတွေ၊မေးခွန်းဟောင်းတွေကို လေ့ကျင့်ကြပါလို့ပြောချင်ပါတယ်။ ကျရှုံးတဲ့သူငယ်ချင်းတွေကိုလည်း အားမလျှော့ဘဲ ဆက်လက်ကြိုးစားဖြေဆိုကြပါလို့ တိုက်တွန်းချင်ပါတယ်"ဟု ပြောပြသည်။

တက္ကသိုလ်ဝင်စာမေးပွဲတွင် အင်္ဂလိပ်၊ ဓာတုဗေဒ၊ရူပဗေဒ၊ဇီဝဗေဒဂုဏ်ထူးများဖြင့် အောင်မြင်ခဲ့သူ မကြည်နူးဆက်က "အခုလို လေးဘာသာဂုဏ်ထူး ရရှိခဲ့တဲ့အတွက် ဝမ်းသာပါတယ်။ ဘာသာစုံဂုဏ်ထူးထွက်ဖို့ မျှော်မှန်းပြီး ကြိုးစားခဲ့တာဖြစ်ပါတယ်။ ကျန်တဲ့နှစ်ဘာသာမှာ လွဲချော်မှုရှိခဲ့တယ်လို့ထင်ပါတယ်။ ဂုဏ်ထူးမထွက်ခဲ့ပေမယ့် အမှတ်ကောင်းမယ်လို့ ထင်ပါတယ်။ ကျောင်းပုံမှန်တက်ပြီး တစ်နေ့စာတစ်နေ့ ပုံမှန်လေ့လာကျက်မှတ်ပါတယ်။ ပြန်လှန်လေ့ကျင့်ခန်းတွေလုပ်တဲ့အချိန်မှာ တစ်နေ့စာတစ်နေ့လေ့လာခဲ့တာတွေကအထောက်အကူပြုပါတယ်။သင်ခန်းစာတွေကို တစ်နေ့စာတစ်နေ့ ပုံမှန်လေ့လာကျက်မှတ်ရင်း တစ်နှစ်တာကိုဖြတ်သန်းခဲ့တာဖြစ်ပါတယ်။ ဒုတိယအကြိမ် စာမေးပွဲဖြေဆိုမှုကအခွင့်အရေးတစ်ခုဖြစ်ခဲ့လို့ကျေနပ်အားရမှုရှိခဲ့ပါတယ်။ပထမအကြိမ်ကအမှားတွေ၊အားနည်းမှုတွေကိုပြန်လည်ပြင်ဆင်ခဲ့ပါတယ်။ နောင်ဖြေဆိုမယ့် မောင်လေး၊ညီမလေးတွေကို Grade -12 က စိတ်ပင်ပန်းရမယ့်အတန်းမဟုတ်ဘူးလို့ပြောချင်ပါတယ်။ တစ်နေ့စာ၊ တစ်ပတ်စာသင်ခန်းစာတွေကို သေချာလေ့ကျင့်မယ်ဆိုရင် အောင်မြင်အောင်ဖြတ်ကျော်နိုင်မယ့်အတန်းဖြစ်ပါတယ်။ ဂုဏ်ထူးတွေပါမှန်းမယ်ဆိုရင်တော့ ဇွဲ၊ လုံ့လ၊ ဝီရိယတွေကို ပိုပြီးအားစိုက်ထည့်ရမှာဖြစ်ပါတယ်။ ပြန်လှန်လေ့ကျင့်ခန်းနဲ့မေးခွန်းဟောင်းတွေကို သေချာလေ့ကျင့်ကြပါလို့ တိုက်တွန်းချင်ပါတယ်"ဟု ပြောပြသည်။

လမ်းပန်းဆက်သွယ်ရေး ခက်ခဲသောတိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ စာစစ်ဌာနများ၏အောင်စာရင်းများကိုမြန်မာ့အသံ(ရေဒီယို)၊ တိုင်းရင်းသားအစီအစဉ်များမှ ထုတ်လွှင့်ကြေညာပေးခဲ့ပြီး အောင်စာရင်းနှင့်ပတ်သက်၍ မရှင်းလင်းသည်များရှိပါက မြန်မာနိုင်ငံစာစစ်ဦးစီးဌာနသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)



အထက(၆) ကျောင်းအုပ်ဆရာကြီး ဦးဝင်းခိုင်



မကြည်နူးဆက်

# မင်းဘူးမြို့ရှိ နေရောင်ခြည်စွမ်းအင်သုံးဓာတ်အားပေးစက်ရုံမှ ပထမအဆင့် မဂ္ဂါဝပ် ၄၀ ဓာတ်အားထုတ်လုပ်နေမှုနှင့် ဒုတိယအဆင့် မဂ္ဂါဝပ် ၄၀ ထုတ်လုပ်နိုင်ရေးစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း ကြည့်ရှုစစ်ဆေး





**နေပြည်တော် ဇူလိုင် ၂၇**

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းသည် မကွေးတိုင်းဒေသကြီး သယံဇာတရေးရာ ဝန်ကြီး ဦးစိုင်းမြင့်အေး၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ်ရှိ မင်းဘူး နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံမှ ပထမအဆင့် မဂ္ဂါဝပ် ၄၀ ဓာတ်အားထုတ်လုပ်နေမှုနှင့် ဒုတိယ အဆင့် မဂ္ဂါဝပ် ၄၀ ထုတ်လုပ်နိုင်ရေးစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှု စစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စု ဝန်ကြီးက ဒုတိယအဆင့် မဂ္ဂါဝပ် ၄၀ ဓာတ်အား ထုတ်လုပ်နိုင်ရေးအတွက် ချုပ်ဆိုထားသည့် စာချုပ်များကို ပြန်လည် စိစစ်၍ စာချုပ်ပါအတိုင်း ပြီးစီးနိုင်ရေး မြန်မြန်ဆန်ဆန် ဆောင်ရွက်သွားရန်နှင့် စာချုပ်ပါ စည်းကမ်းချက်များအတိုင်း လိုက်နာဆောင်ရွက်သွားရန် လိုအပ် ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် လာမည့် နွေရာသီအမီ ဖြစ်နိုင်ခြေရှိသော ရှိပြီးသား စီမံကိန်းများမှ ဓာတ်အားထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိသဖြင့် ဒုတိယ အဆင့် မဂ္ဂါဝပ် ၄၀ ဓာတ်အားထုတ်လုပ်နိုင် ရေး ပြီးစီးရန် သတ်မှတ်ထားသည့် ၂၀၂၆ ခုနှစ် တတိယသုံးလပတ်ထက်စော၍ ဓာတ်အားထုတ်လုပ်နိုင်ရေး ကြိုးပမ်း ဆောင်ရွက်သွားရန် လိုအပ်ကြောင်း မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဒုတိယအဆင့် မဂ္ဂါဝပ် ၄၀ ထုတ်လုပ်နိုင်ရေး မြေပြုပြင်ရှင်းလင်းခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ပထမ အဆင့် မဂ္ဂါဝပ် ၄၀ မှ Solar Panel များ တပ်ဆင်ထားရှိမှုနှင့် ဓာတ်အားထိန်းချုပ် ခန်းအတွင်း နေရောင်ခြည်စွမ်းအင်မှ လျှပ်စစ်ဓာတ်အားများ ထုတ်လုပ်ပြီး နိုင်ငံတော်ဓာတ်အားစနစ် (National Grid System)သို့ ချိတ်ဆက်ပို့လွှတ်ပေးနေမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး ဝန်ထမ်းများနှင့်တွေ့ဆုံ၍ လက်ရှိအချိန်တွင် နိုင်ငံခြားသားပညာရှင် များနှင့်တွဲဖက်၍ ဓာတ်အားထုတ်လုပ် မောင်းနှင်ဆောင်ရွက်နေရသော်လည်း မိမိ တို့ဝန်ထမ်းများဖြင့် ဓာတ်အားထုတ်လုပ် မောင်းနှင်ရန် လိုအပ်လာပါက ထိန်းညှိ မောင်းနှင်နိုင်ရန်အတွက် ယခုအချိန်မှ စ၍ ကျွမ်းကျင်မှုရှိစေရေး နည်းပညာ ဆိုင်ရာ အတွေ့အကြုံများရယူ၍ လေ့လာ ဆည်းပူးထားရန် လိုအပ်ကြောင်း မှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး သည် မကွေးမြို့ရှိ တိုင်းဒေသကြီးလျှပ်စစ် အင်ဂျင်နီယာရုံးတွင် မကွေးတိုင်းဒေသကြီး အတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနေ မှုအခြေအနေနှင့်ပတ်သက်၍ တိုင်းဒေသ ကြီး၊ ခရိုင်၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ များ၊ ဝန်ထမ်းများနှင့် တွေ့ဆုံညှိနှိုင်းအစည်း အဝေးသို့ တက်ရောက်သည်။

အစည်းအဝေးတွင် တာဝန်ရှိသူများ၏ တင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီး က မြို့နယ်အဆင့်များတွင် ဓာတ်အား ပျောက်ဆုံးမှု လျော့နည်းကျဆင်းရေး၊ ဓာတ်အားခကြွေးကျန်များ အပြည့်အဝရရှိ ရေးရည်မှန်းချက်ထား ဆောင်ရွက်ရန်နှင့် တရားမဝင်ဓာတ်အားရယူသုံးစွဲမှုများ မရှိ စေရေး တာဝန်ရှိသူအဆင့်ဆင့်က စစ်ဆေး ကြပ်မတ်သွားရန်လိုအပ်ကြောင်း၊ ဓာတ်အား လိုင်းများတစ်လျှောက် ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်း ဆောင်ရွက်သွားရန်၊ မိမိတို့ဌာနအနေဖြင့် အများပြည်သူနှင့် ဆက်ဆံ၍ ဝန်ဆောင်မှုပေးနေရသည့် ဌာနဖြစ်သဖြင့် ယဉ်ကျေးပျူငှာစွာဆက်ဆံ ပြီး ပြည်သူကို အကောင်းဆုံးဝန်ဆောင်မှု ပေးရန်နှင့် မိမိတို့ဝန်ကြီးဌာန၏ ပုံရိပ်ကို မြှင့်တင်၍ ပြည်သူလူထုလေးစားရသော ဝန်ထမ်းများဖြစ်လာစေရေး ကြိုးပမ်းဆောင် ရွက်ကြရန် လိုအပ်ကြောင်း၊ ဝန်ထမ်းများ အနေဖြင့် မိမိတို့ကို ပေးအပ်ထားသော တာဝန်ကို ကျေပွန်စွာထမ်းဆောင်သွား ရန်လိုအပ်ပြီး ဝန်ထမ်းများ၏ဆောင်ရွက် မှုများအပေါ် တာဝန်ရှိသူအဆင့်ဆင့်က စစ်ဆေးကြပ်မတ် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ လုပ်ငန်းများဆောင်ရွက် ရာတွင်လည်း လုံခြုံရေးအသိ၊ သတိဖြင့် ဆောင်ရွက်ကြရန်လိုအပ်ကြောင်း မှာကြား ပြီး ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက် ပေးပြီး ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက်အမှတ်စဉ် (၈/၂၀၂၅)

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၃၆၆ ပုဒ်မခွဲ(က)၊ ၁၉၈၉ ခုနှစ် ဇူလိုင် ၁၅ ရက်တွင် မြန်မာနိုင်ငံက ပါဝင်ချုပ်ဆိုထားခဲ့သော ကုလသမဂ္ဂ၏ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ် အပိုဒ် ၂၈၊ ၂၉၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေ (၂၀၁၉ ခုနှစ်) ပုဒ်မ ၄၆၊ ၄၇ နှင့် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ် ၂၆ တို့တွင် ပညာသင်ယူခွင့်နှင့် စပ်လျဉ်း၍ ပြဋ္ဌာန်းထားရှိပါသည်။

၂။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ကော်မရှင်ဥပဒေပုဒ်မ ၄၃၊ ၄၄ တို့အရ အကျဉ်းထောင်၊ အကျဉ်းစခန်းနှင့် လူငယ်ထိန်းသိမ်းစောင့်ရှောက်ရေး စခန်း၊ လူငယ်သင်တန်းကျောင်းတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသား၊ အကျဉ်းသူများ၊ လူငယ်သင်တန်းကျောင်းများမှ ကလေးသူငယ်များ၏ ပညာသင်ယူခွင့် အခွင့်အရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိနေသည်ကို တွေ့ရှိရပါသည်။ ကြည့်ရှုစစ်ဆေးစဉ် တက္ကသိုလ်ဝင်တန်းပညာရေး ဆက်လက်သင်ယူလိုသည့် အကျဉ်းသား၊ အကျဉ်းသူများရှိပါက သက်ဆိုင်ရာဌာနက စီစဉ်ဆောင်ရွက်ပေးနိုင်ရန် ကော်မရှင်ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့်အညီ အကြံပြုတိုက်တွန်းလျက်ရှိပါသည်။

၃။ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် တက္ကသိုလ်ဝင်တန်းအောင်စာရင်းများကို ၂၀၂၅ ခုနှစ် ဇူလိုင် ၂၇ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ရာ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများအနက် အကျဉ်းဦးစီးဌာနအောက်ရှိ အင်းစိန်ဗဟိုအကျဉ်းထောင်မှ အကျဉ်းသား ၁၀ ဦးနှင့် မန္တလေးဗဟိုအကျဉ်းထောင်မှ အကျဉ်းသား ခြောက်ဦး စုစုပေါင်း အကျဉ်းသား ၁၆ ဦးအောင်မြင်ခဲ့ပါသည်။ အောင်မြင်သူများတွင် သုံးဘာသာဂုဏ်ထူးရှင် ခြောက်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် လေးဦးနှင့် တစ်ဘာသာဂုဏ်ထူးရှင် လေးဦး ပါဝင်ပါသည်။ လူမှုဝန်ထမ်းဦးစီးဌာနအောက်ရှိ ကြည့်မြင်တိုင်မျက်မမြင်ကျောင်းမှ တစ်ဦး၊ ကျိုက်ဝိုင်းလူငယ်သင်တန်းကျောင်းမှ တစ်ဦး၊ အမျိုးသမီးကလေးများသင်တန်းကျောင်း မန္တလေးမှ တစ်ဦး၊ လားရှိုးလူငယ်သင်တန်းကျောင်းမှ တစ်ဦး၊ လပွတ္တာလူငယ့်အားမာန်သင်တန်းကျောင်းမှ တစ်ဦး စုစုပေါင်းသင်တန်းသား ငါးဦးလည်း ဖြေဆိုအောင်မြင်ခဲ့ကြောင်း သိရှိရပါသည်။

၄။ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်တန်းဖြေဆိုအောင်မြင်သူ အကျဉ်းထောင်များရှိ အကျဉ်းသား၊ အကျဉ်းသူများ၊ လူငယ်သင်တန်းကျောင်းများရှိ ကလေးသူငယ်များ၏ တက္ကသိုလ်ဝင်တန်းအောင်မြင်မှုအပေါ် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် အနေဖြင့် ဝမ်းမြောက်ပါကြောင်းနှင့် တက္ကသိုလ်ဝင်တန်း အောင်မြင်သူ အကျဉ်းသား၊ အကျဉ်းသူများနှင့် သင်တန်းသားများ၏ ပညာသင်ယူခွင့် အခွင့်အရေး ဆက်လက်ရရှိနိုင်ရေး ဆောင်ရွက်ပေးသွားမည်ဟု ယုံကြည်ပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်**

**ရက်စွဲ၊ ၂၀၂၅ ခုနှစ် ဇူလိုင်လ ၂၇ ရက်**

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှ တင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကိုစိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့် မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

(ခ) နိုင်ငံ့ဝန်ထမ်းများ။

(ဂ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိဘိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

(င) မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

(စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်း မပြုရသေးမီကာလ အတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည် အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလ အတွင်း မတော်တဆဖြစ်ရပ် တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူ ဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

**အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDFအမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ဗြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီ ထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက် အိုးအိမ်စည်းစိမ်ကိုကာကွယ်ပေးခြင်းဖြစ်သည်။

# ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အမျိုးသားကင်ဆာရောဂါကုသရေးဌာန တည်ဆောက်ရေးလုပ်ငန်းများကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ကြည့်ရှု



နေပြည်တော် ဇူလိုင် ၂၇

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့က ရန်ကုန်တိုင်းဒေသကြီး ဒဂုံဆိပ်ကမ်းမြို့နယ် အမျိုးသားကင်ဆာရောဂါကုသရေးဌာန တည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရှစ်ထပ်ကုသဆောင် တည်ဆောက်နေသည့်လုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုပြီး သတ်မှတ်အချိန်ကာလအမီ ပြီးစီးစေရေး အင်အားပြည့်ကြိုးပမ်းဆောင်ရွက်ပေးကြရန် အရည်အသွေးပြည့်မီသည့် ပစ္စည်းများအသုံးပြုကြရန်နှင့် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် သတိပြုဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ကင်ဆာခတ်ရောင်ခြည်ကုသစက် သုံးလုံးဖြင့် အများပြည်သူ ရုံးပိတ်ရက်တွင် တာဝန်ထမ်းဆောင်၍ ခတ်ရောင်ခြည်ကုသမှု ဆောင်ရွက်လျက်ရှိသည့် အထူးကုဆရာဝန်ကြီးများ၊ ကျန်းမာရေးဝန်ထမ်းများကို တွေ့ဆုံအားပေးစကားပြောကြားသည်။

ယင်းနောက် ငါးထပ်ကုသဆောင်ရှိ အစည်းအဝေးခန်း၌ ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အအုံဦးစီးဌာန အင်ဂျင်နီယာချုပ် ဦးကိုကိုအေးက အမျိုးသားကင်ဆာရောဂါ ကုသရေးဌာန တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆေးရုံပတ်ဝန်းကျင်သာယာလှပရေးဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားကင်ဆာရောဂါကုသရေးဌာန တည်ဆောက်ရေးအတွက် လိုအပ်သောရန်ပုံငွေများ ခွဲဝေချထားပေးပါကြောင်း၊ ကင်ဆာရောဂါဝေဒနာရှင်များအကျိုးငှာ သတ်မှတ်ချိန်အတွင်း စီမံကိန်းပြီးစီးရန် အင်အားပြည့်ဆောင်ရွက်စေလိုပါကြောင်း၊ ကုသရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာ အရည်အသွေးများကောင်းမွန်စေရေးနှင့် ကင်ဆာရောဂါဝေဒနာရှင်များအနေဖြင့် စိတ်ချမ်းသာစွာ ကုသမှုခံယူနိုင်ရေးအတွက် ဆေးရုံပတ်ဝန်းကျင်သာယာလှပရေးဆောင်ရွက်ရာတွင် မြင်နေကျ ဆေးရုံပတ်ဝန်းကျင်ထက် ပိုမိုသာယာလှပသောပုံစံကို ဆေးပညာရှင်များ၊ အင်ဂျင်နီယာပညာရှင်များ ပူးပေါင်း၍ ညှိနှိုင်းတိုင်ပင် ဆောင်ရွက်ကြရန်ဖြစ်ပါကြောင်းဖြင့် မှာကြားပြီး တက်ရောက်လာကြသည့် ပါမောက္ခ၊ အထူးကုဆရာဝန်ကြီးများ၊ အဆောက်အအုံဦးစီးဌာနမှ တာဝန်ရှိသူများက အဆောက်အအုံ တည်ဆောက်ရေးနှင့် ဆေးရုံပတ်ဝန်းကျင် သာယာလှပရေးအတွက် ညှိနှိုင်းဆွေးနွေးမှုများ ဆောင်ရွက်ကြသည်။

ထို့နောက် အမျိုးသားကင်ဆာရောဂါကုသရေးဌာနတာဝန်ခံက အမျိုးသားကင်ဆာရောဂါကုသရေးဌာန၌ ခတ်ရောင်ခြည်ကုသမှု ဆောင်ရွက်နေသည့် အခြေအနေကိုတင်ပြပြီး တက်ရောက်လာကြသည့် ပါမောက္ခ၊ အထူးကုဆရာဝန်ကြီးများက လုပ်ငန်းဆောင်ရွက်မှု အခြေအနေနှင့် လိုအပ်ချက်များ တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းပေးသည်။

အမျိုးသားကင်ဆာ ရောဂါကုသရေးဌာနကို နိုင်ငံတော်၏ခွင့်ပြုရန်ပုံငွေကျပ် ၃၂ ဘီလီယံကျော်ဖြင့် စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ကာ ရှစ်ထပ်ကုသဆောင်တည်ဆောက်ရေးနှင့် ဆက်စပ်လုပ်ငန်းများကို ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အအုံအထူးအဖွဲ့(၁)က တာဝန်ယူကာ ဆက်လက်ဆောက်လုပ်လျက်ရှိပြီး အမျိုးသားကင်ဆာရောဂါကုသရေးဌာနတွင် စုစုပေါင်း စက်သုံးလုံးဖြင့် တစ်ရက်လျှင် ကင်ဆာရောဂါဝေဒနာရှင် လူနာ ၂၀၀ မှ ၂၅၀ ကျော် ခတ်ရောင်ခြည်ကုသမှု ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နောင်ချိုမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းနှင့် အခြေခံပညာအလယ်တန်းကျောင်းခွဲ(လောက်ဖန်း)တို့၌ ကျောင်းအပ်စတင်လက်ခံ

# နောင်ချိုမြို့ ယာယီဆေးရုံ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် ဇူလိုင် ၂၇

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့ရှိ အခြေခံပညာကျောင်းများ အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့် ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာပညာသင်ကြားနိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ ပူးပေါင်း၍ အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးခဲ့သည့် ကျောင်းအဆောက်အအုံနှင့် ပရိဘောဂပစ္စည်းများပြုပြင်ခြင်း၊ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးနှင့် မိုင်းအန္တရာယ် ကင်းရှင်းရေးတို့အတွက် လိုအပ်သည်များဆောင်ရွက်ပေးပြီး ဒေသခံတိုင်းရင်းသား မိဘပြည်သူများကလည်း ပူးပေါင်းပါဝင်ပေးလျက်ရှိရာ ယနေ့တွင်လည်း နောင်ချိုမြို့ရှိ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းနှင့် အခြေခံပညာအလယ်တန်းကျောင်းခွဲ (လောက်ဖန်း)တို့၌ ကျောင်းအပ်စတင်လက်ခံခြင်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ကျောင်းနေအရွယ်ကလေးများကို တန်းစဉ်အလိုက် စတင်ကျောင်းအပ်လက်ခံခဲ့ရာ ယနေ့တွင် အဆိုပါကျောင်းများ၌ လာရောက်ကျောင်းအပ်နှံသူ ကျောင်းသား၊ ကျောင်းသူ ၁၀၅ ဦးရှိပြီး ကျောင်းအပ်နှံသည့် ကျောင်းသား၊ ကျောင်းသူများအတွက် ပညာရေးဝန်ကြီးဌာနက အခမဲ့ပေးအပ်သည့် ကျောင်းသုံးစာအုပ်များ၊ စာရေးကိရိယာများနှင့် ကျောင်းဝတ်စုံများကို ကျောင်းသား၊ ကျောင်းသူများထံသို့ တစ်ပါတည်းပေးအပ်ကြသည်။



နောင်ချိုမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းနှင့် အခြေခံပညာအလယ်တန်းကျောင်းခွဲ(လောက်ဖန်း)တို့၌ ကျောင်းသား၊ ကျောင်းသူများကို ကျောင်းအပ်လက်ခံနေစဉ်။

ထို့ပြင် ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာနှင့် သန့်ရှင်းသပ်ရပ်စွာ ပညာသင်ကြားနိုင်ရေးအတွက် နောင်ချိုမြို့ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း၌ တပ်မတော်သားများနှင့် ဌာနဆိုင်ရာဝန်ထမ်းများက ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် အခြားလိုအပ်သည်များ ဆောင်ရွက်ပေးသည်။



တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့က ဒေသခံတိုင်းရင်းသားပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

၎င်းအပြင် တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများပူးပေါင်း၍ ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် မြနန်းတော်ဝင်မင်္ဂလာခန်းမ၌ ယာယီဆေးရုံဖွင့်လှစ်ပြီး ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ဒေသခံတိုင်းရင်းသားပြည်သူ ၇၂ ဦးတို့ကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(မြဝ)**

## ❒ ကြိုးပြင်ကာကွယ်တော သတ်မှတ်မှု

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ဒီရေတောဂေဟစနစ် ရေရှည်တည်တံ့စေရန်၊ ဇီဝမျိုးစုံမျိုးကွဲများ ပေါကြွယ်ဝစေရန်၊ လှိုင်းဒဏ်၊ လေမုန်တိုင်းဒဏ် ခံစားရမှုများကို သဘာဝတံတိုင်းကြီးများသဖွယ် ကာကွယ်ရန်၊ ဒေသခံပြည်သူများအတွက် သား၊ ငါး၊ ကဏန်း၊ ပုစွန်စသောရေသယံဇာတများစဉ်ဆက်မပြတ်ထုတ်ယူသုံးစွဲနိုင်ရန်နှင့် ဒီရေတောဂေဟစနစ်စီမံအုပ်ချုပ်မှုပိုမိုကောင်းမွန်လာစေရန်ရည်ရွယ်၍ ဒီရေတောကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများ ဖွဲ့စည်းသတ်မှတ်ခြင်းဖြစ်ပါသည်။

ဆင်ကူးကျွန်းဒီရေတောကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်းဖြင့် ဒီရေတောအဓိကသစ်မျိုးများဖြစ်သည့် ဖြူးခြေထောက်၊ ဖြူးအုပ်ဆောင်း၊ လမု၊ လဘာ၊ ကနစို၊ သမဲ့၊ ကျနု၊ မဓမ၊ ပင်လယ်အုန်းစသည့်သစ်မျိုးများနှင့် သရော၊ နံ့ဖြူး(ငှက်)နှင့် ဓနိပင်စသည့် ဒေသမျိုးရင်း ဒီရေတော သစ်မျိုးများကို ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ ဗျိုင်း၊ ဗျိုင်းအောက်၊ စွန်၊ သိမ်းငှက်၊ ပန်းဇင်ငှက်၊ ခရုစုပ်ငှက်၊ ရေညှောင့်နှုတ်ဝိုင်းငှက်၊ တင်ကြီးငှက်၊ ငှက်တုံးငှက် စသည့်ငှက်မျိုးများ၏ နေရင်းဒေသကို ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ သား၊ ငါး၊ ကဏန်း၊ ပုစွန်များရှင်သန်ပေါက်ဖွားရာ ဂေဟစနစ် ပိုမိုကောင်းမွန်လာစေခြင်း၊ ဒီရေတောများသည် အဏ္ဏဝါဂေဟစနစ်ကို တည်ငြိမ်မှုအတွက်အရေးပါသည့် ဂေဟစနစ်တစ်ခုဖြစ်ခြင်းနှင့် သဘာဝဘေးအန္တရာယ်မှ ကာကွယ်ပေးနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါသည်။

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**



# ရေဘက်ဆိုင်ရာနိုဘယ်လ်ဆုရှင်

**ကျော်ဦး**



ဂျိုဟတ်တစ်ခုပေါ်မှရာဂျင်ဒရာဆင်း

"မိုးက ကျုပ်တို့ပျော်ပွဲစားထွက်တာကိုဖျက်လိုက်ပေမယ့် လယ်သမားတွေရဲ့ သီးနှံကို ကယ်တင်လိုက်တယ်၊ မိုးမရွာသင့်ဘူးလို့ ဘယ်သူပြောဦးမလဲ"

**ထော်မ်ဘာရက်**

ဆွီဒင်နိုင်ငံ စတော့ဟုမ်းနိုင်ငံတကာ ရေဘက်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့အစည်းသည် ကမ္ဘာတစ်ဝန်းလုံးမှ ရေဘက်ဆိုင်ရာ၌ ထူးချွန်စွာဆောင်ရွက်သူများအား "စတော့ဟုမ်းရေဘက်ဆိုင်ရာဆု"ကို လွန်ခဲ့သော ၂၅ နှစ်ခန့်မှစ၍ နှစ်စဉ်ရွေးချယ်ချီးမြှင့်ခဲ့သည်။ ယင်းဆုသည် ရေဘက်ဆိုင်ရာလုပ်ငန်းနယ်ပယ်၌ ကျော်ကြားလှပြီး "ရေဘက်ဆိုင်ရာနိုဘယ်လ်ဆု" ဟုပင် တင်စားခေါ်ဝေါ်ကြသည်။

၂၀၁၅ ခုနှစ် "ရေဘက်ဆိုင်ရာနိုဘယ်လ်ဆု"ကို အိန္ဒိယလူမျိုး ရာဂျင်ဒရာဆင်းအား ပေးအပ်ခဲ့သည်။ ဆုချီးမြှင့်ရေးကော်မတီ၏မှတ်ချက်တွင် ရာဂျင်ဒရာဆင်းသည် ဒေသတွင်းရေအခက်အခဲကို လူမှုရေးစွမ်းဆောင်ရည်တည်ဆောက်ပြီး ဒေသခံတို့၏ပူးပေါင်းပါဝင်မှု၊ အမျိုးသမီးတို့ကို အားကိုးတာဝန်ပေးအသုံးချမှု၊ ရှေးရိုးနည်းပညာကို ခေတ်မီသိပ္ပံနည်းများနှင့် ပေါင်းစပ်ပေးနိုင်မှုတို့ကြောင့် ဆုပေးခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

သူသည် ကျေးရွာများကို ရေလွှမ်းမိုးမှုမှ ကာကွယ်ပေးခြင်း၊ မြေဆီလွှာထိန်းသိမ်းပေးခြင်း၊ မြစ်ချောင်းများကို ကောင်းမွန်စွာစီးဆင်းစေခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများကို ထိန်းသိမ်းခြင်း စသည့် အကျိုးကျေးဇူးများကိုလည်း ဖန်တီးပေးခဲ့သည်။ ရာဂျင်ဒရာဆင်း၏ဆောင်ရွက်ချက်များသည် လိုက်နာအကောင်အထည်ဖော်ရန် ကုန်ကျစရိတ်မများခြင်း၊ လွယ်ကူရိုးရှင်းခြင်း စသည်တို့ကြောင့် တစ်ကမ္ဘာလုံး နမူနာယူသင့်သည်ဟု ဆုချီးမြှင့်ရေးကော်မတီက ဆိုသည်။ ရာသီဥတုပြောင်းလဲခြင်း၏ သက်ရောက်ထိခိုက်မှုကိုခံနေရသော ရေရရှိမှုအခြေအနေကို ဖြေရှင်းရာ၌ ခေတ်မီသိပ္ပံနှင့်နည်းပညာများသက်သက်ကိုသာ အားကိုးနေ၍ မရဘဲ ကောင်းမွန်သောစီမံခန့်ခွဲမှု၊ မှန်ကန်သောမူဝါဒ၊ ခေါင်းဆောင်ကောင်းရှိမှုနှင့်အခြေအနေနှင့်လိုက်လျောညီထွေအောင် လုပ်ဆောင်တတ်မှုတို့အပေါ်တွင်လည်း မူတည်နေရာ ရာဂျင်ဒရာဆင်း၏ ဆောင်ရွက်ချက်များသည် အထက်ပါအချက်တို့နှင့် ကိုက်ညီနေသည်။

ဆုရှင်ရာဂျင်ဒရာဆင်းသည် ရေပညာရှင်တစ်ဦးမဟုတ်သည့်အပြင် ယင်းကဏ္ဍ၌ ပါဝင်ဆောင်ရွက်ရန်လည်း မူလက မရည်ရွယ်ခဲ့ပေ။ သူသည်အသက် ၂၈ နှစ်အရွယ်၌ အစိုးရဝန်ထမ်း အာယုဗေဒဆေးပညာရှင်အဖြစ်မှ နုတ်ထွက်ပြီး ရာဂျက်စတန်ပြည်နယ် အာလ်ဝါခရိုင် ဂိုပါးလ်ပူရာရွာသို့ ရောက်ရှိခဲ့သည်။ ယင်းရွာတွင် ဆေးခန်းဖွင့်ရန် လက်ထောက်လေးဦးနှင့်အတူလာခဲ့ခြင်းဖြစ်သည်။

ရာဂျင်ဒရာဆင်းနှင့်သူ၏လက်ထောက်များ ရွာသို့ရောက်လာသောအခါ အစီအစဉ်ကတစ်မျိုးဖြစ်သွားသည်။ ဒေသခံတို့သည် ဆေးခန်းအစား ရေကိုလိုချင်ကြသည်။ ရာဂျက်စတန်ပြည်နယ်သည် ခြောက်သွေ့သောရာသီဥတုရှိပြီး တစ်နှစ်လျှင် မိုးရေချိန် ပျမ်းမျှ ၁၆ လက်မသာရွာသည်။ မိုးအားလုံးလိုလိုမှာ ဇွန်လမှ စက်တင်ဘာလအတွင်း၌သာဖြစ်၍ ကျန်လများတွင် မြေကြီးသည်ခြောက်သယောင်းနေသည်။ မြေအောက်ရေလည်း ကောင်းစွာမရ၍ ရွာတွင်ကြုံတွေ့နေရသောရေအခက်အခဲက အတော်ကြီးမားသည်။ သောက်ရေအတွက် အမျိုးသမီးများ၊ ကလေးငယ်များ ဝေးလံသော အရပ်သို့ သွားရောက်သယ်ယူနေကြရသည်။ ရေမရှိ၍ အသီးအနှံများကောင်းစွာမဖြစ်ထွန်း။

**ရှေးကရေရခဲ့**

ဒေသခံသက်ကြီးဝါကြီးတို့၏ အဆိုအရ အာလ်ဝါခရိုင်တွင် ရှေးအခါမှစ၍ လွန်ခဲ့သော နှစ်ပေါင်း ၆၀ ကျော်အထိ ရေကိုလုံလောက်စွာသုံးနိုင်ခဲ့ဖူးသည်ဟု ဆိုသည်။ ဒေသတွင်း၌ သစ်ပင်သစ်တောများနှင့်စိမ်းစိမ်းစိုစိုရှိခဲ့သည်။ မြစ်ချောင်းများတွင် လွန်ခဲ့သော နှစ်ပေါင်းထောင်နှင့်ချီ၍ရှိခဲ့သော "ဂျိုဟတ်"များကြောင့် ရေအတွက်မပူပင်ခဲ့ရဟု သက်ကြီးရွယ်အိုတို့ကပြောသည်။

"ဂျိုဟတ်"ဆိုသည်မှာ မြစ်ငယ်ချောင်းငယ်များကိုပိတ်၍ မြေသား၊ အုတ်၊ အင်္ဂတေ စသည်တို့ဖြင့် တည်ဆောက်ထားသောတမံနိမ့်များဖြစ်သည်။ ဂျိုဟတ်များကို တည်ဆောက်ရခြင်း၏ရည်ရွယ်ချက်မှာ မိုးရေကိုအလဟဿစီးဆင်းမသွားစေဘဲ တတ်နိုင်သမျှထိန်းသိမ်းသိုလှောင်၍ အသုံးချရန်ဖြစ်သည်။

ဂျိုဟတ်များသည် ရှားရှားပါးပါး ရွာကျလာသောမိုးရေများကို တားဆီးသိုလှောင်ထားနိုင်၍ မသုံးရမစွဲရဘဲ မြစ်ချောင်းများ ထိုမှတစ်ဆင့် နောက်ဆုံးပင်လယ်ထဲ ပြန်ရောက်သွားခြင်းကို ကာကွယ်ခဲ့သည်။ မိုးမရွာသောလများတွင် ဂျိုဟတ်မှရေကို ရယူသုံးစွဲနိုင်ကြသည်။ ထို့ပြင် ဂျိုဟတ်က တားဆီးသိုလှောင်ထားသော ရေတို့သည် မြေအောက်သို့ဖြည်းဖြည်းချင်း စိမ့်ဝင်ကာ မြေအောက်ရေကြောကို ဖြည့်တင်းပေးသည်။ ခြောက်သွေ့သောဒေသဖြစ်သော်ငြား မြေအောက်ရေရသောကြောင့် ဂျိုဟတ်တို့ပတ်ဝန်းကျင်တွင် သစ်ပင်ဝါးပင်များကိုတွေ့နိုင်သည်။ မြေအောက်ရေကြောင့် စိုက်ခင်းများရှင်သန်သည်။ ဇီဝမျိုးစုံမျိုးကွဲများ အထိုက်အလျောက်ပေါများသည်။

နှစ်ပေါင်းထောင်နှင့်ချီ၍တည်ခဲ့သော ယင်းအခြေအနေသည် လွန်ခဲ့သော နှစ်ပေါင်း ၆၀ ကျော်မှစ၍ သစ်ပင်သစ်တောများကို ထင်းအတွက် အဆင်အခြင်မဲ့ခုတ်ယူကြခြင်းကြောင့် ပြောင်းလဲသွားသည်။ သစ်ပင်ခုတ်၍ ယင်းသစ်ပင်များကို မှီခိုရှင်သန်နေသောတိရစ္ဆာန်များ ဘုံပျောက်သည်။ မိုးရေသည် သစ်ပင်နည်းပါးသောမြေပြင်ပေါ် အရှိန်ဖြင့်စီးဆင်းလာပြီး မြေဆီလွှာကိုတိုက်စားသည်။ ဂျိုဟတ်များတွင် မြေမှုန်များ၊ သဲနုန်းများဖြင့်ပြည့်လာကာ တဖြည်းဖြည်းကောသွားသည်။ ဂျိုဟတ်ကောသွား၍ မြေပေါ်မှရေစိမ့်ဝင်ခြင်းမရှိတော့သဖြင့် မြေအောက်ရေပြင်နိမ့်ကျသွားသည်။ ရေတွင်းများ ခန်းသွားသည်။

| ရာဂျက်စတန်ပြည်နယ်၊ ဘူဂျာရွာ ဂျိုဟတ်မဆောက်မီနှင့် ဆောက်ပြီးမြေအောက်ရေအခြေအနေ | | | |
|---|---|---|---|
| | | တွင်းရေပြင်အနက် (မြေပြင်မှ ပေ) | |
| တွင်းအမှတ် | အနက်ပေ | ၁၉၈၅ ခုနှစ် (ဂျိုဟတ်မဆောက်မီ) | ၁၉၉၄ ခုနှစ် (ဂျိုဟတ်ဆောက်ပြီး) |
| ၁ | ၇၅ | ရေမရှိ | ၃၄ |
| ၂ | ၆၈ | ရေမရှိ | ၃၃ |
| ၃ | ၆၃ | ၆၀ | ၂၅ |
| ၄ | ၅၂ | ၄၈ | ၂၇ |
| ၅ | ၇၅ | ၆၃ | ၁၅ |
| ၆ | ၆၄ | ၄၅ | ၁၈ |
| ၇ | ၄၀ | ၂၇ | ၈ |
| ၈ | ၇၅ | ၆၀ | ၂၄ |
| ၉ | ၇၃ | ၆၀ | ၂၅ |
| ၁၀ | ၅၀ | ရေမရှိ | ၃၇ |

Source: Agriculture for Food Production (1994)

**သက်ကြီးစကား**

ဒေသခံသက်ကြီးရွာသားအချို့က ယခုကောနေပြီဖြစ်သော ဂျိုဟတ်များကို ပြန်လည်တူးဖော်ပေးလျှင် ဒေသတွင်းရေအခက်အခဲပြေလည်မည်ဖြစ်ကြောင်း ရာဂျင်ဒရာဆင်းကို ဝိုင်းပြောကြသည်။ ရာဂျင်ဒရာဆင်းသည် ရွာပတ်လည်လှည့်လည်ကြည့်ရှုရင်း ဂျိုဟတ်များကို လေ့လာသည်။ သူသည် ဂျိုဟတ်တို့ ပြန်လည်အသက်ဝင်လာလျှင် ရရှိမည့်အကျိုးကျေးဇူးကိုမြင်သွားသည်။ ကောနေသည့်ဂျိုဟတ်များကို ပြန်လည်တူးဖော်ကြရန် ဒေသခံလူငယ်တို့ကိုစည်းရုံးသည်။ အချို့က စိတ်မပါကြသော်လည်း ရာဂျင်ဒရာဆင်း၏ ကြိုးစားမှုကြောင့် စိတ်မပါ့တပါဖြင့် တူးဖော်ကြသည်။

ရသမျှလူအင်အားဖြင့် ဖြည်းဖြည်းချင်း တူးကြရာ ခုနစ်လခန့်ကြာသောအခါ ၁၅ ပေနက်သော ဂျိုဟတ်တစ်ခုကို ပြန်တူးဖော်နိုင်ခဲ့ကြသည်။

တူးပြီး မကြာမီမှာပင် မုတ်သုံမိုးရွာသည်။ ဂျိုဟတ်တစ်ခုလုံး ရေပြည့်သွားသည်။ ဂျိုဟတ်ရေပြည့်ပြီး မကြာမီမှာပင် အနီးရှိ ရေခန်းနေသော အဝီစိတွင်းတစ်တွင်း၌ ရေများပြန်ရောက်နေသည်ကို တွေ့လိုက်ကြသည်။ ပတ်ဝန်းကျင်၌ သစ်ပင်များပြန်လည်ပေါက်ရောက်လာသည်။ စိုက်ပင်ပျိုးပင်များ ပို၍ဖြစ်ထွန်းလာသည်။ ဂေဟစနစ်ပြန်လည်ရှင်သန်လာသည်။ ရွာသားလူငယ်တို့သည်ဂျိုဟတ်ဖြင့် ရေကိုထိန်းသိမ်းနိုင်ခြင်းကြောင့် ရသောအကျိုးကို လက်တွေ့သိသွားကြသည်။ ကောနေသော အခြားဂျိုဟတ်များကို ဆက်လက်တူးဖော်ကြသည်။ ဂျိုဟတ်အသစ်များကို တည်ဆောက်သည်။ ရွာပတ်လည်တွင် သစ်တောများကိုစိုက်ပျိုးခြင်းဖြင့် ရေကိုထိန်းသိမ်းကာ ဂျိုဟတ်တို့၏စွမ်းဆောင်ချက်ကို ပို၍မြှင့်တင်ပေးကြသည်။ ရေပိုရရန်သစ်တောများကိုထိန်းသိမ်းဖို့ လိုအပ်ကြောင်း သိသော ရွာသားတို့သည် သစ်ပင်များကို မခုတ်မိအောင် တတ်နိုင်သမျှစောင့်ထိန်းကြသည်။

**ရေပြန်ရောက်လာ**

၁၉၉၆ ခုနှစ်တွင် ဂိုပါးလ်ပူရာဒေသခံတို့ ပြန်လည်တူးဖော် အသစ်တည်ဆောက်သော ဂျိုဟတ်များသည် ရေဂါလန် သန်း ၁၆၀ ကျော်ကို သိုလှောင်ထားနိုင်သည်။ ဂျိုဟတ်ရေများကပြန်လည်ဖြည့်တင်းပေးမှုကြောင့် မြေအောက်ရေမျက်နှာပြင်သည် ၄၅ ပေအနက်မှ

**စာမျက်နှာ ၂၁ သို့**

| ဂျိုဟတ်မဆောက်မီနှင့်ဆောက်ပြီးဂျုံစိုက်ဧကနှိုင်းယှဉ်ချက် | | |
|---|---|---|
| ရွာအမည် | ဂျိုဟတ်မဆောက်မီ | ဂျိုဟတ်ဆောက်ပြီး |
| ဘူဂျာ | ၇ | ၁၅ |
| ပွါသ်ရိဒါ | ၅ | ၁၀ |
| ကာလတ်နာတာတာ | ၈ | ၁၇ |
| ဘန်တာ | ၆ | ၁၅ |
| ဒက်ဘရီ | ၇ | ၁၅ |

Source: People and Places, The University of Texas, 2007



ဂျိုဟတ်တစ်ခု



ဂျုံဟတ်ကြောင့် အောင်မြင်ဖြစ်ထွန်းနေသည့်ဂျုံစိုက်ခင်း

**စာမျက်နှာ ၂၀ မှအဆက်**

၂၂ ပေ အနက်သို့ မြင့်တက်လာသည်။ မြေအောက်ရေမြင့်လာသဖြင့် မြေဆီလွှာပြန်လည်စိုစွတ်လာသည်။ သီးနှံစိုက်ခင်းများ ပြန်၍စိုက်ပျိုးအောင်မြင်လာသည်။ တစ်သီးစားစိုက်ရာမှ နှစ်သီးစားစိုက်လာနိုင်သည်။ ရွာသားတို့ ဝင်ငွေပိုကောင်းလာသည်။ သိုး၊ ဆိတ်၊ နွား မွေးမြူရေးလုပ်ငန်းများ ပို၍ဖြစ်ထွန်းလာသည်။

သစ်တောရှိသစ်ပင်များကို စနစ်တကျသင့်သလောက်သာ ခုတ်ခြင်းဖြင့် ရွာအတွက်လောင်စာလည်းရ တိရစ္ဆာန်အစာများလည်းရကြသည်။ စီးပွားရေးအခွင့်အလမ်းများ ကောင်းလာသဖြင့် မြို့တက်၍ အလုပ်လုပ်နေကြသူအချို့ ရွာပြန်လာသည်။ ရေနှင့်ထင်းအတွက် အမျိုးသမီးတို့ ဝေးလံသောအရပ်သို့ အချိန်ကုန်ခံထွက်မရှာရတော့သဖြင့် အိမ်အလုပ်ပိုလုပ်လာနိုင်သည်။ ဆပ်ပြာချက်ခြင်း၊ ရက်ကန်းရက်ခြင်း စသည့် အိမ်တွင်းလက်မှုစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးလာသည်။ အမျိုးသမီးငယ်တို့ ကျောင်းတက်လာနိုင်သည်။

ရာဂျက်စတန်ပြည်နယ်တွင် ၁၉၉၉ ခုနှစ်နှင့် ၂၀၀၂ ခုနှစ်များက မိုးခေါင်သောအခါ ဂျိုဟတ်များက ရေဖြည့်ထားသဖြင့် အဝီစိတွင်းအားလုံး ရေမခန်းဘဲ အသက်ဆက်နိုင်ခဲ့သည်။ ဂျိုဟတ်များကောနေခဲ့ချိန် ၁၉၈၅ ခုနှစ်မှ ၁၉၈၈ ခုနှစ်အကြား ရာဂျက်စတန်၌ အကြီးအကျယ်မိုးခေါင်ခဲ့စဉ်ကမူ အဝီစိတွင်းအများစု ရေခန်းသွားခဲ့ဖူးသည်။

ရာဂျင်ဒရာဆင်း၏ဦးဆောင်စည်းရုံးသိမ်းသွင်းမှုသည် လက်တွေ့ကျ၍ အခြားကျေးရွာ၊ မြို့နယ်များကပါ လိုက်လုပ်လာကြခြင်းကြောင့် နှစ် ၂၀ ကြာပြီးနောက် ရာဂျက်စတန်ပြည်နယ်တစ်ဝန်း၌ ဂျိုဟတ်ပေါင်း ၈၀၀၀ နီးပါးမျှတည်ဆောက်ပြီး ရွာ ၁၀၀၀ ခန့်၌ ရေရရှိရန် ဖန်တီးပေးနိုင်ခဲ့သည်။

သူ၏ စွမ်းဆောင်ချက်များကြောင့် ရာဂျင်ဒရာဆင်းကို အိန္ဒိယနိုင်ငံတစ်ဝန်း၌ လူသိများလာကာ "ရေလူကြီး" ဟု ဂုဏ်ပြုခေါ်ဝေါ်ကြသည်။ "စတော့ဟုမ်း ရေဘက်ဆိုင်ရာဆု" သို့မဟုတ် "ရေဘက်ဆိုင်ရာ နိုဘယ်လ်ဆု"အတွက် ရွေးချယ်ခံရသောအခါ ရာဂျင်ဒရာဆင်းကို အိန္ဒိယတွင်သာမက ကမ္ဘာကပင် သိသွားသည်။ ၂၀၁၅ ခုနှစ် ဩဂုတ်လအတွင်း၌ ဆွီဒင်ဘုရင်က ရာဂျင်ဒရာဆင်းအား ရေဘက်ဆိုင်ရာ နိုဘယ်လ်ဆုကို အခမ်းအနားဖြင့် ချီးမြှင့်ခဲ့သည်။ ။

---

**ရှေ့ဖုံးမှအဆက်**

ထုတ်ပြန်ကြေညာပေးခဲ့ရာ ကျောင်းသား၊ ကျောင်းသူများ စိတ်အားထက်သန်စွာဖြင့် လာရောက်ကြည့်ရှုကြပြီး တာဝန်ကျဆရာ၊ ဆရာမများကလည်း စည်းကမ်းတကျဖြင့် စနစ်တကျကြည့်ရှုနိုင်စေရေး ကြီးကြပ်ဆောင်ရွက်ပေးကြသည်။

အမှတ်(၁၆)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဒေါက်တာသန်းထိုက်စိုးက "ကျွန်တော်တို့ကျောင်းအနေနဲ့ ဒီနှစ်အောင်ချက်ကမနှစ်ကထက်ကောင်းမွန်ပါတယ်။ မန္တလေးမြို့မှာသဘာဝဘေးအန္တရာယ်နဲ့ ကြုံတွေ့ပြီး ဒုတိယအကြိမ် ပြန်လည်ဖြေဆိုတော့ ခြောက်ဘာသာဂုဏ်ထူး၊ ငါးဘာသာနဲ့ လေးဘာသာဂုဏ်ထူးတွေလည်း ထွက်ရှိပါတယ်။ ဒီနှစ်ကတော့ ကျန်တဲ့နှစ်တွေထက်ကိုနှစ်ဆလောက်ပိုပြီး ဂုဏ်ယူရတဲ့နှစ်တစ်နှစ်လည်းဖြစ်ပါတယ်။ ကျွန်တော်တို့ကျောင်းမှာ Grade –12 ကျောင်းသား ၁၁၂ ဦးရှိပါတယ်။ ဒီ ၁၁၂ ဦးမှာ ၅၇ ရာခိုင်နှုန်းအောင်ပါတယ်။ စာမေးပွဲကိုပျက်ကွက်မရှိပြန်လည်ဖြေဆိုကြပြီး ဒီလိုရာခိုင်နှုန်းရရှိတဲ့အတွက် ကျေနပ်မိပါတယ်။ ကျောင်းသား၊ ကျောင်းသူတွေအနေနဲ့အစိုးရကျောင်း၊ ပုဂ္ဂလိကကျောင်းနဲ့ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း စသည်ဖြင့်ဘယ်ကျောင်းကပဲအောင်မြင်ပါစေ အရေးကြီးတာက နိုင်ငံတော်ကိုအကျိုးပြုမယ့် ကျောင်းသား၊ ကျောင်းသူတွေဖြစ်ဖို့လိုအပ်ပါတယ်။ ဒီနေ့ကတော့ အားလုံးအတွက်မင်္ဂလာရှိတဲ့နေ့လေးတစ်နေ့ဖြစ်တယ်လို့ပြောကြားလိုပါတယ်"ဟုပြောပြသည်။

ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည့် မအေးချမ်းပြည့်က "သမီးအနေနဲ့ဒီလိုဂုဏ်ထူးတွေရရှိအောင် ကျောင်းသင်ခန်းစာတွေကို တစ်နေ့စာတစ်နေ့ပုံမှန်လေ့လာကျက်မှတ်ပါတယ်။ဆရာ၊ဆရာမတွေသင်ကြားပေးတဲ့ ဘာသာရပ်အလိုက်သင်ခန်းစာတွေကို သေချာလေ့လာမှတ်သားခဲ့ပါတယ်။ ဒီလိုကြိုးစားခဲ့တဲ့အပေါ်မှာ အခုလိုအကျိုးရလဒ်ရခဲ့တဲ့အတွက် ကျေနပ်မိပါတယ်။ သမီးအနေနဲ့ဆရာဝန်တစ်ယောက်ဖြစ်ချင်တဲ့ ရည်မှန်းချက်ရှိပါတယ်။ဒါကြောင့် ဆေးကျောင်းတက်ပြီး ဆရာဝန်တစ်ယောက်ဖြစ်အောင်ကြိုးစားပြီးပြည်သူတွေကို ဆေးကုသပေးမှာဖြစ်ပါတယ်။ ကျောင်းသား၊ ကျောင်းသူတွေအနေနဲ့ ကျောင်းသင်ခန်းစာတွေကို အားထုတ်ကြိုးစားလေ့လာမယ်ဆိုရင် ကိုယ်လိုချင်တဲ့ ပန်းတိုင်ရည်မှန်းချက်ကို ရောက်မှာဖြစ်ပါတယ် "ဟုပြောသည်။



ကျောင်းအုပ်ဆရာကြီး ဒေါက်တာသန်းထိုက်စိုး



မအေးချမ်းပြည့်



မောင်ဟိန်းမင်းကို



မနန်းရတီထွန်း



မနှင်းအိန္ဒြာ



မကြည်နူးမေ

တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည့် မောင်ဟိန်းမင်းကိုက "ကျွန်တော့်အနေနဲ့ ကျောင်းသင်ခန်းစာတွေကို တစ်နေ့စာတစ်နေ့ပြီးပြတ်အောင်ကျက်မှတ်ပါတယ်။ ဆရာ၊ဆရာမတွေ သင်ကြားတဲ့အချိန်မှာလည်းသေချာဂရုစိုက်နားထောင်ခဲ့ပါတယ်။ သဘာဝဘေးအန္တရာယ်ကြောင့် ဒုတိယအကြိမ် ပြန်လည်ဖြေဆိုတဲ့အခါမှာလည်း အကောင်းဆုံး ကြိုးစားဖြေဆိုခဲ့ပါတယ်။ အခုလို ဘာသာစုံဂုဏ်ထူးရရှိတဲ့အတွက် အတိုင်းမသိဝမ်းသာမိပါတယ်။ ငယ်ငယ်ကတည်းကသင်ကြားပေးခဲ့တဲ့ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာအားလုံးကိုလည်း ကျေးဇူးအထူးတင်ရှိပါတယ်။ ကျွန်တော့်အနေနဲ့ငယ်စဉ်ကတည်းက ခွဲစိတ်ဆရာဝန်တစ်ယောက် ဖြစ်ချင်ခဲ့တာပါ။ ဒါကြောင့် ဆေးကျောင်းတက်ပြီး ဆရာဝန်တစ်ယောက်ဖြစ်အောင် ကြိုးစားသွားမယ်လို့ ရည်မှန်းထားပါတယ်" ဟု ပြောသည်။

ခြောက်ဘာသာဂုဏ်ထူးဖြင့်အောင်မြင်ခဲ့သည့်မနန်းရတီထွန်းက " ကျောင်းစဖွင့်ကတည်းက CAE ကိုယ်ပိုင်အထက်တန်းကျောင်းက ဆရာ၊ ဆရာမတွေရဲ့ သင်ကြားပြသမှုအောက်မှာ သေချာလေ့လာမှတ်သားခဲ့ပါတယ်။ ဒါကြောင့် အခုလိုအောင်မြင်မှုရရှိခဲ့တာဖြစ်ပါတယ်။ ပထမအကြိမ် စာမေးပွဲဖြေဆိုတုန်းက အခက်အခဲအချို့ရှိခဲ့ပါတယ်။ သဘာဝဘေးကြောင့် ဒုတိယတစ်ကြိမ်ထပ်ဖြေရမယ်ဆိုတော့ စိတ်ဓာတ်ကျချင်ပေမယ့် ကြိုးစားမှုဖြစ်မယ်ဆိုတဲ့စိတ်နဲ့ ထပ်ပြီး ကြိုးစားဖြေဆိုခဲ့တာဖြစ်ပါတယ်။ အခုလို ခြောက်ဘာသာဂုဏ်ထူး ရရှိတဲ့အတွက် သမီးငယ်ငယ်ကတည်းက ရည်မှန်းခဲ့တဲ့ ဆရာဝန်တစ်ယောက်ဖြစ်အောင်ကြိုးစားသွားမှာပါ။ သမီးအခုလိုအောင်မြင်မှုရအောင်သမီးရဲ့နောက်ကွယ်ကနေ ပံ့ပိုးပေးတဲ့ မိဘတွေနဲ့သင်ကြားပြသပေးတဲ့ ဆရာကြီး၊ ဆရာမကြီးတွေကို ကျေးဇူးအများကြီးတင်ရှိပါတယ်" ဟုပြောသည်။

ခြောက်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည့် မနှင်းအိန္ဒြာကလည်း "သမီးဒီလို ခြောက်ဘာသာဂုဏ်ထူး ထွက်အောင် တစ်နေ့စာတစ်နေ့ကြိုးစားသင်ယူ ကျက်မှတ်ခဲ့ပါတယ်။ ပထမအကြိမ်စာမေးပွဲဖြေစဉ်က အတတ်နိုင်ဆုံးကြိုးစားခဲ့ပါတယ်။ ဒုတိယအကြိမ်ဖြေဆိုရမယ်လို့ သိရတဲ့အခါ စိတ်ဓာတ်မကျဘဲမလျှော့သောဇွဲလုံ့လနဲ့ပြန်လည်ကြိုးစားဖြေဆိုခဲ့ပါတယ်။သမီးအနေနဲ့ဒီလိုခြောက်ဘာသာဂုဏ်ထူးရရှိမယ်လို့တော့ မမျှော်လင့်ခဲ့ပါဘူး။အခုလိုရရှိခဲ့တဲ့အတွက် အတိုင်းမသိဝမ်းသာပျော်ရွှင်မိပါတယ်။ဒီလိုအောင်မြင်မှုရရှိအောင် ထောက်ပံ့ပေးတဲ့အဖေနဲ့ အမေကိုကျေးဇူးတင်ပါတယ်။ သေချာသင်ကြားပေးတဲ့ဆရာ၊ဆရာမတွေကိုလည်း ကျေးဇူးတင်ပါတယ်။ တက္ကသိုလ်ကတော့ရွေးချယ်နေတုန်းပဲရှိပါတယ်"ဟု ပြောသည်။

ခြောက်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည့် မကြည်နူးမေက "စာမေးပွဲအောင်စာရင်းမထွက်ခင်အချိန်ထိ အရမ်းကို စိတ်လှုပ်ရှားနေပါတယ်။ အခုလိုခြောက်ဘာသာဂုဏ်ထူးနဲ့အောင်မြင်ခဲ့တဲ့အတွက် ပျော်ရွှင်မိပါတယ်။ အခုလိုအောင်မြင်မှုရရှိအောင် တစ်နေ့စာတစ်နေ့ပုံမှန်လုပ်ပါတယ်။ ဆရာ၊ ဆရာမတွေသင်ကြားပေးတာတွေကိုလည်းသင်ကြားနားထောင်ပြီး လေ့လာကျက်မှတ်ပါတယ်။ ဆရာမတွေ လမ်းညွှန်ပေးထားတဲ့အတိုင်းပဲလုပ်ခဲ့တာပါ။မနက်အစောထပြီးစာကျက်ခဲ့ရပါတယ်။ ကိုယ်လုပ်ချင်တဲ့အရာတွေကို လျှော့ပြီး စာဘက်ကိုပဲ အာရုံစိုက်လုပ်ခဲ့ရပါတယ်။ သမီးကို ပံ့ပိုးပေးတဲ့ ဆရာ၊ ဆရာမတွေ၊ မိဘတွေကိုလည်း ကျေးဇူးတင်ရှိပါတယ်။ ဘယ်လိုအခက်အခဲပဲရှိရှိ အရှုံးမပေးဘဲ ကြိုးစားရင်အောင်မြင်မှုရရှိမှာဖြစ်ပါတယ်" ဟုပြောသည်။

ထို့ပြင် ယခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲတွင် မန္တလေးဗဟိုအကျဉ်းထောင်စာစစ်ဌာန၌ ခြောက်ဦးဝင်ရောက်ဖြေဆိုခဲ့ကြရာ သုံးဘာသာဂုဏ်ထူးရှင် ငါးဦးနှင့် နှစ်ဘာသာဂုဏ်ထူးရှင် တစ်ဦးထွက်ပေါ်ခဲ့ပြီး ရာခိုင်နှုန်းပြည့်အောင်မြင်ခဲ့သည်။

အဆိုပါ တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများကို သက်ဆိုင်ရာစာစစ်ဌာနကျောင်းများ၌ ကြည့်ရှုနိုင်သည့်အပြင် မြန်မာနိုင်ငံစာစစ်ဦးစီးဌာန website တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ရန်စီစဉ်ဆောင်ရွက်ပေးထားပြီး လမ်းပန်းဆက်သွယ်ရေးခက်ခဲသော တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ စာစစ်ဌာနများ၏ အောင်စာရင်းများကို မြန်မာ့အသံ(ရေဒီယို)၊ တိုင်းရင်းသားအစီအစဉ်များမှ ထုတ်လွှင့်ကြေညာပေးခဲ့သည်။

မန္တလေးတိုင်းဒေသကြီးအတွင်း ဂုဏ်ထူးရရှိမှုအနေဖြင့် ခြောက်ဘာသာဂုဏ်ထူးရှင် ၄၂ ဦး၊ငါးဘာသာဂုဏ်ထူးရှင်ဦးရေ ၁၈၀၊ လေးဘာသာဂုဏ်ထူးရှင် ၅၄၂ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၂၂၆၁ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၁၈၉၆ ဦးနှင့် တစ်ဘာသာဂုဏ်ထူးရှင် ၂၉၉၃ ဦး ထွက်ပေါ်ခဲ့ပြီး တစ်နိုင်ငံလုံးအနေဖြင့် ဆဌမအဆင့်ရရှိခဲ့ကြောင်း မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံးမှ သတင်းရရှိသည်။

**မောင်အေးချမ်း**

KNLA နှင့် PDF အမည်ခံအကြမ်းဖက်သမားများက ကျောက်ကြီးမြို့နယ် လပတ်ကျေးရွာရှိ အပြစ်မဲ့ပြည်သူများအား ယုတ်မာရက်စက် လူမဆန်စွာ လာရောက်ပစ်ခတ်သတ်ဖြတ်ခဲ့သည့် ဖြစ်စဉ်နေရာပြပုံ




☆ ကျောဖုံးမှအဆက်

အရှေ့ဘက်တို့မှ ဝင်ရောက်လာပြီး ကျေးရွာအတွင်းမှ လူမမည်ကလေးငယ်များနှင့် သက်ကြီးဘိုးဘွားများအပါအဝင် အပြစ်မဲ့ ရွာသူ၊ ရွာသားများကို လက်နက်ငယ်များဖြင့် ယုတ်မာရက်စက်စွာ ပစ်ခတ်သတ်ဖြတ်ခဲ့ပြီး ဓားများဖြင့် ခုတ်ဖြတ်သတ်ဖြတ်ခဲ့ကြောင်း၊ ထိုသို့ သတ်ဖြတ်ခဲ့မှုကြောင့် အသက် ၁၀ လသားအရွယ် ကလေးငယ် တစ်ဦး၊ အသက် သုံးနှစ်အရွယ် ကလေးငယ် နှစ်ဦး၊ အသက် လေးနှစ်အရွယ် ကလေးငယ် တစ်ဦး၊ အသက် ခြောက်နှစ်အရွယ် ကလေးငယ် တစ်ဦး၊ အသက် ခုနစ်နှစ်အရွယ် ကလေးငယ် တစ်ဦး၊ အသက် ၁၀ နှစ်အရွယ် ကလေးငယ် တစ်ဦးအပါအဝင် အပြစ်မဲ့ပြည်သူ အမျိုးသား ရှစ်ဦး၊ အမျိုးသမီး ငါးဦး စုစုပေါင်း ၁၃ ဦး သေဆုံးခဲ့ပြီး အသက် သုံးနှစ်အရွယ် ကလေးငယ် တစ်ဦး၊ အသက် ၁၀ နှစ်အရွယ် ကလေးငယ် တစ်ဦးအပါအဝင် အပြစ်မဲ့ပြည်သူ အမျိုးသား သုံးဦး၊ အမျိုးသမီး ၁၂ ဦး စုစုပေါင်း ၁၅ ဦး ထိခိုက် ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။





KNLA နှင့် PDF အမည်ခံအကြမ်းဖက်သမားများက ယုတ်မာရက်စက် လူမဆန်စွာပစ်ခတ်သတ်ဖြတ်ခဲ့မှုကြောင့် ထိခိုက်ဒဏ်ရာရရှိသူများကို နယ်မြေခံတပ်မှ တာဝန်ရှိသူများက သွားရောက်တွေ့ဆုံအားပေးပြီး စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ။











KNLA နှင့် PDF အမည်ခံအကြမ်းဖက်သမားများက ယုတ်မာရက်စက် လူမဆန်စွာ ပစ်ခတ်သတ်ဖြတ်ခဲ့မှုကြောင့် အပြစ်မဲ့ပြည်သူများ ဒဏ်ရာရရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

အဆိုပါ သေဆုံးခဲ့သူများကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ရွာသူ၊ ရွာသားများက ထုံးတမ်းအစဉ်အလာများနှင့်အညီ ကောင်းမွန်စွာ သင်္ဂြိုဟ်ပေးခဲ့ပြီး ဒဏ်ရာရရှိခဲ့သူများအား နယ်မြေခံတပ်ဆေးခန်းသို့ ပို့ဆောင်၍ ဆေးကုသမှုခံယူစေလျက်ရှိရာ ယနေ့တွင် နယ်မြေခံတပ်မှ တာဝန်ရှိသူများက သွားရောက်၍ ဆေးရုံတက်လူနာများကို အားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

KNLA နှင့် PDF အမည်ခံအကြမ်းဖက်သမားများအနေဖြင့် စစ်ရေးနှင့် သက်ဆိုင်ခြင်းမရှိသော အပြစ်မဲ့ရွာသူ၊ ရွာသားများကို ယခုကဲ့သို့ ဆင်ခြင်တုံတရားမဲ့စွာဖြင့် လူမဆန်စွာ ပစ်ခတ်သတ်ဖြတ်ခဲ့ခြင်းသည် ဂျီနီဗာကွန်ဗင်းရှင်းနှင့် အပြည်ပြည်ဆိုင်ရာဥပဒေတို့အရ စစ်ရာဇဝတ်မှု (War Crime)ကို ကျူးလွန်ခြင်းဖြစ်ပြီး အကြမ်းဖက်သမားများ၏ ဆင်ခြင်တုံတရားမဲ့စွာ ဥပဒေမဲ့လုပ်ဆောင်ခဲ့မှုအပေါ် ဒေသခံပြည်သူများက ဝိုင်းဝန်း ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်သမားများကို ဖမ်းဆီးဖော်ထုတ်အရေးယူနိုင်ရေးလိုအပ်သည့် လုံခြုံရေးလုပ်ငန်းများကို ဒေသခံပြည်သူများနှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်နှင့် ပတ်သက်၍ ထိခိုက်ဒဏ်ရာရရှိခဲ့သူများ၏ ပြန်လည်ပြောပြခဲ့သည့် စကားသံများကိုလည်း ယခုလိုပဲကြားသိရပါတယ်-

“လပတ်ရွာမှာနေတာပါ။ ကျွန်မတို့အိမ်မှာ လူတွေအားလုံးဝိုင်းစုနေတဲ့အချိန်မှာ သောင်းကျန်းသူတွေ ပစ်ခတ်ပြီးတော့ ဝင်လာပြီး ကျွန်မတို့ကို ဆွဲထုတ်သွားပါတယ်။ ယောကျ်ားလေးတွေကို လက်ပြန်ကြိုးတုပ်၊ ကျွန်မတို့ရှေ့မှာပဲ ကလေးတွေရော၊ ကျွန်မသားလေးကိုရော သေနတ်နဲ့ပစ်၊ ဓားနဲ့ ခုတ်သွားပါတယ်။ အဲ့ဒီကနေ အထက်ပိုင်းကိုခေါ်သွားပြီးတော့ နာရီဝက် တစ်နာရီလောက်မှာ ကျွန်မတို့ကိုထားခဲ့လို့တော့ ဓားတွေနဲ့လည်းခုတ်၊ သေနတ်တွေနဲ့လည်း ပစ်ပါတယ်။ သမီးလေးကို သေနတ်နဲ့ပစ်လို့ ဒီအတိုင်းပဲလက်နဲ့ကာလိုက်ပါတယ်။ ကျွန်မလက်ကိုလည်း ထိသွားပါတယ်။ ကျွန်မရင်ခွင်ထဲက ဆယ်လသားကလေးလည်း သေသွားပါတယ်။ အဲ့ဒီကနေ ကျွန်မတို့ကို အထက်ပိုင်းကို ခေါ်သွားပါတယ်။ ခေါ်သွားပြီးတော့ နွားတင်းကုပ်ထဲမှာ ထားပါတယ်။ ထားပြီး နာရီဝက်၊ တစ်နာရီလောက်ကြာတော့ တပ်မတော်က ကျွန်မတို့ကို ကယ်ထုတ်သွားပါတယ်။ ဆေးရုံကိုလည်း တင်ပေးခဲ့ပါတယ်” ဟု ပြောသည်။

“လပတ်ရွာမှာ နေထိုင်ပါတယ်။ အကြမ်းဖက်အဖွဲ့တွေက သေနတ်တွေနဲ့ ပစ်တဲ့အချိန်မှာ ကျွန်မတို့ရွာသားတွေက ပြေးပြီးတော့ အဖွားခင်မြအိမ်မှာ စုဆောင်းပြီးနေတဲ့အချိန်မှာ အကြမ်းဖက်အဖွဲ့တွေကဝင်လာပြီးတော့ ကျွန်မတို့အဖွဲ့တွေကို ခေါ်ထုတ်သွားကာ တစ်အိမ်မှာထားပြီး ကျွန်မတို့ကို တပ်မတော်ကလာခေါ်ပြီးတော့ ဆေးရုံတင်ပေးခဲ့ပါတယ်” ဟု ပြောသည်။

“လပတ်ရွာမှာ နေပါတယ်။ အကြမ်းဖက်သမားတွေ ဝင်လာပါတယ်။ သူတို့ပစ်ခတ်ပြီး ကျွန်မတို့မိသားစုအကုန်လုံးကို ဖမ်းခေါ်သွားပါတယ်။ ယောကျ်ားတွေကိုတော့ ကြိုးတုပ်ခေါ်သွားပါတယ်။ ကလေးတွေနဲ့ မိန်းမတွေကိုတော့ ဒီအတိုင်းပဲခေါ်သွားပါတယ်။ သမီးတို့ကို ဒီအတိုင်းထိုင်ခိုင်းပြီးတော့ ယောကျ်ားသားတွေကို ကြိုးတွေနဲ့တုပ်၊ သေနတ်တွေနဲ့လည်းပစ်၊ ဓားတွေနဲ့လည်းခုတ် သေတဲ့သူတွေလည်း သေ၊ ဒဏ်ရာရသူတွေလည်းရကြပါတယ်။ အဲ့ဒီကနေ ဟိုးအထက်ပိုင်းက နွားတင်းကုပ်ကို ခေါ်သွားပြီး တော်တော်လေးကြာအောင် ထားပြီး သူတို့လည်း ပြန်သွားပြီးတော့ ကျွန်မတို့ကို တပ်မတော်က လာခေါ်သွားလို့ ဆေးရုံရောက်ခဲ့ပါတယ်” ဟု ပြောသည်။ (၅၀၁)

**၂၀၂၅ ခုနှစ် ဇူလိုင် ၂၇ ရက် ဓာတ်သတ္တု (ရွှေ) ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၉၀၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

# နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကိုလက်ခံယုံကြည်သည့် MDY- PDF အမည်ခံအဖွဲ့ဝင် ၁၃ ဦး ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်



ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် MDY–PDF အဖွဲ့ဝင်တစ်ဦး ဝန်ခံကတိလက်မှတ် ရေးထိုးစဉ်။

နေပြည်တော် ဇူလိုင် ၂၇

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများကို ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာသည့် MDY–PDF အမည်ခံအဖွဲ့မှ အဖွဲ့ဝင် ၁၃ ဦးသည် ယနေ့တွင် ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်လာကြသည်။

အဆိုပါ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် MDY–PDF အမည်ခံအဖွဲ့များမှ အဖွဲ့ဝင်များသည် အတင်းအဓမ္မ စုဆောင်းခံကြရခြင်း၊ အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများကို ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သည့် အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် လူမျိုးရေးခွဲခြားဆက်ဆံမှုနှင့် အဆင့်အတန်းခွဲခြား၍ အချင်းချင်း ဗိုလ်ကျနိုပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုကျူးလွန်ခြင်း၊ အနေအစားဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာနေထိုင်ရခြင်းနှင့် တပ်မတော်၏ တိုက်စစ်ကို ခုခံနိုင်တော့ခြင်းမရှိဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းတို့အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာ နေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပြန်လည်အကျိုးပြုလိုခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်း ဖြစ်ကြောင်း သိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်းပြန်လည် ဝင်ရောက်လာကြသည့် MDY–PDF အမည်ခံအဖွဲ့မှ အဖွဲ့ဝင် အမျိုးသား ၁၃ ဦးတို့ကို တာဝန်ရှိသူများက ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကို ယနေ့တွင် မန္တလေးမြို့ရှိ နယ်မြေခံတပ်ခန်းမ၌ ပြုလုပ်ရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာခဲ့ကြသည့် အဖွဲ့ဝင်များနှင့် ၎င်းတို့၏မိဘများ တက်ရောက်ကြသည်။

ဦးစွာ တာဝန်ရှိသူများက တရားဥပဒေပုဒ်မများနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပေးကြသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသည့် MDY–PDF အမည်ခံအဖွဲ့များမှ အဖွဲ့ဝင်များကို ဝန်ခံကတိလက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပေးသည်။ ထို့နောက် ၎င်းတို့ကို တာဝန်ရှိသူများက ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်ကြပြီး ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထိုသို့ ဥပဒေဘောင်အတွင်းပြန်လည် ဝင်ရောက်လာကြသူများကို ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ ပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဇူလိုင် ၁၇ ရက်မှ ယနေ့ထိ TNLA အဖွဲ့ဝင် လေးဦး၊ DPLA အဖွဲ့ဝင် ၄၁ ဦးနှင့် MDY–PDF အဖွဲ့ဝင် ၅၂ ဦး စုစုပေါင်း ၉၇ ဦးတို့သည် လက်နက်မျိုးစုံ ၁၃ လက်၊ ကျည်မျိုးစုံ ၁၅၁၅ တောင့်၊ ကျည်အိမ် ၁၂ ခုနှင့်အတူ ပြန်လည်ဝင်ရောက်လာခဲ့ကြသည်။ ထိုသို့ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်းသိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ် သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပြီး လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်၊ ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများ၏ စကားသံများကိုလည်း အခုလိုပဲကြားသိရပါသည်–

"MDY–PDF အကြမ်းဖက်အဖွဲ့ထဲကို ရောက်သွားရတဲ့ အကြောင်းရင်းကတော့ ကျွန်တော့်သူငယ်ချင်းက အလုပ်သွားလုပ်မယ်ဆိုပြီး လိမ်ခေါ်သွားပါတယ်။ လိမ်ခေါ်သွားတဲ့အခါမှာ မိုင်းလုံကိုရောက်ပါတယ်။ မိုင်းလုံရောက်တဲ့အခါမှာ အကြမ်းဖက်သင်တန်းတက်ရမယ်။ မတက်ချင်ဘူး။ အိမ်ပဲပြန်ချင်တယ်ပြောတော့ မင်းမတက်ရင် သတ်ပစ်မယ်။ မင်းမိဘတွေကိုလည်း သတ်ပစ်မယ်လို့ ခြိမ်းခြောက်တယ်။ အဲဒါကြောင့် သင်တန်းတက်ခဲ့ရတယ်။ သင်တန်းကာလမှာ ခက်ခဲတာတွေလည်း ရှိတယ်။ ပင်ပန်းတာတွေလည်းရှိတယ်။ ခွဲခြားပြီး ဆက်ဆံခံရတာတွေလည်းရှိတယ်။ အစားအသောက်ဆိုရင်လည်း ကောင်းကောင်းမွန်မွန် မကျွေးဘူး။ အငတ်ထားတာတွေလည်း ရှိတယ်။ ဒီလိုနဲ့ အကြမ်းဖက်သင်တန်းကို ကျော်ဖြတ်ပြီး သင်တန်းဆင်းခဲ့တယ်။ သင်တန်းဆင်းဆင်းချင်း ရှေ့တန်းကိုတန်းပို့တယ်။ ရှေ့တန်း တန်းပို့တဲ့အခါမှာ ငါးလုံးပြွန်ဘက်မှာ တာဝန်ကျတယ်။ တာဝန်ကျတဲ့အချိန်မှာ တပ်မတော်ဘက်က အင်အားအလုံးအရင်းနဲ့ ထိုးစစ်ဆင်လာတဲ့အခါ ကျွန်တော်တို့ လူအင်အား၊ လက်နက်အင်အားမမျှလို့ အကြမ်းဖက်အဖွဲ့ထဲက အကြီးအကဲတွေကို နောက်ဆုတ်ချင်တယ်လို့လှမ်းပြီးပြောတယ်။ မင်းတို့ ဆုတ်လို့မရဘူး။ ဆုတ်ရင် မင်းတို့ကိုသတ်ပစ်မယ်ဆိုပြီးချိန်းခြောက်တော့ ကျွန်တော်တို့



လည်း အဲဒီအတိုင်းပဲ နေခဲ့ရတယ်။ တဖြည်းဖြည်းနဲ့ အဲဒီအဖွဲ့အစည်းကို စိတ်ပျက်လာပြီး ကျွန်တော်တို့သူငယ်ချင်းတွေစုပြီးတိုင်ပင်ကြတယ်။ တပ်မတော်ထဲ အလင်းဝင်ဖို့ ဆုံးဖြတ်ချက်ချခဲ့တယ်။ သူတို့ကလည်းပြောတယ်။ တပ်မတော်ဘက်သားတွေ သူတို့နဲ့လာပြီး ပူးပေါင်းပါ။ လာပူးပေါင်းရင် ဆုကြေးငွေလည်းချီးမြှင့်မယ်။ ကောင်းကောင်းမွန်မွန်လည်း ကြိုဆိုမယ်။ တကယ့်တကယ် ပူးပေါင်းလာတဲ့အခါမှာ နွေးနွေးထွေးထွေး ကြိုဆိုတာလည်းမရှိဘူး။ ကောင်းကောင်းမွန်မွန် ဆက်ဆံတာလည်းမရှိဘူး။ ဆုကြေးငွေချီးမြှင့်တာလည်းမရှိဘူး။ သေနတ်တွေယူပြီး သတ်ပစ်လိုက်တာပဲ တွေ့ခဲ့ရတယ်။ PDF အကြမ်းဖက် အဖွဲ့အစည်းက ခေါင်းဆောင်တွေက ကျွန်တော်တို့ကိုလည်းပြောတယ်။ မင်းတို့လည်း ဒီလိုပဲ တပ်မတော်ဘက်ကို အလင်းဝင်မယ်ဆိုရင် နှိပ်စက်ညှဉ်းပန်းပြီးတော့ အသတ်ခံရမှာလို့ ပြောတဲ့အတွက်ကြောင့် ကျွန်တော်တို့လည်း အလင်းဝင်ဖို့ တွန့်ဆုတ်သွားခဲ့တယ်။ ဒါပေမဲ့ ကျွန်တော်တို့ရှေ့က အလင်းဝင်သွားတဲ့ သူငယ်ချင်းတွေကို ချိတ်ဆက်စုံစမ်းကြည့်တော့ သားကြီးရတယ်။ လာခဲ့။ အားလုံးအဆင်ပြေတယ်ပြောလို့ ကျွန်တော်တို့တွေလည်း အလင်းဝင်လာခဲ့တယ်။ တကယ်တမ်း အလင်းဝင်တဲ့အခါမှာလည်း တပ်မတော်က ကျွန်တော်တို့ကို နွေးထွေးစွာကြိုဆိုတယ်။ ကောင်းမွန်စွာဆက်ဆံတယ်။ မိဘတွေဆီကိုလည်း ကောင်းမွန်စွာ ပြန်လည်အပ်နှံပေးတယ်။ ကျွန်တော်တို့ အဲဒီမှာတွေ့ကြုံလာရတာတော့ အကြမ်းဖက်အဖွဲ့အစည်းခေါင်းဆောင်တွေက ပြည်သူလူထုအတွက်၊ ပြည်သူလူထုအတွက် ပြောပြီးတော့ ကျွန်တော်တို့ကို အလုပ်တွေ ခိုင်းတယ်။ တကယ့်တကယ် ကျွန်တော်တို့ ရှေ့တန်းမှာတိုက်နေရတာကြတော့ ဘယ်သူ့အတွက်တိုက်လို့ တိုက်နေရမှန်းမသိဘူး။ တကယ်တမ်း မြေပြင်မှာဝင်ရောက်ခဲ့တဲ့ မြို့နယ်တွေ၊ ကျေးရွာတွေမှာရှိတဲ့ ပြည်သူတွေရဲ့ တန်ဖိုးရှိပစ္စည်းတွေ၊ စားနပ်ရိက္ခာတွေကိုလည်း အတင်းအဓမ္မယူခိုင်းတယ်။ လူသစ်စုဆောင်းတာတွေလည်း လုပ်ခိုင်းတယ်။ မလိုက်ချင်ဘူးငြင်းလို့ရှိရင် ဒလန်လို့စွပ်စွဲပြီး သတ်ဖြတ်ခဲ့တာတွေကိုလည်း မြင်တွေ့ခဲ့ရတယ်။ အဲဒီလိုသူတို့ရဲ့ မကောင်းတဲ့လုပ်ရပ်တွေ၊ မကောင်းတဲ့ အကျင့်စရိုက်တွေ၊ ပြည်သူတွေကို စော်ကားမော်ကားပြုလုပ်တာတွေကြောင့် မကောင်းတာတွေဘဲလုပ်တဲ့ အကြမ်းဖက်အဖွဲ့အစည်းထဲမှာ မနေချင်တော့တာကြောင့် တပ်မတော်ထံ အလင်းဝင်ခဲ့တာဖြစ်တယ်။ ကျွန်တော် နောက်ဆုံးပြောချင်တာကတော့ တောထဲမှာရှိတဲ့ ညီအစ်ကိုမောင်နှမတွေ သူများပြောစကားကို နားမယောင်ဘဲ ဥပဒေဘောင်အတွင်းကို ပြန်လည်ဝင်ရောက်လာပါ။ တပ်မတော်ထံ အလင်းဝင်ပါလို့ ဖိတ်ခေါ်အပ်ပါတယ်" ဟု ပြောသည်။ (၅၀၁)

# စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာငွေကျပ် ၆၁၃၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် ဇူလိုင် ၂၇

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းသော စားသုံးဆီများကို သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး စားအုန်းဆီကို ပြည်ပမှ ဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှ စားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ယခုနှစ် ဇူလိုင် ၂၈ ရက်မှ ဩဂုတ် ၃ ရက်ထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၆၁၃၀ ဖြစ်ကြောင်း စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

ပြည်တွင်းဈေးကွက်အတွင်း အဆိုပါထုတ်ပြန်ကြေညာထားသည့် ဈေးနှုန်းထက် ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန်ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်း အပါအဝင် မသမာသည့်လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ်တနင်္လာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဝတ္ထုတိုကဏ္ဍ

# ထန်းလက်ကုလားထိုင်ကလေး

## ကိုနီသွေး(မန်းမြို့)



( ၁ )

နွေကာလကုန်ပြီဖြစ်သော်လည်း ကျွန်တော်တို့မြို့၏ အပူရှိန်က ညနေ ၄ နာရီထိ မလျော့ကျနိုင်သေးပေ။ ကုမ္ပဏီမှ အလုပ်သိမ်းပြီး အိမ်အပြန်တွင် အိမ်ရှေ့မြေလွတ်ကွက်လပ်ငယ်၌ မေမေစိုက်ထားခဲ့သော ကံ့ကော်ပင်အခြေသို့ တစ်ချက်ဝေ့ကြည့်လိုက်မိသည်။

"သားလေး ကိုစိုးရေ... ကံ့ကော်ပင်ခြေရင်းမှာ ဖေဖေချထားတဲ့ ဘိုးဘိုးထိုင်ခဲ့တဲ့ ကုလားထိုင်ကလေးကော"

"ဖေဖေရေ... ဒီနေ့အမှိုက်ကားလာလို့ မေမေ အမှိုက်ကားပေါ် တင်ပေးလိုက်ပြီ"

သားလေး စည်းစိမ်စိုးက သူ့အပြစ်ဖြစ်မည်စိုး၍ သူ့မေမေ ပစ်လိုက်ခြင်းဖြစ်ကြောင်း ကာ၍ ပြောလိုက်သည်။

"ဟာကွာ။ သားမေမေကလဲ ဖေဖေ အမှတ်တရသိမ်းထားတာသိလျက်နဲ့ "

"ဖေဖေကလဲ ကုလားထိုင်ကဖြင့် ဟောင်းပြီးကျိုးပဲ့နေတဲ့ဟာကို။ ဘိုးဘိုးရှိတုန်းကလဲ သူ့ကုလားထိုင်ကလေးကို အမှတ်တရတဲ့။ အခုတစ်ခါ ဖေဖေကလဲ ဒီကုလားထိုင်ဟောင်းကလေးကို အမှတ်တရတဲ့။ အဲဒီအမှတ်တရတွေက ဘာတွေလဲ သားဖြင့် မသိတော့ပါဘူးဗျာ"

"အေးလေ အမှတ်တရဆိုတဲ့စကားကို သားကြီးလာတော့ သိလာပါလိမ့်မယ်။

( ၂ )

အမှတ်တရဆိုသောစကားကို သားလေးက ငယ်သေး၍ နားမလည်သေးပါ။ တစ်ခုခုသောဖြစ်ရပ်ကိုလည်းကောင်း၊ ပစ္စည်းတစ်ခု သို့မဟုတ် လူပုဂ္ဂိုလ်တစ်ဦးကိုလည်းကောင်း၊ ထူးခြားသော အကြောင်းအရာတစ်ခုကိုလည်းကောင်း အစွဲအလမ်းပြု၍အမှတ်တရ ရှိနေတတ်ကြလေသည်။ မရှိတော့ပြီဖြစ်သော ကျွန်တော်၏ဖေဖေနှင့် ကျွန်တော်ကိုယ်တိုင် တန်ဖိုးထားသော ပစ္စည်းလေး၊ အခြားမဟုတ်။ အညာဒေသတွင် ပြုလုပ်သုံးစွဲလေ့ရှိသော ထန်းလက်ကုလားထိုင်ကလေး တစ်လုံးမျှဖြစ်သည်။ အညာဒေသအခေါ် ထန်းလက်ကုလားထိုင်ကလေးမှာ တန်ဖိုးအားဖြင့် ဈေးမများလှပါပေ။ သို့သော် ကျွန်တော်၏ ဖေဖေရှိစဉ်က မြတ်မြတ်နိုးနိုး သုံးစွဲထိုင်နေမြဲဖြစ်၍ အမှတ်တရရှိနေခဲ့ပေသည်။ ဖေဖေ အမှတ်တရ တန်ဖိုးထားခဲ့ခြင်းမှာ မေမေရှိစဉ်က သူ့အတွက်ဝယ်ပေးခဲ့သော နောက်ဆုံးလက်ဆောင်လေးဖြစ်၍ မြတ်နိုးတန်ဖိုးထားခဲ့ခြင်းဖြစ်ဟန်တူသည်။ ထိုကုလားထိုင်ကလေးကို ဝယ်ယူစဉ် မေမေက သူ့အတွက်ပါ နှစ်လုံးဝယ်ယူရန်ဖြစ်သော်လည်း ကုလားထိုင်ရောင်းသူထံတွင် ထန်းလက်ဖြင့်ပြုလုပ်သော ကုလားထိုင်ကတစ်လုံးသာပါပြီး အခြားကုလားထိုင်များမှာ ဝါးဖြင့်ပြုလုပ်ထားသောကြောင့် မေမေကမကြိုက်ဟုဆိုကာ ဖေဖေ့အတွက် တစ်လုံးတည်းသာ ဝယ်ဖြစ်ခဲ့လေသည်။ နောက်တစ်ခေါက်မှသာ ထန်းလက်ဖြင့် ပြုလုပ်ထားသော ထန်းလက်ကုလားထိုင်ဝယ်မည်ဟု မှာလိုက်သည်။ သို့သော် တစ်နှစ်ခန့်ကြာသည်ထိ ကုလားထိုင်ရောင်းချသူက ပေါ်မလာခဲ့ပေ။ ဤသို့ဖြင့် ထန်းလက်ကုလားထိုင်ကလေးဖြင့် မေမေတစ်ယောက် ဖေဖေနှင့်အတူယှဉ်၍ ထိုင်မသွားရရှာဘဲ သွေးတိုး၊ ဆီးချိုရောဂါကြောင့် ဖေဖေနှင့် ကျွန်တော်တို့ မိသားစုကိုထားရစ်ကာ လူ့လောကမှ ထွက်ခွာသွားခဲ့ရလေသည်။

( ၃ )

မေမေက ဖေဖေအောက် အသက် ငါးနှစ်ငယ်သော်လည်း ရောဂါဖြင့် ဖေဖေထက်အရင် ကွယ်လွန်ခဲ့ခြင်းဖြစ်ပေသည်။ မေမေကွယ်လွန်ပြီးသောအခါ ဖေဖေမှာ အဖော်မဲ့၍ ရင်နင့်စွာခံစားခဲ့ရဟန်ရှိသည်။ သူကိုယ်တိုင် ထန်းလက်ကုလားထိုင်ကလေးပေါ်တွင် အတွေးပေါင်းစုံဖြင့် အေးချမ်းစွာ ထိုင်နေရသော်လည်း သူ့ဘေးတွင် ကြိမ်ထိုင်ခုံဝိုင်းကလေးဖြင့် မေမေ ထိုင်လေ့ရှိသည်ကို မမေ့သည့်သဘောဖြင့် ကြိမ်ထိုင်ခုံဝိုင်းကလေး အမြဲချထားလေ့ရှိသည်။ ထိုင်သူမဲ့ ကြိမ်ထိုင်ခုံဝိုင်းကလေးပေါ်တွင် မေမေ အမြဲရှိနေသည်ဟု ထင်မှတ်နေဟန်ရှိသည်။ ကျွန်တော်က ဖေဖေ၏ ခံစားချက်ကို မျှဝေခံစားရင်း စိတ်မကောင်းဖြစ်နေပါတော့သည်။

မေမေ မရှိတော့သောကာလတွင် ဖေဖေပို၍ အိုစာသွားခဲ့သည်။ မိသားစုနည်းသော ကျွန်တော်၏ မိသားစုတွင် ယခင်ကတည်းက စကားလည်းနည်း၊ အပေါင်းဖော်နည်းသောဖေဖေ ပို၍အထီးကျန်ဆန်လာသည်။ လမ်းထဲ၊ ရပ်ကွက်ထဲတွင် သက်တူရွယ်တူ အပေါင်းအဖော်မရှိရှာသော ဖေဖေသည် ထန်းလက်ကုလားထိုင်ကလေးပေါ် ငြိမ်သက်စွာထိုင်ရင်း မျက်စိကို စုံမှိတ်ထားတတ်သည်။ ညာဘက် လက်တွင် စိပ်ပုတီးအမြဲကိုင်ထားလေ့ရှိသဖြင့် ဂုဏ်တော်ပင်ပွားနေသလော၊ မေမေ့ကိုသတိရ၍ တွေးတောနေသလော ကျွန်တော်မခန့်မှန်းတတ်ခဲ့ပါ။ မေမေ မရှိတော့သည့် အချိန်တွင် ဖေဖေ၏တောက်တိုမည်ရ ခိုင်းစရာဆို၍ မြေးဖြစ်သူ ကျွန်တော်၏သားလေး စည်းစိမ်စိုးသာ ဖြစ်သည်။ ကျွန်တော့်သားလေး စည်းစိမ်စိုး ထမ်းဆောင်ရသည့် သူ့အဘိုးတာဝန်မှာ ဖေဖေထိုင်ဖို့ ကုလားထိုင်လေးကိုနေပူလျှင် အရိပ်ရှိရာသို့၊ ဆောင်းအခါ ချမ်းအေးလျှင် နေပူရှိရာသို့ ရွှေ့ပေးရသည့် တာဝန်ဖြစ်သည်။ သူ့အဘိုးအတွက် မြေးဖြစ်သူက မညီးမညူ ကြည်ကြည်ဖြူဖြူ ထမ်းဆောင်ပေးလေ့ရှိသည်။ သူ့အဘိုးအတွက် အရေးပါသည့်တာဝန် တစ်ခုကိုလည်း ထမ်းရွက်ပေးရသည်။ မျက်စိအမြင်အာရုံချို့ယွင်းနေသော ဖေဖေ့အတွက် နေ့စဉ်ရောက်လာသော သတင်းစာမှ သတင်းခေါင်းစဉ်များကို တစ်ခု မကျန်ဖတ်ပြရသည်။ စိတ်ဝင်စားသည့်သတင်းပါလာမှ အစုံအလင်ဖတ်ခိုင်းလေ့ရှိသည်။ သတင်းစာဖတ်ပြရန်မရှိပါက သူ့အဘိုး၏ဘေးတွင် ကြိမ်ထိုင်ခုံဝိုင်းကလေးပေါ်ထိုင်လျက် သူ၏ကျောင်းသင်ခန်းစာလုပ်ရင်း အဘိုးဖြစ်သူကို အဖော်ပြုပေးနေသော မြေးလိမ္မာလေးပင် ဖြစ်ပေတော့သည်။ ဖေဖေက မျက်စိမှိတ်လျက် ပုတီးစိပ်တရားမှတ်ရင်း အိပ်ငိုက်တတ်ပြီး ကိုင်ထားသောပုတီး လက်ကလွတ်ကျတတ်သည်။ ထိုအခါမြေးဖြစ်သူက ပုတီးကောက်ပေးပြီး အဘိုးကို ကျီစယ်လေ့ရှိသည်။ မြေးအဘိုးနှစ်ယောက်၏ ကြည်နူးဖွယ်မြင်ကွင်းကို ကြည့်လျက် မေမေသာ ရှိနေခဲ့သေးမည်ဆိုသော အတွေးက ဝင်လာပြန်သည်။ မေမေက ဖေဖေနှင့်အတူယှဉ်လျက် ထန်းလက်ကုလားထိုင်ကလေးပေါ်တွင် အေးချမ်းစွာနေလိုသော်လည်း မနေခဲ့ရရှာ။ ဖေဖေ၏ ဘေးတွင် ကြိမ်ထိုင်ခုံဝိုင်းကလေးဖြင့်ထိုင်ကာ ဖေဖေ့ကို ယပ်ခတ်ပေးနေပုံနှင့် ခြေသည်း၊ လက်သည်းရှည်နေသော ဖေဖေ့ကို ညှပ်ပေးနေသည့်ပုံများ ကျွန်တော့်အာရုံတွင် တရေးရေးပေါ်လာနေပြန်၏။ မေမေထိုင်ခဲ့သော ကြိမ်ထိုင်ခုံဝိုင်းကလေးပေါ်တွင် မြေးဖြစ်သူက အစားထိုးထိုင်ပေးနေသော်လည်း အချိန်ပြည့်မထိုင်ပေးနိုင်ပါ။

(၄)

အချိန်တို့ တရွေ့ရွေ့ကုန်လွန်ခဲ့ရာ မေမေမရှိတော့သည်မှာ သုံးနှစ်ပင်တိုင်ခဲ့ပါပြီ။ နှစ်နှစ်တိုင် ဖေဖေ တောင့်ခံခဲ့သော်လည်း အချိန်ကရပ်မနေပါ။ ဖေဖေ ကျန်းမာရေး ထူးထူးထွေထွေမဖြစ်သော်လည်း အစားအသောက် လျော့သွားပြီး ပိန်လှီလာခဲ့တော့သည်။ ဖေဖေက အိုမင်းခဲ့ပြီဖြစ်သလို သူမြတ်နိုးစွာထိုင်၍ သုံးစွဲနေသော ထန်းလက်ကုလားထိုင်ကလေးကလည်း နေပူလိုက်၊ မိုးရွာလိုက်နှင့် အိုဟောင်း၍ သွားခဲ့လေပြီ။ သူမည်မျှမြတ်နိုးသည်ကို ဖော်ပြရမည်ဆိုလျှင် ထန်းလက်ကုလားထိုင်ကလေး၏ ခြေထောက်လေးများ ယိုင်နဲ့လာခဲ့ပါတော့သည်။ ထိုကဲ့သို့ ယိုင်နဲ့လာသော ခြေထောက်များကို ခိုင်ခံ့ရန် တုပ်နှောင်ပြုပြင်ပါတော့သည်။

"ဖေဖေရာ ဟောင်းနေပါပြီ။ ပစ်လိုက်ပါတော့။ သား အသစ်တစ်လုံး ဝယ်ပေးပါ့မယ်"ဟုဆိုရာ-

"မင်းရဲ့ မေမေဝယ်ပေးခဲ့တဲ့ နောက်ဆုံးပစ္စည်းလေးဖြစ်လို့ မပစ်လိုက်ပါနဲ့"ဟု ပြောရှာပါတော့သည်။ ဖေဖေ သူထိုင်သည့် ထန်းလက်ကုလားထိုင်ကလေး ခြေခိုင်အောင် ပြုပြင်ခဲ့သော်လည်း သူ၏ခြေချောင်းကို ခိုင်ခံ့အောင် သတိမမူခဲ့မိပါလေ။

( ၅ )

မျက်စိအမြင်မှုန်ဝါးလွန်းသော ဖေဖေ တစ်ညတွင် ရေအိမ်သို့ ထပြီးအသွား မြေးဖြစ်သူ စည်းစိမ်စိုး စာကျက်ပြီးမသိမ်းမိသော စာကြည့် စားပွဲအသေးကို တိုက်မိကာ ပြိုလဲသွားပါတော့သည်။ ထိုသို့ ပြိုလဲမှုဒဏ်ကြောင့် ဖေဖေ တင်ပါးဆုံရိုးအက်သွားပါတော့သည်။ ဆေးခန်း၊ ဆေးရုံသွားပြသော်လည်း ဆရာဝန်များက အသက်အရွယ်အရ ခွဲစိတ်ရန်မသင့်တော်ဟုဆိုကာ နေအိမ်အိပ်ရာပေါ်မှာပင် နားနားနေနေထားရန် အကြံပြုသည်။ ဆရာဝန်များမှာသလို ဖေဖေ့ကို အိပ်ရာပေါ်တွင် နှစ်လခန့် နားနေစေခဲ့သည်။ ဖေဖေ ထိုကဲ့သို့လှုပ်ရှားမှုမဲ့နေရခြင်းကို သည်းမခံနိုင်။ အိမ်ရှေ့က အရိပ်ကောင်းကောင်းတွင် သူ့ထန်းလက်ကုလားထိုင်ကလေးဖြင့်သာ ထိုင်နေချင်သည်ဟု တတွတ်တွတ်ပြောနေသဖြင့် သူ့ကုလားထိုင်ကလေးပေါ် စောင်ထူထူခင်းပြီး ထိုင်စေခဲ့သည်။ ကျွန်တော့်ဇနီး မေချိုက မညည်းမညူပြုစု၍ဖေဖေထိုင်လိုသည့်နေရာ ရွှေ့ပေးရသည့် တာဝန်ပါယူခဲ့လေသည်။ တစ်ရက်တွင် ကျွန်တော်အလုပ်ထဲရှိနေစဉ် အိမ်က အရေးတကြီးပြန်ခဲ့ပါဟု ဖုန်းဆက်၍ အိမ်သို့အပြေးပြန်ခဲ့ရသည်။ အိမ်ရှေ့အရောက် လမ်းထဲမှလူအများဝိုင်းအုံနေကြသည်ကို တွေ့ရသည်။

"ဘာဖြစ်တာလဲ။ မေချို ဖေဖေ ဘာဖြစ်တာလဲ အစ်ကို့ကို ပြောပါအုံး"

မေချိုက မျက်ရည်မဆည်နိုင်ဘဲ ပြောရှာသည်။

"မေချိုလဲ ဖေဖေက ကံ့ကော်ပင်ရိပ်မှာ ထိုင်ချင်တယ်ဆိုလို့ သူ့ကုလားထိုင်ကလေးကော ဖေဖေ့ကိုပါ ရွှေ့ပေးပြီး မီးဖိုချောင်ဝင်နေမိတယ်"

"အဲဒါနဲ့ ဖေဖေ ဘာဖြစ်လဲ။ မြန်မြန်ပြောပါ မေချိုရာ"

"သားသားကျောင်းကအပြန် သူ့အဘိုးစိပ်နေကျပုတီးလွတ်ကျနေတာကို ခါတိုင်းလို အိပ်ငိုက်တယ်ထင်ပြီး ပုတီးကောက်ပေးလိုက်တော့ သူ့အဘိုး သူ့ထန်းလက် ကုလားထိုင်ကလေးပေါ်မှာ..."

မေချိုဆက်၍ မပြောနိုင်တော့ပါ။ ကျွန်တော် မျက်လုံးအစုံက မျက်ရည်များ တသွင်သွင်စီးကျလာပါတော့သည်။ အမေဆုံးပြီး သုံးနှစ်ကြာသည့်တိုင် တောင့်ခံထားသော ဖေဖေ၊ သူ့အတွက် မေမေနောက်ဆုံးဝယ်ပေးခဲ့သည့် ထန်းလက်ကုလားထိုင်ကလေး ပေါ်မှာပင် အမေ့ကိုလိုက်ရှာရန်အတွက် ထွက်သွားခဲ့ပါလေတော့သည်။

( ၆ )

ရာသီစက်ဝန်း၏ လည်ပတ်မှုက မြန်သလော၊ နှေးသလောပင် မတွေးအားခဲ့။ ယခုဆိုလျှင် မေမေ ကွယ်လွန်ခဲ့သည်က လေးနှစ်၊ ဖေဖေကွယ်လွန်ခဲ့သည်က တစ်နှစ်ပြည့်ခဲ့လေပြီ။ အလုပ်ကနေ အိမ်ပြန်အရောက် မေမေစိုက်ထားခဲ့သည့် ကံ့ကော်ပင်လေး ခြေရင်းတွင် ကျွန်တော်သေချာထားခဲ့သည့် ထန်းလက်ကုလားထိုင်ကလေး မရှိတော့သဖြင့် စိတ်မကောင်းဖြစ်မိကာ ငေးထိုင်နေမိသည်မှာမည်မျှကြာသွားသည်မသိ။ စာမျက်နှာ ၂၅ သို့ ➤

# ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၄၅၈၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ဝက်လက် ဇူလိုင် ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၄၅၈၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဝက်လက်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝက်လက်မြို့နယ်တွင် နှမ်း ၁၆၀၇၅ ဧက စိုက်ပျိုးရန် လျာထားပြီး မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၄၅၈၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ဝက်လက်မြို့နယ်အတွင်း နှမ်းဧက ၁၆၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၄၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ နှမ်းစိုက်ဧကတိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAP နည်းစနစ်နဲ့ စိုက်ပျိုးဖို့လဲ ဆောင်ရွက်ပေးနေပါတယ်"ဟု ဝက်လက်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

ဝက်လက်မြို့နယ်တွင် နှမ်းစိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များစိုက်ပျိုးနိုင်ရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

GAP နည်းစနစ်ဖြင့် စိုက်ပျိုးသည့် သီးနှံများသည် အခြားနည်းစနစ်ဖြင့်စိုက်ပျိုးသည့် သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်သာမက ပြည်ပဈေးကွက်သို့ပါ တင်ပို့ရောင်းချနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းဆီစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် နှမ်းကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြ၍ သိရသည်။ (၂၀၆)

# မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ငါးရံ့ပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**မော်လမြိုင်ကျွန်း ဇူလိုင် ၂၇**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ငါးရံ့ပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မာမာအေးက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ငါးရံ့အပါအဝင် ဒေသရေထွက်ကုန်ပစ္စည်းများကို တင်ပို့ရောင်းချလျက်ရှိရာ မေလအတွင်း ငါးရံ့ပိဿာချိန် ၇၂၀၀၀ သာတင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လအတွင်း ငါးရံ့ပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

''ပြီးခဲ့တဲ့ဇွန်လထဲမှာ မော်လမြိုင်ကျွန်းမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ငါးရံ့ပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ငါးရံ့တွေ တင်ပို့ရောင်းချအားတက်ခဲ့တာကလဲ ပြည်တွင်းမှာ ဝယ်ယူမှုအားကောင်းနေတာကြောင့် ဖြစ်ပါတယ်။ ဒေသထွက် ငါးရံ့တွေအပါအဝင် ရေထွက်ကုန်ပစ္စည်းတွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိကထား တင်ပို့တာပါ။ အခုလို ရန်ကုန်ဈေးကွက်က ဝယ်ယူတာများနေတော့ ငါးရံ့မွေးမြူရေး လုပ်ငန်းရှင်တွေနဲ့ ရေလုပ်သားတွေ၊ သဘာဝအတိုင်း ငါးရံ့ရှာဖွေဖမ်းဆီးသူတွေ အဆင်ပြေလာပါတယ်''ဟု မော်လမြိုင်ကျွန်းမြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မာမာအေးက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇွန်လအတွင်း တင်ပို့ရောင်းချခဲ့ရသည့် ငါးရံ့အကြီး ၁၀ ပိဿာလျှင် ငွေကျပ် ၂၅၀၀၀၀၊ ငါးရံ့အလတ် ၁၀ ပိဿာလျှင် ငွေကျပ် ၁၆၅၀၀၀၊ ငါးရံ့အသေး ၁၀ ပိဿာလျှင် ငွေကျပ် ၁၄၅၀၀၀ ထိ ဈေးပေါက်နေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

➢ စာမျက်နှာ ၂၄ မှအဆက်

ဇနီးသည် မေချိုက"အစ်ကိုရေ အလုပ်အဝတ်လဲရအောင် အိမ်ထဲဝင်တော့လေ"ဟုပြောမှ သတိဝင်လာကာ မေချို၏ပခုံးကို ဖက်လျက် အိမ်ထဲဝင်ခဲ့သည်။ ကုံကော်ပင်အောက်တွင် ကြိမ်ထိုင်ခုံဝိုင်းကလေးပေါ် စာကျက်နေသော သားလေးစည်းစိမ်စိုးက သူ့စာအုပ်လေးပေါင်ပေါ် တင်လျက် ဖေဖေနှင့် မေမေကို ပြုံး၍ကြည့်နေသည်။ မေချိုက-

"အစ်ကို မေချို့ကို စိတ်ဆိုးနေသလားဟင်"

"ဘာကြောင့်လဲ မေချို"

"အစ်ကို မှတ်မှတ်ရရသိမ်းထားတဲ့၊ ဖေဖေထိုင်ခဲ့တဲ့ ထန်းလက်ကုလားထိုင်ကလေး ပစ်လိုက်တဲ့ကိစ္စအတွက်လေ"

"စိတ်မဆိုးပါဘူး။ စိတ်မကောင်းဖြစ်မိရုံပါ"

"မေချိုကလဲ ဖေဖေဆုံးခဲ့တာက တစ်နှစ်၊ မေမေ ဆုံးခဲ့တာကလေးနှစ်ပြည့်ကို ကောင်းမှုကုသိုလ်လုပ်ဖို့အတွက် ဧည့်သည်တွေလာမှာဖြစ်လို့ အိမ်ရှင်းရင်းနဲ့..."

"ရပါတယ် မေချို စိတ်ထဲမထားပါနဲ့၊ မေချိုအနေနဲ့ အစ်ကို့ရဲ့ ဖေဖေနဲ့ မေမေ့ကို လိုလေသေးမရှိ ပြုစုစောင့်ရှောက်ခဲ့တာ ကျေးဇူးကြီးလှပါတယ်ကွယ်"

"အဲဒါက မေချိုရဲ့ ဖေဖေနဲ့ မေမေက ငယ်ငယ်ရွယ်ရွယ်နဲ့ ကွယ်လွန်ခဲ့ကြတာဖြစ်လို့အဖေစား၊အမေစား ရထားတာလို့သဘောထားခဲ့တာပါ"

"အစ်ကိုနဲ့မေချိုတို့က ကံကောင်းခဲ့ကြပါတယ်။ ဖေဖေနဲ့မေမေက သူတို့အကြောင်းပြုပြီး သားသမီးတွေကုသိုလ်ဖြစ်ဖို့ အသက်ရှည်ရှည်နေသွားပေးခဲ့ကြတာပါ"

"ဟုတ်တယ် အစ်ကို၊ မေချိုလဲ မိဘကို အိုမင်းတဲ့ထိ ပြုစုချင်ပေမဲ့ မိဘတွေစောစော ကွယ်လွန်ကုန်ကြတော့ အဲဒီကုသိုလ်မျိုးမရခဲ့ဘူး။ ဒါနဲ့ အစ်ကို့စိတ်ထဲမှာ ဖေဖေရဲ့ ထန်းလက်ကုလားထိုင်ကလေး ပစ်လိုက်တာ စိတ်မကောင်းဖြစ်နေတာ မေချိုသိပါတယ်။ အစ်ကို့အတွက် အစားပြန်ပေးတဲ့အနေနဲ့ တန်ဖိုးရှိတဲ့ ဒရင်းဘတ်တစ်ခု ဝယ်ပေးပါ့မယ်"

"တန်ဖိုးကြီးသတဲ့လား။ အစ်ကို့အတွက် မလိုပါဘူး မေချိုရယ်"

တန်ဖိုးဟုဆို၍ ငွေကြေးများများပေးရမှ တန်ဖိုးကြီးသတဲ့လား။ ဖေဖေနှင့် မေမေတို့ကတော့ သူတို့မြတ်နိုးခဲ့သော ထန်းလက်ကုလားထိုင်ကလေး၏ တန်ဖိုးကိုပင် မည်မျှသတ်မှတ်သွားခဲ့ပါလိမ့်။ ကျွန်တော် တစ်ဆက်တည်း စိတ်ကူးထားလိုက်သည်။

ကုမ္ပဏီအလုပ်ဖြင့် သည်တစ်ခေါက် ရွှေဘိုဘက် ခရီးထွက်ဖြစ်ခဲ့လျှင် အပြန်တွင် ကျွန်တော်နှင့် မေချိုထိုင်ရန် ဆားတောင်ရွာမှ ထန်းလက်ကုလားထိုင် နှစ်လုံးဝယ်ခဲ့ဦးမည်ဟု စိတ်ကူးထားလိုက်ပါတော့သည်။

## တို့မြန်မာ

\- တို့မြန်မာ ကမ္ဘည်းဖွင့်လှစ်
မျိုးဆက်သစ် ရင်သွေးရေ၊
တို့မြန်မာ ယဉ်ကျေးမှု
ရေးရှုစို့လေ၊
ဘိုးဘွားတို့ ထားခဲ့အမွေ
ထိန်းသိမ်းမသွေ တန်ဖိုးမြှင့်၊
မြန်မာ့ဟန် မြန်မာသွေးဖြင့်
လေးစားဂုဏ်ဆင့်။

\- မြန်မာ့နွယ် ပုံထုဆစ်
မျိုးဆက်သစ် ရင်သွေးရေ၊
နှုတ်ကြမ်းဝင် စရိုက်ဆိုးက
ညှိုးနွမ်းပါပေ၊
သာကီမျိုး သခင်တွေ
မြန်မာ့မြေမှာ တို့မွေးဖွား၊
စိတ်ထားဖြူ ရိုးသားအသိ
တည်ရှိစေသား။

\- ကျက်သရေ အလှစစ်နဲ့
မျိုးဆက်သစ် ရင်သွေးရေ၊
ခေတ်မီတာ အပြစ်မဖြစ်ပေမဲ့
ခေတ်လွန်လျှင် ပျက်စီးတတ်
မှတ်သားပါလေ၊
ကိုယ့်ဓလေ့ ကိုယ့်ဘာသာတွေ
မမေ့အပ်ပေ ထာဝရ၊
မျိုးသာကီ သခင်မျိုးရယ်မို့
ဂုဏ်မညှိုးမှ ဘုန်းရှိန်တင့်တယ်
မြင့်မြတ်စံပြ။ ။

**ရွှေမြိုင်သူ(မြန်မာစာ)**

# ပခုက္ကူမြို့နယ် အထက်စီးတီးအနောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပခုက္ကူ ဇူလိုင် ၂၇**

ပခုက္ကူတိုင်းဒေသကြီး ပခုက္ကူခရိုင် ပခုက္ကူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက အထက်စီးတီးအနောက် ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဇူလိုင် ၂၆ ရက်က အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပခုက္ကူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းမင်းသိမ်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ရန်ပုံငွေများ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့် တာဝန်နှင့်ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ ပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၆၂ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက အထက်စီးတီးအနောက်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၁၉ ဦးကို ငွေကျပ် ၂၇ ဒသမ ၁ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၈၂ ဦးကို ငွေကျပ် ၃၄ ဒသမ ၉ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၃၀၁ ဦးကို ရန်ပုံငွေကျပ် ၆၂ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သုတ**

# လူသားတို့ကျန်းမာရေးအတွက် မရှိမဖြစ်ပိုတက်စီယမ်

**ပေါက်ပေါက်**

ဗီတာမင်ကေ ဓာတုဒြပ်စင်တစ်မျိုးဖြစ်တဲ့ ပိုတက်စီယမ်(Potassium)ဟာ လူသားတို့ ကျန်းမာရေးအတွက် မရှိမဖြစ်အရာပါ။ ပိုတက်စီယမ်က ခန္ဓာကိုယ်ထဲရှိ ဆိုဒီယမ်ပမာဏကို လျှော့ချပေးနိုင်တာကြောင့် ကြွက်သားများတောင့်တင်းတာ၊ သွေးတိုးရောဂါ၊ လေငန်းရောဂါ၊ နှလုံးသွေးကြောပြဿနာနဲ့ နှလုံးတုန်ခြင်းတို့ကို လျော့ပါးသက်သာစေပါတယ်။ အရွယ်ရောက်ပြီး ပုံမှန်ကျန်းမာရေးကောင်းနေသူ လူတစ်ဦးအတွက် တစ်နေ့တာလိုအပ်တဲ့ ပိုတက်စီယမ်ပမာဏဟာ ၄ ဒသမ ၇ မီလီဂရမ်ဖြစ်ကာ၊ ၎င်းပမာဏအတိုင်း စားသုံးနေသော်လည်း လူတော်တော်များများမှာ ပိုတက်စီယမ်ချို့တဲ့နေဆဲဖြစ်ပါတယ်။ အဘယ်ကြောင့်ဆိုသော် ဆိုဒီယမ်ပမာဏ (အငန်ဓာတ်)ပိုမိုစားသုံးမိလေ ခန္ဓာကိုယ်က ပိုတက်စီယမ်ပိုပြီး စွန့်ထုတ်ရလေဖြစ်ပါတယ်။ ချွေးထွက်များသူ အားကစားသမားများအတွက်ကတော့ သာမန်လူများထက်ပိုပြီး ပိုတက်စီယမ်လိုအပ်ပါတယ်။

အကယ်၍ခန္ဓာကိုယ်မှာ ပိုတက်စီယမ်ချို့တဲ့ပါက မောပန်းနွမ်းနယ်ခြင်း၊ အားအင်ကုန်ခန်းခြင်း၊ သွေးကြောများမာလာကာ သွေးပေါင်မြင့်တက်ခြင်း၊ သွေးတိုးခြင်း၊ ကြွက်သားများနာကျင်ခြင်း၊ ကြွက်တက်ခြင်း၊ နှလုံးခုန်နှုန်းမမှန်တော့ဘဲ နှလုံးခုန်နှုန်းရုတ်တရက်မြန်ဆန်လာခြင်း သို့မဟုတ် နှလုံးခုန်နှုန်းနှေးသွားပြီး မူးဝေသတိလစ်ချင်သလိုဖြစ်လာခြင်း၊ အစာချေဖျက်မှုစနစ်နှေးကွေးသွားကာ ဝမ်းချုပ်ခြင်း၊ အာရုံကြောထိခိုက်၍ ထုံကျဉ်ခြင်း စတဲ့ရောဂါဝေဒနာ ခံစားလာရနိုင်ပါတယ်။

**ပိုတက်စီယမ်ကြွယ်ဝတဲ့ အစားအစာများ**

ပိုတက်စီယမ်ကြွယ်ဝတဲ့ အစားအစာဟာ ငှက်ပျောသီးလို့သာ လူအများသိထားကြပါတယ်။ ဒါပေမဲ့ အောက်ဖော်ပြပါ အစားအစာများက ငှက်ပျောသီးထက်ပိုမိုတဲ့ ပိုတက်စီယမ်ပမာဏကို ပေးစွမ်းနိုင်ကြပါတယ်။

အပူပေးချက်ပြုတ်ထားတဲ့ ဟင်းနုနယ်ရွက်ကြော်တစ်ပန်းကန်မှာ ပိုတက်စီယမ် ၈၃၉ မီလီဂရမ်ပါရှိနေပါတယ်။ ဟင်းနုနယ်ရွက်က ကြွက်သားများကြွက်တက်ခြင်းကို လျော့ပါးသက်သာစေတာကြောင့် အားကစားသမားတွေအတွက် ထိပ်တန်းအစားအစာလို့ဆိုနိုင်ပါတယ်။ ဒါ့ပြင် အစိမ်းရင့်ရောင်အရွက်ဖားဖားတွေထဲမှာ ဓာတ်တိုးဆန့်ကျင်ပစ္စည်းတွေ အပြည့်အဝပါရှိနေတာကြောင့်လည်း အမျိုးသမီးများ မျိုးဥအိမ်နှင့် အမျိုးသားများဆီးကျိတ်ကို ကျန်းမာစေကာ ကင်ဆာရောဂါဖြစ်ခြင်းမှ ကာကွယ်ပေးပါတယ်။ ဖော်ပြပါ ဝေဒနာခံစားနေရသူတွေအဖို့ ဟင်းနုနယ်ရွက်ကို ချက်ပြုတ်၍ တစ်နေ့နှစ်ကြိမ်နေ့စဉ်စားသုံးသင့်ပါတယ်။

ပဲအမျိုးမျိုးဟာ ပိုတက်စီယမ်ကြွယ်ဝကြပါတယ်။ ဒါပေမယ့် ပဲလွန်းဖြူလို အဖြူရောင်ပဲစေ့တွေထဲမှာ ပိုတက်စီယမ်ပါဝင်မှုပိုများပါတယ်။ အပူပေးပြီး ချက်ပြုတ်ပြင်ဆင်ထားတဲ့ အဖြူရောင်ပဲတစ်ပန်းကန်ထဲမှာ ပိုတက်စီယမ် ၁၀၀၄ မီလီဂရမ်ပါရှိနေပါတယ်။ ဒါ့ပြင် ပဲအမျိုးမျိုးဟာ ပရိုတင်းဓာတ်ကြွယ်ဝတာကြောင့်လည်း ပရိုတင်းဖြည့်စွက်စာအဖြစ် စားသောက်နိုင်ပါတယ်။ ပဲတွေကို ဘယ်လောက်စားစား သွေးထဲရှိသကြားပမာဏကို လုံးဝ မတက်စေပါဘူး။ ဒါ့ပြင် နှလုံးရောဂါဖြစ်နိုင်ခြေကိုလျှော့ချပေးနိုင်တာကြောင့် ပိုတက်စီယမ်လိုအပ်နေသူများအတွက် နေ့စဉ်သုံးအစားအစာအဖြစ် စားပေးသင့်ပါတယ်။

ဗီတာမင်များသာမက ပိုတက်စီယမ်ကြွယ်ဝတဲ့ အစားအစာကိုပြပါဆိုလျှင် ထောပတ်သီးကိုသာ ရွေးချယ်ရမှာပါ။ အလေးချိန်တူညီတဲ့ ထောပတ်သီးတစ်လုံးနဲ့ ငှက်ပျောသီးတစ်လုံးတို့ကို နှိုင်းယှဉ်ကြည့်တဲ့အခါ ထောပတ်သီးထဲမှာ ပိုတက်စီယမ်ပါဝင်မှု နှစ်ဆပိုများနေပါတယ်။ ထောပတ်သီး နေ့စဉ်ပုံမှန်စားသုံးသူတွေမှာ ခံတွင်းကင်ဆာနဲ့ လေငန်းရောဂါတွေဖြစ်ခြင်းမှ ကာကွယ်ရာရောက်တယ်လို့ ကျန်းမာရေးသုတေသီတွေက



အကြံပြုထားပါတယ်။ လတ်ဆတ်ပြီးမှည့်နေတဲ့ အရွယ်ကြီးကြီး ထောပတ်သီးတစ်လုံးထဲမှာ ပိုတက်စီယမ် ၉၇၅ မီလီဂရမ်ခန့်နှင့် ကယ်လိုရီ ၃၂၂ ခန့် ပါရှိနေကြပါတယ်။

ခရမ်းချဉ်သီးစားသုံးခြင်းဟာ ပိုတက်စီယမ်ရရှိနိုင်တဲ့ အရင်းအမြစ်ပါ။ ဒါတင်မကသေးပါဘူး။ ခရမ်းချဉ်သီးထဲမှာ ဗီတာမင်အေ၊ ဗီတာမင်စီနဲ့ လိုင်စိုပင်နိဓာတ်တွေပါရှိနေတာကြောင့် အဲဒီဓာတ်တွေက ခန္ဓာကိုယ်အတွက် ဓာတ်တိုးဓာတ်ဆန့်ကျင်ပစ္စည်းများအဖြစ် အစွမ်းထက်မြက်စေပါတယ်။ အပူပေးပြီး ချက်ပြုတ်ပြင်ဆင်ထားတဲ့ ခရမ်းချဉ်သီးတစ်ပန်းကန်ထဲမှာ ပိုတက်စီယမ် ၉၀၉ မီလီဂရမ်နဲ့ ကယ်လိုရီ ၇၈ တို့ပါရှိကြပါတယ်။

အာလူးဟာ ခွန်အားပြည့်ဝစေတာကြောင့်လဲ အရွယ်သုံးပါးမရွေး ကျန်းမာရေးအတွက် အထူးသင့်တော်လို့နေပါတယ်။ တကယ်လို့ အရွယ်အစားကြီး အာလူးတစ်လုံးကို မီးကင်စားပါက ပိုတက်စီယမ် ၉၂၅ မီလီဂရမ် ရရှိစေမှာဖြစ်သလို၊ ကန်စွန်းဥကြီးတစ်လုံးကို မီးကင်စားပါက ပိုတက်စီယမ် ၆၉၄ မီလီဂရမ် ရရှိနိုင်ပါတယ်။ ဒါ့ပြင် ကယ်လိုရီပြည့်ဝတဲ့ အာလူးထဲမှာ အမျှင်ဓာတ်တွေ အလုံအလောက်ပါရှိနေပါ တယ်။ ကိုလက်စထရောကျချင်သူများကလဲ အာလူးကိုပြုတ်ပြီး စားသုံးသင့်ပါတယ်။

ပိုတက်စီယမ်ကြွယ်ဝတဲ့ အစားအစာစာရင်းထဲမှာ ငှက်ပျောသီးကို ချန်ထားလို့မရပါဘူး။ ဒါ့ပြင် ငှက်ပျောသီးက နှလုံးနဲ့ ဆံပင်ကျန်းမာရေးတို့အတွက် အဖော်မွန်ကောင်းပါပဲ။ ကျန်းမာလိုသူများအဖို့ ညအိပ်ရာဝင်ခါနီး ဖီးကြမ်းငှက်ပျောသီးမှည့်တစ်လုံးကို စားဖြစ်အောင်စားပေးပါ။

၈ အောင်စပမာဏရှိတဲ့ နွားနို့အကျက် တစ်ခွက်ထဲမှာ ပိုတက်စီယမ် ၃၂၂ မီလီဂရမ်နဲ့ ကယ်လိုရီ ၁၀၀ နီးပါး ပါရှိနေပါတယ်။ ဒါ့ပြင် နွားနို့မှာ ဗီတာမင်နှင့် ကယ်လ်စီယမ်တို့ပါရှိရာ အရင်းအမြစ်ဖြစ်တာကြောင့်လဲ အရွယ်သုံးပါးမရွေး သောက်သုံးသင့်ပါတယ်။

ဒိန်ချဉ်ဆိုတာက နို့ကလုပ်တာဖြစ်လို့ နို့လိုပဲ ပိုတက်စီယမ်ကြွယ်ဝတယ်ဆိုတာ ယုံမှားသံသယဖြစ်ဖွယ်မရှိပါ။ ဒါပေမဲ့ ဒိန်ချဉ်နဲ့နို့ကို နှိုင်းယှဉ်ကြည့်တဲ့အခါမှာ ဒိန်ချဉ်ထဲမှာ ပိုတက်စီယမ်ပါဝင်မှု ပိုများပါတယ်။ လေ့လာဆန်းစစ်ချက်များအရ ဒိန်ချဉ်တစ်ခွက်ထဲမှာ ပိုတက်စီယမ် ၆၂၅ မီလီဂရမ်နှင့် ကယ်လိုရီ ၁၃၇ ပါရှိနေကြောင်း၊ အဆီမပါတဲ့ ဒိန်ချဉ်တစ်ခွက်ထဲမှာ ပိုတက်စီယမ် ၅၇၉ မီလီဂရမ်ပါရှိကြောင်း၊ ဒိန်ချဉ်က အစာကြေညက်လွယ်စေတာကြောင့် ထမင်းစားပြီးတဲ့အခါ ဒိန်ချဉ်သောက်သင့်ကြောင်း၊ အဆီပါတဲ့ဒိန်ချဉ်က အရိုးပါး၊ အရိုးပျော့ရောဂါဖြစ်ခြင်းမှ ကာကွယ်ပေးနိုင်ကြောင်း လေ့လာမှတ်သားရပါတယ်။

ဖန်ခွက်တစ်ခွက်စာပမာဏရှိတဲ့ လတ်လတ်ဆတ်ဆတ်လိမ္မော်သီးဖျော်ရည်ထဲမှာ ပိုတက်စီယမ် ၄၉၅ မီလီဂရမ်နှင့် ကယ်လိုရီ ၁၁၂ ပါရှိနေပါတယ်။ ဒါ့ပြင် လိမ္မော်သီးထဲရှိ ဗီတာမင်စီဓာတ်က အသားအရေကို လွန်စွာကောင်းကျိုးပြုတာကြောင့် လိမ္မော်သီးကို အစာလည်းဆေး ဆေးလည်းအစာအဖြစ် စားသုံးပေးသင့်ပါတယ်။

လက်တစ်ဆုပ်စာပမာဏရှိတဲ့ စပျစ်သီးခြောက်ထဲမှာ ခန္ဓာကိုယ်ကို အားဖြည့်ပေးတဲ့ ပိုတက်စီယမ် ၅၄၄ မီလီဂရမ်၊ ကယ်လိုရီ ၁၄၉ နဲ့ ဗီတာမင်ကေ ၂၅၀ မီလီဂရမ်တို့ ပါရှိနေကြပါတယ်။ ဒါ့ပြင် အမျှင်ဓာတ်နဲ့ ဓာတ်တိုးဆန့်ကျင်ပစ္စည်းများပါရှိနေတာကြောင့် အစာအိမ်နဲ့ အူလမ်းကြောင်းကင်ဆာမဖြစ်အောင် ကူညီပေးနိုင်တဲ့ စပျစ်ခြောက်တွေကို ထမင်းစားပြီးတိုင်း အချိုပွဲအဖြစ် စားသုံးနိုင်ပါတယ်။

ပိုတက်စီယမ် အားနည်းနေသူများအတွက် ဆယ်လ်မွန်ငါးကို စားသင့်ပါတယ်။ ၁၃ အောင်စအလေးချိန်ရှိတဲ့ ဆယ်လ်မွန်ငါးထဲမှာ ပိုတက်စီယမ် ၅၃၄ မီလီဂရမ်နဲ့ ကယ်လိုရီ ၁၅၅ ပါရှိနေပါတယ်။ ဒါပေမဲ့ ငါးကိုကြော်ခြင်း သို့မဟုတ် မီးကင်ခြင်းပြုတဲ့အခါ အာဟာရအာနိသင်တွေကို အပြည့်အဝမရနိုင်တော့ပါဘူး။ ဒါကြောင့် အာဟာရဓာတ်တွေမဆုံးရှုံးစေဖို့အတွက် ဆယ်လ်မွန်ငါးကို ချက်ပြုတ်ပြီးသာ စားသောက်သင့်ပါတယ်။

လူတစ်ယောက်တစ်နေ့တာလိုအပ်လျက်ရှိသော ပိုတက်စီယမ်သတ္တုဓာတ်၏ ၂၈ ရာခိုင်နှုန်းကို အဖြူရောင်မှိုဟင်းတစ်ပန်းကန်မှ ရရှိနိုင်ပါတယ်။ ဒါ့ပြင် မှိုဟင်းတစ်ပန်းကန်စာပမာဏထဲမှာ ကယ်လိုရီ ၂၈ ပါရှိနေပါတယ်။ အာဟာရဓာတ်မပျောက်စေဖို့အတွက် မှိုကို ခပ်ပျော့ပျော့ကြော်ချက်၍ စားပေးသင့်ပါတယ်။

၁၀၀ ဂရမ်အလေးချိန်ရှိတဲ့ ပင်လယ်စာခုံးကောင်လေးတွေထဲမှ ပိုတက်စီယမ် ၆၂၈ မီလီဂရမ်နဲ့ ကယ်လိုရီ ၁၄၈ ကို ရရှိနိုင်တာကြောင့် ပိုတက်စီယမ်ချို့တဲ့နေသူများအတွက် လွန်စွာကောင်းကျိုးပြုပါတယ်။ ဒါ့ပြင် ခုံးကောင်တွေမှာ အိုမီဂါ-၃ ဖက်တီးအက်ဆစ် ကြွယ်ဝစွာပါရှိတာကြောင့် နှလုံးကိုကျန်းမာစေပါတယ်။ ဗီတာမင်အေလဲ အလုံအလောက်ပါရှိနေတာမို့ အသားအရေကို ဝင်းပစေကာ အမြင်အာရုံကိုကြည်လင်စေပါတယ်။ ခုံးကောင်အသားကို အလေးချိန်တူညီတဲ့ အနီရောင်အသားနဲ့ နှိုင်းယှဉ်ကြည့်ပါက ခုံးကောင်ထဲမှာ အသားပါရှိတဲ့ ပရိုတင်းက ပို၍များပြားနေတာကို တွေ့ရမယ့်အပြင်၊ ကယ်လိုရီပါဝင်မှု လွန်စွာနည်းပါးတာကြောင့်လဲ သက်ရှည်ကျန်းမာစေဖို့ ခုံးကောင်ကို မကြာခဏဆိုသလို စားပေးသင့်ပါတယ်။

ကျန်းမာရေးအတွက် ဘက်ပေါင်းစုံကောင်းကျိုးပြုတဲ့ သဘော်သီးတွေဟာ ဆေးသိပ္ပံနည်းအရရော၊ မြန်မာ့ရိုးရာဆေးမြီးတိုကုထုံးများအတွက်ပါ အသုံးတည့်လှပါတယ်။ အထူးသဖြင့် ရောင်ရမ်းနာအမျိုးမျိုးနှင့် ဝမ်းချုပ်ခြင်းကို ပြေလျော့စေတာကြောင့်လည်း နံနက်စာစားပြီးတိုင်း (မွန်းမလွဲခင်) သဘော်သီးမှည့်ကို စားသင့်ပါတယ်။ လတ်ဆတ်တဲ့အနေတော်အရွယ် သဘော်သီးမှည့်တစ်လုံးထဲမှာ ပိုတက်စီယမ် ၇၁၈ မီလီဂရမ်နဲ့ ကယ်လိုရီ ၁၁၉ တို့ ရရှိနိုင်မှာဖြစ်ပါတယ်။

ချိုဆိမ့်ဆိမ့်အရသာရှိတဲ့ Pistachios ခေါ် အစေ့အဆန်မျိုးနွယ်ဝင် အစိမ်းရောင်ပဲကို လက်တစ်ဆုပ်စာပမာဏစားပေးခြင်းဖြင့် ပိုတက်စီယမ် ၈ ရာခိုင်နှုန်းကို ရရှိနိုင်မှာဖြစ်ပါတယ်။ အဲဒီပဲမှာ ဗီတာမင်ဘီ-၆ မြင့်မားစွာပါရှိနေတာကြောင့် ဦးနှောက်နှင့်အာရုံကြောများကို ကောင်းကျိုးပြုပေးနိုင်ပါတယ်။ ဒါ့ပြင် ဗီတာမင်အီးပါဝင်နေလို့ အသားအရေကိုကောင်းကျိုးပြုပါတယ်။ Pistachios ဟာ နိုင်ငံခြားမျိုးဖြစ်တာကြောင့် ကုန်တိုက်ကြီးတွေမှာ သရေစာ အရောင်းကောင်တာတွေမှာ နိုင်ငံခြားဖြစ် ချိုစိမ့်စိမ့်အရသာရှိတဲ့ Pistachios ပဲကိုအထုပ်၊ ဘူးလေးများဖြင့် ရောင်းချလျက်ရှိပါတယ်။

အထက်ဖော်ပြပါ အစားအစာများက လူသားတို့ကျန်းမာရေးအတွက် လိုအပ်တဲ့ ပိုတက်စီယမ်ကို ရရှိနိုင်တဲ့အတွက် စားသုံးသင့်ကြောင်း လေ့လာရေးသားလိုက်ရပါတယ်။

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

သတင်းထုတ်ပြန်ချက်

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ရက် နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့ အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့်ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကိုဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

သတင်းထုတ်ပြန်ရေးအဖွဲ့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၁၇၉၅၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**စစ်ကိုင်း ဇူလိုင် ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၁၇၉၅၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၁၉၇၈၉ ဧက စိုက်ပျိုးရန်လျာထားပြီး မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၇၉၅၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ စစ်ကိုင်းမြို့နယ်အတွင်း ပဲစင်းငုံ ဧက ၁၉၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၇၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ဆက်လက်ပြီးလဲ စိုက်ပျိုးနေပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ပဲစင်းငုံစိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းမွန်ဖို့လဲ ဆောင်ရွက်ပေးပါတယ်။ ပဲစင်းငုံကို သီးသန့်စိုက်ပျိုးကြသလို သီးထပ် သီးညှပ်အနေနဲ့လဲ စိုက်ပျိုးကြပါတယ်"ဟု စစ်ကိုင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြသည်။

စစ်ကိုင်းမြို့နယ်တွင် ပဲစင်းငုံစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေး၊ အထွက်နှုန်းကောင်းမွန်ရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပဲစင်းငုံကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲစင်းငုံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း စစ်ကိုင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြ၍ သိရသည်။

(၂၀၆)

## ပုသိမ်မြို့နယ် ချောင်းဝကျေးရွာ၌ ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းနေမှု စစ်ဆေး

**ပုသိမ် ဇူလိုင် ၂၇**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေဖြင့် မကျီးကုန်းကျေးရွာအုပ်စု ချောင်းဝကျေးရွာ၌ ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ဇူလိုင် ၂၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပုသိမ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သီသီအောင်နှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းကော်မတီဝင်များနှင့်အတူ ချောင်းဝကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံကာ လုပ်ငန်းများသတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ချောင်းဝကျေးရွာ၌ ကျေးရွာတွင်းလမ်း အရှည် ၅၂၅ ပေ၊ အကျယ် ရှစ်ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းရန်ပုံငွေကျပ် သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် သိန်း ၃၀ အသုံးပြုကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ယခုနှစ် ဇူလိုင်လ ဒုတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၅၀ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**မောင်ခိုင်**

# စစ်တက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက်(၂၀)နှစ်ထက်မကြီးရ။

( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

( ဂ ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

( င ) **၂၀၂၄ ခုနှစ်နှင့် ၂၀၂၅ ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆို အောင်မြင်သူ ဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၅ ခုနှစ်၊ ဇူလိုင်လ(၂၈) ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ(၅)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

( ခ ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ(၂၁)ရက်နေ့**တွင် မိမိတို့ လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များကို တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသော လျှောက်လွှာများနှင့် အချိန်မီမရောက် ရှိသောလျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့် ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက်(၂၀)နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) **၂၀၂၄ ခုနှစ်နှင့် ၂၀၂၅ ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ (သို့မဟုတ်) ဝိပ္ပံဘာသာတွဲ**ဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၅ ခုနှစ်၊ ဇူလိုင်လ(၂၈) ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ(၅)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ(၂၀)ရက်နေ့**တွင် မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များကို တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသော လျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသောလျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်ဆေးတက္ကသိုလ်(အမျိုးသား / အမျိုးသမီး)ဗိုလ်လောင်းများ ခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက်(၂၀)နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို/အပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။

(ဃ) အမြင်အာရုံကြီးမားစွာချို့ယွင်းသူမဖြစ်စေရ။(မျက်မှန်တပ်ဆင်သူများလည်း လျှောက်ထားနိုင်သည်။)

(င) **၂၀၂၄ ခုနှစ်နှင့် ၂၀၂၅ ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံ** ဘာသာတွဲဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၅ ခုနှစ်၊ ဇူလိုင်လ(၂၈) ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ(၅)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) ဇီဝဗေဒ နှင့် ဓာတုဗေဒ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ(၁၉)ရက်နေ့**တွင် မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များကို တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသော လျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသောလျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့် ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**




## ကန့်ကွက်ရန်ကြော်ငြာစာ

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၆)၊ အကွက်အမှတ် ကွက်ပြင်(၂)ရှိ (အရှေ့လားသော် ဦးပိုင်အမှတ် ၅၁ ခ၊ အနောက်လားသော် ၅၁ စ၊ တောင်လားသော် အစိုးရမြေ၊ မြောက်လားသော် အစိုးရလမ်း) ဦးထွန်းရင်အမည်ပေါက် အငှားစာချုပ် မြို့မြေ၊ ဦးပိုင်အမှတ် ၅၁ ဃ၊ မြေဧရိယာ ၀.၀၆၂ ဧကထဲမှ(မြေပုံတွင် ခဲစဉ်းပြထားသော)မြေ ၀.၀၂၈ ဧက (၄၀ x ၃၀ ပေ)မြေနှင့် ယင်းမြေပေါ်တွင်ဆောက်လုပ်ထားသော အုတ်ခံနှစ်ထပ်အဆောက်အဦးသည် ဦးဆယ်တင်(၅/ငဇန(နိုင်)၁၄၀၀၄၇)ကပိုင်ဆိုင်ပြီး လက်ရှိနေထိုင်လျက်ရှိသည်ဟုသိရှိရပါသည်။ ယင်းမြေနှင့် အဆောက်အဦးကို ဦးဆယ်တင်ထံမှ ကျွန်မကဝယ်ယူရန် သဘောတူညီထားပြီး ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သော စရံငွေကိုလည်း ပေးချေပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ တစ်စုံတစ်ရာကန့်ကွက်လိုပါက သတင်းစာတွင် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လုံလောက်သော စာချုပ်များ၊ စာရွက်စာတမ်းအထောက်အထားများဖြင့် ကျွန်မထံ ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်ချက်မရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်ခင်ပြုံးဆင့်(၉/မရမ(နိုင်)၀၂၀၁၆၃)
အမှတ်(၃၉-ဆ/၁၀) ရပ်ကွက်၊ ၇၁(A) လမ်း၊ ၁၀၉ x ၁၁၀ ကြား၊
မြို့သစ် ၂၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။

## အမည်မှန်

မြစ်ငယ်မြို့၊ အထက၊ Grade-8 တွင် ပညာသင်ကြားနေသော (ဘ) ဦးမိုးသက်၏သား မောင်မျိုးမင်းသန့်၏အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ မောင်မျိုးမင်းသန့်ဖြစ်ပါကြောင်း။

မောင်မျိုးမင်းသန့်

## အမည်ပြောင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အထက (၃၃)၊ Grade-5 တွင် ပညာသင်ကြားနေသော (ဘ) ဦးရဲနိုင်လင်း၏သား မောင်လင်းပြည့်အောင်အား မောင်ဘုန်းလရောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မောင်ဘုန်းလရောင်

## ပျောက်ဆုံးကြောင်း

ပုသိမ်မြို့၊ ထန်းကန့်လန့်အုပ်စု၊ အစုကြီးကျေးရွာနေ မနော်ရိုစ့်ဘဲလ် (ဘ) ဦးစောသန်းစိန်(၁၄/ပသန(နိုင်)၂၅၇၁၁၀)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၄၄၅၅၆၅၁၈

## သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့ လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက် ကိုစိုး။




လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘော တူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

---

❖ **တိုင်းရင်းသားလက်နက်ကိုင်များအနေဖြင့် မိမိတို့၏ ဆန္ဒနှင့် မိမိအဖွဲ့အစည်းအကျိုးစီးပွားထက် ဖြစ်သင့်ဖြစ်ထိုက်သည့် ပြည်ထောင်စုနှင့် တိုင်းရင်းသားပြည်သူအားလုံး၏ အကျိုးစီးပွားကို စိတ်ရင်းစေတနာမှန်ဖြင့် ရှုမြင်သုံးသပ်ကာ ပြည်ထောင်စုငြိမ်းချမ်းရေးကို ရှေးရှုတွေးမြင်လုပ်ဆောင်ကြရန် လိုအပ်ပါသည်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၇ ရက်တွင် ကျရောက်သော "၇၈ နှစ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ"မှ ကောက်နုတ်ချက်)

---

## ဆင်ကူးကျွန်းဒီရေတော ကြိုးပြင်ကာကွယ်တော သတ်မှတ်



နေပြည်တော် ဇူလိုင် ၂၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်တွင် ပြဋ္ဌာန်းထားသည့် သစ်တောဥပဒေပုဒ်မ ၆ ပုဒ်မခွဲ(င)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ကျွန်းစုမြို့နယ်အတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း ၉၆၀၄ ဧကရှိသော နယ်မြေကို **"ဆင်ကူးကျွန်းဒီရေတောကြိုးပြင်ကာကွယ်တော"**အဖြစ် အမိန့်ကြော်ငြာစာအမှတ်(၇၃/၂၀၂၅)အရ ၁၃၈၇ ခုနှစ် ဝါဆိုလပြည့်ကျော် ၁၃ ရက် ၂၀၂၅ ခုနှစ် ဇူလိုင် ၂၂ ရက်မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။ စာမျက်နှာ ၁၉ ကော်လံ ၁ ❑

---

## KNLA နှင့် PDF အမည်ခံအကြမ်းဖက်သမားများက လပတ်ကျေးရွာရှိ အပြစ်မဲ့ပြည်သူများကို ဆင်ခြင်တုံတရားမဲ့စွာဖြင့် ယုတ်မာရက်စက်လူမဆန်စွာ လက်နက်ငယ်များ၊ တုတ်၊ ဓားများဖြင့် အကြောင်းမဲ့ပစ်ခတ်ခုတ်ဖြတ်ခဲ့မှုကြောင့် လူမမည်ကလေးငယ်များနှင့် သက်ကြီးဘိုးဘွားများအပါအဝင် အပြစ်မဲ့ပြည်သူ ၁၃ ဦး သေဆုံးခဲ့ပြီး ၁၅ ဦး ထိခိုက်ဒဏ်ရာရရှိ

နေပြည်တော် ဇူလိုင် ၂၇

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် ကျောက်ကြီးမြို့၏ အနောက်ဘက် မီတာ ၄၀၀၀ ခန့်အကွာ လပတ်ကျေးရွာရှိ အပြစ်မဲ့ပြည်သူများကို KNLA နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ငယ်များ၊ တုတ်၊ ဓားများဖြင့် အကြောင်းမဲ့ပစ်ခတ်ခုတ်ဖြတ်ခဲ့မှုကြောင့် လူမမည်ကလေးငယ်များနှင့် သက်ကြီးဘိုးဘွားများအပါအဝင် အပြစ်မဲ့ပြည်သူ ၁၃ ဦး သေဆုံးခဲ့ပြီး ၁၅ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်ဖြစ်ပွားမှုကို သိလျှင်သိချင်း တပ်မတော်စစ်ကြောင်းများက လိုအပ်သည့်နယ်မြေလုံခြုံရေးလုပ်ငန်းများဆောင်ရွက်ပြီး အဆိုပါကျေးရွာသို့ သွားရောက်၍ စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ KNLA နှင့် PDF အမည်ခံ အကြမ်းဖက်သမားများသည် ဇူလိုင် ၂၅ ရက် နံနက် ၁ နာရီခန့်တွင် ကျေးရွာ၏ အနောက်မြောက်ဘက်နှင့် စာမျက်နှာ ၂၂ ကော်လံ ၁ ☆



KNLA နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ယုတ်မာရက်စက်လူမဆန်စွာ ပစ်ခတ်သတ်ဖြတ်ခဲ့မှုကြောင့် ထိခိုက်ဒဏ်ရာရရှိသူများကို နယ်မြေခံတပ်မှ တာဝန်ရှိသူများက တွေ့ဆုံအားပေးပြီး စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

---

**နောင်ချိုမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းနှင့် အခြေခံပညာအလယ်တန်းကျောင်းခွဲ(လောက်ဖန်း)တို့၌ ကျောင်းအပ်စတင်လက်ခံ**

**နောင်ချိုမြို့ ယာယီဆေးရုံ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်** စာမျက်နှာ- ၁၉

SIN MINN

ဆင်မင်းဘိလပ်မြေစက်ရုံအုပ်စု
SINMINN CEMENT FACTORY GROUP

အရည်အသွေးမှာထိပ်ဆင်မင်းတံဆိပ်ဘိလပ်မြေ

ISO 9001 : 2015
CERTIFICATE NO.TH011875

ဆက်သွယ်ရန် - ဖုန်း ၀၉ ၆၆၅၅၀၅၄၄၃၊ ၀၉ ၆၆၇၅၄၄၄၀၉၊ ၀၉ ၆၆၁၃၆၆၁၄၀
E-Mail : scfg.kyaukse@gmail.com

